www.burmeseclassic.com

အကြည်တော်

# မြေပေါ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၄၅၀၃၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၃၇၀၄၀၈ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com





“ သံသရာကို မခင်တွယ်ပါဘူး” ဟုဆို၍ မြေးလေးနဖူးနမ်းသူ ရှိနေသေးသရွေ့ ဟာသစာပေများ တိမ်ကောလိမ့်မည်မဟုတ်။

လူတစ်ယောက် သွားရိုးသွားစဉ် အတိုင်းသွားလျှင် မည်သို့မှုမဖြစ်။ လူအထင်ကြီးစေချင်၍ အရပ်ထောက်၍ မြောက်ကြွမြောက်ကြွသွားလျှင် ဖောက်ပြန်ပြီဟု ဆိုရပေတော့မည်။

သို့သော် မြောက်ကြွမြောက်ကြွသွားခြင်းကို ဒေါမနဿပွားမိလျှင်မူ ရယ်စရာဖြစ်လိမ့်မည်မဟုတ်။ ထိုသို့သွားခြင်းကို အကောင်းမြင်ဝါဒနှင့်ကြည့်၍ ရယ်ရွှင်မိပါက ထိုအရာသည် ဟာသဖြစ်လာပေမည်။

မြန်မာတို့၏ ဟာသဆိုရိုးစကားတွင်မူ. . .



www.burmeseclassic.com

www.burmeseclassic.com



'သူကိုယ်ပြုချက် ဖောက်ပြန်တွက်လျှင် အလွန်ရှင်လှ ရယ်သွမ်းတော့ ယူလေဟာသ' ဟူ၍ ဖော်ပြထားခဲ့သည်။

ဟာသကိုဖော်ပြရာ၌ အရာရာဖောက်ပြန်မှုတို့အား အတွေးအခေါ် အယူအဆ ဝေါဟာရတို့ဖြင့် အဓိပ္ပါယ်ပေါက်အောင် အမြင်တစ်မျိုးနှင့် ဖော်ပြခြင်း မျိုးသာဖြစ်သည်။

သံချပ်၊ ဒိုးချင်း၊ ဆိုင်းဆင့်၊ ပတ်တိုက်၊ လေပြေထိုး၊ ရကန်သွား စသည့် ခြောက်မျိုးသည် မြန်မာတို့၏ယဒယနှလုံးရွှင်ပြုံးရာမှ ပေါ်ထွက်လာသော အခြေခံ ရိုးရာဟာသစစ်စစ်များ ဖြစ်သည်။

ဟာသသည် မှားသည်များကိုပြင်ရန်၊ မှန်နေသူများကို ပျော်ရွှင်စေရန် ပြုလုပ်ရသော ပညာရပ်တစ်ခုသာဖြစ်သည့်အတွက် မသင့်လျော်သော အစိတ် အပိုင်း တစ်ခုမှ တပ်ဆင်ထားခြင်း မရှိပါ။ အများသိသောသံချပ်ထိုးခြင်းပင်လျှင် မှားယွင်းနေသော လောကသဘောကို ပြုပြင်နိုင်ရန် ဆိုင်းသံပေးပြီး သာယာနာ ပျော်ဖွယ်အသံဖြင့် အပြုသဘော ဟာစ်ကြွေးခြင်းသာမဟုတ်လား။

လူတစ်ယောက်ကို နားခံသာအောင် ရှင်ပျစွာပြောဆိုခြင်းနှင့် နားခံ သာလောက်သည်အထိ ပြောဆိုခြင်းနှစ်မျိုး၌ ဘယ်အရာကို ရွေးချယ်ချင်ကြ သနည်း။

လူတစ်ယောက်၏လျှာသည် ထိုသူ၏အောင်မြင်မှု၊ ကျရှုံးမှုများကို အဓိက တာဝန်ယူထားသော အစိတ်အပိုင်းထဲမှာပါဝင်သည်။

ထိုလျှာကပင် မှားသောစကားကိုဆိုနိုင်၍ ထိုလျှာကပင် အဆိပ်ကို အရသာမသိဘဲ မျိုချကောင်း မျိုချပေလိမ့်မည်။ သို့သော် ကောင်းသောစကား ကိုဆိုသူ၊ လှပသောတေးသံကျူးရင့်သူသည်လည်း ထိုလျှာပင်ဖြစ်ပေလိမ့်မည်။

ဟာသပညာသည် သင့်အားကောင်းသောစကားကို ဆိုစေပါသည်။ ရုန့်ရင်းကြမ်းတမ်းသော အပြုအမူများကို ဖယ်ရှားပေး၍ နိမ့်ကျနေသော သင်၏ စိတ်ဓာတ်များကို မြင့်တင်ပေးပါသည်။ ထို့ကြောင့် ဟာသပညာကို ရှေးဆရာ ကြီးများက အဌာရသတစ်ဆယ့်ရှစ်ရပ်ထဲတွင် တခမ်းတနား ထည့်သွင်းဖော်ပြ သင်ကြားခဲ့ကြသည်။

ကျွန်ုပ်တော်စဉ်းစားကြည့်ပါသည်။

ရှေးဆရာကြီးများ သင်ကြားပေးခဲ့ကြသော အဌာရသဆယ့်ရှစ်ရပ်မှ ဟာသပညာကို မည်သည့်သင်ရိုးနှင့် သင်ကြားပေးခဲ့သနည်း။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဆရာကြီးများက အနုပညာထဲတွင် စာပေပညာသည် သင်ကြားပေးရအခက်ဆုံးပညာအဖြစ် သတ်မှတ်ခဲ့ကြပြန်ပါသည်။

ကျွန်တော်ကိုယ်တိုင်လဲ ဟာသနှင့်ပတ်သက်သည်များကို လိုက်လံဖတ်ရှု စုဆောင်းခဲ့ပါသည်။ သို့သော် ဟာသပညာနှင့် ဆိုင်သောသင်ရိုး တစ်စွန်းတစ်စမှပင် မတွေ့ခဲ့ရဖူးပါ။

ထို့ကြောင့် ကျွန်တော်လက်ရှိဖြစ်ပေါ်နေသောချဉ်ခြင်းသည် ရှေးဆရာအဆက်ဆက်က အဌာရသဆယ့်ရှစ်ရပ်တွင် သင်ကြားပေးခဲ့သောဟာသပညာသင်ရိုးစာအုပ်သာ။

ငယ်စဉ်က ကျွန်တော့်အစ်ကိုကြီး ကဗျာတစ်ပုဒ် ဖတ်ပြသည်ကိုကြားခဲ့ရဖူးပါသည်။ ကဗျာဆရာကတော့ မည်သူဖြစ်ကြောင်း မသိတော့ပါ။ အစ်ကိုကိုမေးတော့လဲ သူလည်းမမှတ်မိတော့ပါ။ ထို့ကြောင့် ကဗျာဆရာအမည်မဖော်ပြပေးနိုင်ခြင်းအတွက် ခွင့်လွှတ်ပေးကြပါကုန်။ ကဗျာလေး တတော့ရှိပါသည်။

ပထမအရွယ် မောင်ဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။
ဒုတိယအရွယ် ကိုဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။
တတိယအရွယ် ဦးဖိုးထယ်၊ လယ်ကိုထွန်ယက်နေပါသည်။
ဒါလေးပဲဖြစ်၏။
ထိုနည်းလည်းကောင်းပင်

ကျွန်တော်တို့သည်လည်း ဟာသစာပေကိုဖက်တွယ်မိကြပြီ။ ပတ်သက်ခဲ့မိသည့်အလျောက် ဟာသစာပေပေါ် အတန်အသင့်တော့ တာဝန်ကျေခဲ့ချင်သည်။ ထို့ကြောင့် ဒအောက်ပါခေါင်းစဉ်အား ချရေးဖြစ်ခဲ့တော့သည်။

✖✖✖✖✖

www.burmeseclassic.com





## မြစ်ပြင်ပေါ် ထင်ကျန်နေသော ခြေရာမြေရာများ

ဒီခေါင်းစဉ်လေးဟာ ကျွန်တော့်ရဲ့ပင်ကိုယ် ခေါင်းစဉ်မဟုတ်ပါဘူး ကျွန်တော့်ရဲ့သူငယ်ချင်း (စောစောစီးစီး သေပစ်လိုက်ပြီ ဖြစ်သော)ညီငယ်စာရေးဆရာ သျှင်ထွေးဟန်ရဲ့ ဝတ္ထုတို ခေါင်းစဉ်ကလေးတစ်ခုပါ။ သူ့ကို သတိရတာက တစ်ကြောင်း၊ နောက်ပြီးကိုယ်ရေးမယ့် အကြောင်းအရာနဲ့ ဒီခေါင်းစဉ်လေး လိုက်ဖက်နေတာကတစ်ကြောင်းတို့ကြောင့် သူ့ခေါင်းစဉ်လေးကိုပဲ ပြန်သုံးဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုဆက်ပြီးရေးသားသွားမယ့် အကြောင်းအရာတွေကတော့ ကျွန်တော်သိတဲ့စာပေရေးသားခြင်းအတတ်ပညာ အကြောင်းတွေပါပဲ။

"အောင်မာ . . . မင်းက ဘာကောင်မို့ ဘာတတ်လို့ ဒီစာမျိုးရေးရတာလဲ" ပြောရင်လည်းခံရမှာပါ။ ဒီစာစုဟာ အခုစာပေရေးသားနေကြတဲ့ပညာရှင်တွေအတွက် မရည်ရွယ်ပါဘူး။ စာစရေးမယ့်စာရေးဝါသနာပါသူများ၊ ဘယ်လိုစရေးရမှန်းမသိသူများအတွက် အထောက်အကူအနည်းငယ်ဖြစ်စေရန်သာရည်ရွယ်တာပါ။ ဒါကြောင့်လွယ်လွယ်ကူကူရှင်းရှင်းလင်းလင်းနဲ့ နားလည်လွယ်အောင် ကျွန်တော်ရေးခဲ့တဲ့စာများထဲကတချို့ကိုပြန်လည်ကောက်နုတ်ရင်း အချို့ကိုလည်း အသစ်ဖန်တီးရင်းလက်လှမ်းမီသမျှ တင်ပြပါ့မယ်။ ဒါတွေအားလုံးဟာ စာပေမြစ်ပြင်မှာထင်ကျန်နေမယ့် (ကျွန်တော့်) ခြေရာတွေပဲ ဖြစ်ပါတယ်။

အဲ. . . တစ်ခုတော့ရှိပါတယ်။ ရယ်ချင်ရုံသက်သက်နဲ့ဖတ်တယ်ဆိုရင်တော့ ဒီစာအုပ်ကို ဒီနေရာမှာပဲ ပိတ်ပြီးထားခဲ့ပါတော့။ ရယ်ရတယ်ဆိုတာထက်ကို ရယ်စရာဖြစ်စေတဲ့ အခြေခံအကြောင်းတရားတွေ သိချင်သူတွေအတွက် ပိုပြီးရည်ရွယ်လို့ပါ။

*****



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် စာစရေးတော့မယ်လို့ ဆုံးဖြတ်ပြီးကတည်းက တစ်နှစ်တိတိ စာကြည့်တိုက်ထဲဝင်ပြီး စာဖတ်ခြင်းအလုပ်ကိုပဲ စွဲစွဲမြဲမြဲလုပ်ခဲ့ပါတယ်။ အဲဒီမှာ သိလာတဲ့အသိတွေနဲ့ ဝတ္ထုတစ်ပုဒ်ကို ဆွဲဆောင်မှုရှိအောင် ဘယ်လိုဖွင့်မလဲ။

ကျွန်တော် စဉ်းစားပါတယ်။ ရေးမှာကဟာသ။ ဟာသကိုမှ ဘယ်လိုဆွဲဆောင်မှုရှိအောင် တင်ပြမလဲ။ ဒါဟာ တကယ့်ပြဿနာပါ။

တချို့လည်း ရှိပါတယ်။ ရေးထားတဲ့ဝတ္ထုကောင်းပါရဲ့နဲ့ အစပိုင်းမှာ ညွှ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုမရှိလို့ ပရိသတ်ဆက်မဖတ်ဖြစ် တာမျိုး။ ကျွန်တော်ကျတော့ ဒီလို အဖြစ်ခံလို့မရဘူး။ ကိုယ်တိုင်ကလူသစ်။ နာမည်က 'ကကျိုးကကြောင်'။ ပရိသတ် မဖတ်မိရင် ဘယ်လိုလုပ်မလဲ။ ဒါနဲ့ ကျွန်တော်စဉ်းစားတယ်။

'စောကြည်ဖြူသည် လွန်စွာအူကြောင်ကြောင်နိုင်သည့် လူမျိုး ဖြစ်သည်'

ဒါ အခုခေတ်အထိ အဖန်တစ်ရာတေသုံးနေကြတဲ့ ဟာသ ဝတ္ထုတွေရဲ့ အဖွင့်ဖြစ်ပါတယ်။ ရှေးခေတ်ကလည်းသုံးတယ်။ အခုခေတ် လူငယ်လေး တွေလည်း ဟာသဝတ္ထုရေးတော့မယ်ဆို ဒီလိုပဲရေးကြတယ်။ ကျွန်တော်က အဲဒီလိုအဖွင့်မျိုးမကြိုက်ဘူး။ (ဒါ ကျွန်တော့အမြင်ပြော တာနော်)။

နောက်တစ်ခု ရှိသေးတယ်။

'ဦးဘမောင် ပြောလိုက်သည့်စကားကြောင့် အားလုံးပွဲကျသွား တော့၏။ ဦးဘမောင်ပြောလိုက်သည်မှာကား'

ဒါ ဝတ္ထုအပိတ်။ ဒါလည်း ကျွန်တော်မကြိုက်ဘူး။

ဒါနဲ့ဝတ္ထုအဖွင့်ကောင်းတဲ့ ဆရာတွေရဲ့ ဝတ္ထုအဖွင့်စကားလုံး တွေကို ပြန်စဉ်းစားတယ်။ (ကန်တော့နော်။ ကျွန်တော်ကဝတ္ထုတစ်ပုဒ်ရဲ့ အဖွင့်အကြောင်း ပြောချင်လို့ 'အဖွင့်ကောင်း'လို့သုံးလိုက်တာပါ။)

နောက်ဆုံးမှ ဆရာကြီးဒဂုန်တာရာရဲ့ 'မေ'ဝတ္ထုအဖွင့်ကို သွား သတိရပါတယ်။ ဆရာကြီးရဲ့ ဝတ္ထုအဖွင့်စာကြောင်းလေး အရမ်း လှပါတယ်။

'လေနုအေးက နော့ဆဲကို'

အဲဒီ့အတိုင်းပဲ ကျွန်တော့်ရဲ့ ကဝေပျို့ဝတ္ထုနိဒါန်းကို ဖွင့်လိုက် ပါတယ်။

'လေပြည်နှင့် ခေတ်ပြိုင်ပေါ်ထွက်လာသော 'အို'ဟူသော အာမေဋိတ် သံနုနု'

ဟာသဝတ္ထုအနေနဲ့ဆို ဘယ်သူမှ မဖွင့်ချင်ကြတဲ့ နိဒါန်းစာ ကြောင်းပါ။ ဒါပေမယ့် အဲဒီစာကြောင်းလေးကြောင့်ပဲ ပရိသတ်က ဝတ္ထုကို ဆက်ဖတ်ဖြစ်သွားတယ်လေ။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက 'လေပြည်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အပြိုင်လို့လည်း သုံးလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က လေပြည်နှင့် ခေတ်ပြိုင်ဆိုတဲ့ စကားလုံးကို သုံးဖြစ်ပါတယ်။ စကားလုံး ပိုကြွယ်ပြီး အဓိပ္ပာယ်သက်ရောက်မှုပိုရှိအောင် သုံးလိုက်တာပါ။ ဆိုလိုတာက ကျွန်တော်တို့ အခုသက်ပြင်းလေးချလိုက်ရင်တောင် လေပြည်နဲ့ခေတ်ပြိုင်ပဲ မဟုတ်ပါလား။

နောက် . . . ကျွန်တော် ဒီဝတ္ထုကို စရေးပြီဆိုတာနဲ့ ဟာသတို့ ဘယ်လိုပုံစံမျိုးနဲ့ တင်ပြမှာလဲ။ ဒါက အရေးကြီးလာပါပြီ။

ဟာသဖြစ်တဲ့အကြောင်းအရာတိုင်းကို သရုပ်ခွဲရင် ပောဒီကိုးမျိုး ကိုတွေ့ရမယ်လို့ ပညာရှင်များက ဖွင့်ဆိုထားပါတယ်။

၁။ အာဝဇ္ဇန်း (Wit)

၂။ သရော်စာ (satire)

၃။ မံဆီလျော်သော အဖြစ်အပျက် (Burlesque)

၄။ စာပြောင်စာပျက် (Parody)

၅။ မဖြစ်နိုင်သောအရာများကို ဖြစ်ခဲ့သလို ပြောင်ချော်ရေးခြင်း (Farce)

၆။ အသံထွက်ဆင်တူ (Pun)

၇။ စကားလိမ် (Riddle)

၈။ ဥပမာမြောက် (Comic Simile)

၉။ မြင့်ရာမှ တဖြည်းဖြည်းနှိမ့်ချ ရေးသားခြင်း (Bathos)

တို့ပဲ ဖြစ်ပါတယ်။ အဲဒီကမှ အလွဲဖြေ၊ ပြက်ရယ်ပြုခြင်း၊ ခနိုးခနဲ့ရေးသားခြင်း၊ အဓိပ္ပါယ်နှစ်ဖက်ခွနေသော စကားလုံးများ စသည်ဖြင့် အမျိုးမျိုးအစိပ်စိပ် ပြန်ခွဲလို့ရပါသေးတယ်။

အဲဒီထဲမှာမှ ကျွန်တော်က ဝတ္ထုရဲ့အဖွင့်မှာ မြင့်ရာမှနှိမ့်ချ ရေးသားခြင်း (Bathos) နည်းနဲ့ရေးလိုက်ပါတယ်။ ပြန်ကြည့်ကြပါ။

မြင့်စန်းရီဆိုတဲ့ ကျွန်တော်ချစ်တဲ့ကောင်မလေးက 'အို'ဆိုတဲ့ အာမေဍိတ်သံနဲ့ ရပ်သွားချိန်၊ ကျွန်တော်စောကြည်ဖြူက ကောင်မလေး ဖိနပ်ပြတ်သွားတယ်လို့ထင်ပြီး လက်ဖက်ရည်ဆိုင်ကနေထပြေးလို့

www.burmeseclassic.com



ကောင်မလေး ရှေ့ဒူးထောက်ထိုင်နေချိန် -

'ကျွန်တော့် ရွှေကြာရိုးလေးရှေ့အရောက်လှမ်းလိုက်ပြီး ဆဒ္ဒန်ဆင်မင်းအစွယ်ကို ဖြတ်ရန်ရောက်လာသော သောနုတ္တိုရ်မုဆိုးလို ဟန်ပါပါ မုဆိုးဒူးထောက်ထိုင်ချလိုက်သည်။ ကွာခြားတာက ကျွန်တော်ကသောနုတ္တိုရ်မုဆိုးလို ဆင်စွယ်ဖြတ်ရန်မဟုတ်။ ချစ်သူ၏ဖိနပ်ကြိုးတပ်ရန်။ ပြီးနောက် လွယ်အိတ်ထဲက ကွန်ပါတ်စ်ကိုဓာတ်ပြီး ချစ်သူအားမငယ်ရလေအောင် ဖုံးပြလိုက်သည်။ ချစ်သူကတော့ ကျွန်တော့်ကို ကြောင်ငေးနေတုန်း'

'ဘာမှ မပူပါနဲ့ မြင့်စမ်းရီ။ မကြာခင်မှာ အခြေအနေအားလုံးဟာ ပြန်လည်လင်းလက်လာမှာပါ'

ဟုဆို၍ သူမဖိနပ်ကို ဆိုးဆိုးဆတ်ဆတ်ဆွဲယူလိုက်ရာ -

'ဟင် . . . အို၊ မလုပ် . . . မလုပ်နဲ့လေ'

ဟူသော အံ့ဩတကြီး ရေရွတ်သံနှင့်အတူ စီးစီးပိုင်ပိုင်ကိုင်မိသော ဖိနပ်အောက်ခုံမှ အထိအတွေ့ -

'ဟင်'

သင်းပျံ့လာသော ရနံ့ဆိုး။ လက်ကိုဆတ်ခနဲပြန်ရုတ်ပြီး ကြည့်လိုက်ရာ -

'ခွေးချေး'

ဟုတ်ပါသည်။ ရေစပ်စပ်မှုပင်မရောထားသည့် ခွေးချေး။ ခွေးချေးတစ်ဖက်ထောက်ဆူးတစ်ဖက်နှင့် ကျွန်တော်ကြောင်နေမိသည်။ ထိုခဏမှာပင် -

'အဲ အဲဒါကြောင့်ပြောတာ မြင့်စန်းရီဖိနပ်က ခွေးဟိုသင်းတွေနင်းထားတာ။ အဲဒါ ယူကအတင်း'

အဲဒါပါပဲ။ ဒါ ကျွန်တော် ပြန်ချုံ့ရေးထားတာပါ။

ပထမပိုင်းမှာ စာညွှန့်တွေ၊ ကဗျာတွေနဲ့ တင်ရေးထားပြီး အဲဒီအပိုင်းမှာ ရုတ်တရက် နိမ့်ရာကိုချိုးကွေ့လိုက်တာပါ။ လူတွေ ထင်မှတ်မထားလောက်တဲ့အချိန်မှာမှ မြင့်ရာကနေနိမ့်ရာကို ရုတ်ပြီးချိုး



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်တာပါ။

ဒါမျိုးတွေက ဆရာသော်တာဆွေရဲ့ဝတ္ထုတော်တော်များများမှာ တွေ့ရတတ်ပါတယ်။ ဥပမာ

ခြေထောက်နှစ်ချောင်း အသာမပါလို့
အပေါက်ပေါင်းကိုတဲ့ သွပ်လိုက်ရင်
ပြွတ်ခနဲဝင်။
ပညာရှင် အထင်မမှားလေနဲ့
တရုတ်ပြည် ဝဠာကျေးဆီက
ဘောင်းဘီကွဲ့လေး။ ။

ဆိုတာမျိုးပေါ့။ (ကဗျာကအတိအကျ မှန်ချင်မှမှန်မယ်၊ ကျွန်တော်မှတ်မိသလောက်ပြန်ရေးတာပါ။)

ဆရာရန်ကုန်ဘဆွေရဲ့ မြန်မာပြည်သားဝတ္ထု ဟာလည်း ဒီအတိုင်းပါပဲ။ တောက်လျှောက် နိုင်ငံအတွက် အသက်စွန့်ထမ်းရွက်ခဲ့ပြီး နောက်ဆုံးစာမျက်နှာမှာမှ 'သရဲဘော ကြောင်သသူ'ဆိုပြီး ကိုယ်နေတဲ့ရွာ ကတောင် ရွာထဲပေးမဝင်တော့ဘဲ ခဲတွေနဲ့ပစ်ပေါက်ခြင်း ခံရသလိုမျိုးပေါ့။

*****



www.burmeseclassic.com

www.burmeseclassic.com





ဝတ္ထုတစ်ပုဒ်ရေးတော့မယ်ဆိုရင် ဟာသပုံစံတစ်မျိုးတည်းနဲ့ မဖြစ်နိုင်ပါဘူး။ ပုံစံစုံအောင်ထောင့်စုံအောင်တတ်နိုင်သမျှ ထည့်ရေးရပါတယ်။ နောက်ပြီးအစတွေးပါ။ အရာရာအားလုံးကို ဟာသဖြစ်အောင် ထောင့်စုံအောင် တွေးကြည့်ရပါတယ်။ အဖြစ်အပျက်ထက်လည်း ပိုတွေးရပါတယ်။ နောက်ပြီး နှိုင်းယှဉ်ပြီးတော့လည်း တွေးတတ်ရပါတယ်။

နားထွေးမှာစိုးလို့ ကျွန်တော် တစ်ခုနှိုင်းယှဉ်ပြီး တွေးပြပါ့မယ်။

ကျွန်တော်တို့အားလုံးသင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ့လာခဲ့ရတဲ့ ဦးပုညရဲ့ရေသည်ပြဇာတ်ကိုပါ။ ဦးပုညဟာ ရေသည်ပြဇာတ်တစ်ပုဒ်လုံးကို သရော်တော်တော်ဟန်နဲ့ ရေးသွားတာကို ဖတ်ဖူးကြမှာပါ။

'ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်းဝတ်လဲချုပ်စပြတ်တွဲအပ်နဲ့တွယ်၊ လူမြင်သမျှ စိတ်ပျက်အောင်လှပါတဲ့ မရေသည်'

စသည်ဖြင့်ပေါ့ . . . ။

'လူမြင်သမျှ စိတ်ပျက်အောင် လှပါတဲ့'ဆိုတဲ့ သရော်ဟန်ကအေးက အရမ်းကိုလှပါတယ်။ အဲဒီအထဲမှာမှ စာပိုဒ်တစ်ပိုဒ်ပါသေးတယ်။ ရေသည်မိန်းမက ရေသည်ယောကျ်ားကိုပြောတာပါ။ အသေအချာဖတ်ကြည့်ပါ။

'ခါးဝတ်လဲမှာ၊ မလွဲစင်စစ်၊ မျက်မြင်ဖြစ်၍ မစစ်သာဘူး။ ဘာချာချွတ်ခြုံ၊ ဖွားဖက်တော်မှမပေါ်ရှုံ့ လုံအောင်အနိုင်ဖုံးရတယ်'

ရေးထားတာက ခပ်ရွှင်ရွှင်နဲ့ ပြုံးချင်စရာပါ။

ခါးဝတ်လုံချည်ကတော့သူမမျက်မြင်ဖြစ်လို့မစစ်ချင်တော့ပါဘူးတဲ့။ စုတ်ပြတ်သတ်နေတာမှ ကိုယ့်ဖွားဖက်တော်ကိုတောင် လုံအောင် အနိုင်နိုင်ဖုံးထားရတယ်ဆိုတာမျိုးပါ။ ဒီမှာယောကျ်ားတွေရဲ့ အမှတ်လက္ခဏာကို ဖွားဖက်တော်လို့ ယဉ်ယဉ်ကလေးသုံးထားပါတယ်။ အသုံးအနှုန်းက အရမ်းလှပါတယ်။

ကိုင်း - အဲဒီလှတာကို ခဏထား။ မဟော်သဓာဇာတ်တော်ကို ပြန်သွားကြည့်မယ်။ မဟော်သဓာဇာတ်တော်မှာ ရေးထားတာက

'ဘုရားအလောင်းတော် မဟော်သဓာသည် ဖွားဖက်တော် တစ်ဖက်ငါးရာဖြင့် မွေးဖွားလာခဲ့သည်'

ကိုင်း- နှိုင်းယှဉ်ပြီးသာ စဉ်းစားကြည့်။ အပေါ်ရေသည်ပြဇာတ်က ဖွားဖက်တော်၊ အောက်ကိုထည့်လိုက်ရင် ဘယ်လိုဖြစ်မလဲ။

လူတစ်ယောက် မုန့်လုံးရေပေါ် အိုးပေါ် ခွထိုင်နေသလိုကိုမြင်ရမယ်။

ဒါ - ဟာသရေးတော့မယ်ဆိုရင် နှိုင်းယှဉ်စဉ်းစားတတ်ဖို့ ပြောတာပါ။

ကဝေပျို၏ နိဒါန်းဝတ္ထုထဲမှာလည်း ကျွန်တော် အဲဒီလို နှိုင်းယှဉ်



www.burmeseclassic.com

www.burmeseclassic.com



'အို . . .'

ချစ်သူမျက်နှာလေး ရဲပြီးထပြေးသွားသည်။

ဒါဟာ အသံထွက်ဆင်တူစကားလုံးတွေကြောင့်ဖြစ်တဲ့ဟာသပါ။ သူ့ဘာသာသူ သူငယ်ချင်းနာမည်ခေါ်တာဝါ။ ဒါပေမဲ့ ကောင်မလေးရှေ့ သွားပြောမိတာဆိုတော့ စဉ်းစားသာကြည့်၊ ပါးမရိုက်တာ ကံကောင်း။

အသံထွက်ဆင်တူကြောင့်ဖြစ်တဲ့ ဟာသတွေ အများကြီးရှိပါတယ်။

'ဟေ့ မင်းကြားလိုက်သေးလား'

'ကျားမလိုက်ပေါင်ကွာ'ဆိုတာမျိုးလေးတွေကအစပါ။ အသံထွက်ကြောင့် အဓိပ္ပာယ်လွဲမှား ဟာသဖြစ်သွားရတာတွေပါ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





နောက် (Wit) လို့ခေါ်တဲ့ အာဝဇ္ဇန်းကတော့ ဟာသရေးသူတွေအတွက် အမိကလိုအပ်တဲ့ အရည်အချင်းပါပဲ။ ဇာတ်သမားအခေါ်နဲ့ဆို ဘောက်လုံးပေါ့။

သူက ခွင်ချထားတာ မဟုတ်ဘူး။ ဖြစ်လာတဲ့အခြေအနေအပေါ်မှာ မူတည်ပြီးတော့ကိုဖေါက်ရတာ။ ဉာဏ်ရွှင်နေဖို့ သိပ်လိုတယ်။ ကိုယ်က ဉာဏ်ရွှင်ရင် ရွှင်နေသလောက်ကိုစာကထွက်တော့တာ။

ကျွန်တော် ဒီစာရေးနေချိန်မှာ သူငယ်ချင်းတစ်ယောက်ရဲ့အမေ နှလုံးသွေးကြောကျဉ်းလို့ ဆေးရုံမှာတက်ကုနေရတဲ့ အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူငယ်ချင်းရဲ့အမေအခန်းနဲ့ကပ်လျက်မှာက မွေးလူနာဆောင်။ ကျွန်တော်နဲ့ သူငယ်ချင်းအခန်းရှေ့မှာ ထိုင်နေရင်း၊ တစ်ဖက်ခန်းက အသံကြားရပါတယ်။

'ဟယ် . . . ကလေးလေးက ကျွန်မကိုယ်ပေါ် သေးပေါက်ချ လိုက်ပြီ။ အောင်မလေး လုပ်ကြပါဦး၊ ဝတ်စုံတွေတော့ နံစော်ကုန်ပါပြီ'

သူနာပြုဆရာမလေးရဲ့ ရွံ့ရှာတဲ့အော်သံ။ တစ်ဆက်တည်းမှာပဲ ကလေးအဖေရဲ့ တောင်းပန်သံ။

ကျွန်တော့်နားထဲမှာ ချက်ချင်းကိုးလို့ ကန့်လန့်ဖြစ်သွားတယ်။

မွေးကင်းစကလေးပဲဗျ။ ဘယ်သိဦးပါ့မလဲ။ သူပေါက်ချင်တဲ့ အချိန်ကျရင် ကြုံသလိုပေါက်ချလိုက်မှာပဲ။ နောက်ပြီး သူနာပြုဆရာမ ဆိုတာကလည်း ဒါမျိုးမရွံ့ရဘူးလေ။ ဒါ သူ့အလုပ်ပဲ။ အဲဒီလောက်မှ ရွံတတ်တယ်ဆို သူနာပြုဆရာမလုပ်မနေနဲ့တော့။ ကျွန်တော့်ခေါင်းထဲ ကနေအတွေးတစ်ခု ချက်ချင်းထွက်လာတယ်။ ကျွန်တော်သာ ကလေး အဖေဆိုရင် ဘယ်လိုဖြစ်မလဲ။

'ဟယ် . . . ကလေးလေးက ကျွန်မရဲ့ ကိုယ်ပေါ် သေးပေါက်ချ လိုက်ပြီ၊ အောင်မလေးလုပ်ကြပါဦး၊ ဝတ်စုံတွေတော့ နံစော်ကုန်ပြီ'

သူနာပြုဆရာမလေးရဲ့ ရွံ့ရှာတဲ့အော်သံ။ ကျွန်တော်က

'ကလေးပဲ ဆရာမရယ်၊ ခုမှ မွေးကင်းစဆိုတော့ ဘယ်သိပါ့မလဲ'

ကျွန်တော့်ရဲ့ စကားလည်းကြားရော ဆရာမ၏မျက်လုံးများ ဒေါသဖြင့်စိုလက်သွားပြီး

'ဘာရှင့် . . . ဘယ်သိပါ့မလဲဟုတ်လား၊ သူမသိပေမယ့် ကျွန်မ သိတယ်ရှင့်၊ ဘယ့်နှယ် ရှင့်ခါးပေါ် လူတစ်ယောက်ခွပြီး သေးပေါက်ချ ရင်ရော ရှင်ခံနိုင်မလား'

'ဆရာမပေါက်ချင်လို့လား၊ ဆရာမ ပေါက်ချင်ပေါက်လေ ကျွန်တော်ဆရာမကို ချီထားပေးမယ်၊ ကျွန်တော့်ခါးပေါ် သာ လွှတ်ချလိုက်'

'ရှင်. မမိုက်ရိုင်းနဲ့နော်'

'လက်စားချေချင်တယ်ဆို ပြောပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘောက်လုံးပါ။ ဘာမှမဟုတ်တာလေးကနေစပြီး စဉ်းစားလိုက်တာပါ။ ဒီနေရာမှာ ကျွန်တော်ဆိုလိုချင်သေးတာတစ်ခု ရှိပါသေးတယ်။

အရေးအသားပါ။

ခုနအပေါ်က ကျွန်တော်ရေးခဲ့တာကိုပဲ အခုခေတ်အတော်များများ ရေးသားတဲ့အရေးအသားနဲ့ ပြန်ရေးပြပါ့မယ်။

'သူမသိပေမယ့် ကျွန်မသိတယ်ရှင့်၊ ရှင့်ခါးပေါ် လူတစ်ယောက်သေးပေါက်ချလိုက်ရင်ရော ရှင်ခံနိုင်မလား'

ဆရာမလေး၏ ဒေါသတကြီးအမေးကို ကျွန်တော်ပြန်ဖြေလိုက်သည့်စကားကြောင့် ဆရာမလေးခမျာ ပြုံးရမလား၊ ဒေါသထွက်ရမလား ဖြစ်သွားရသည်။ ကျွန်တော် ပြန်ပြောလိုက်သည်မှာကား . . .

'ဆရာမပြန်ပြီး လက်စားချေချင် ကျွန်တော့်ခါးပေါ် ပြန်ပေါက်လိုက်လေ။ ကျွန်တော်ချီထားပေးမယ်'ဟူသတည်း။

ကဲ ခုနကျွန်တော်ရေးပြခဲ့တာနဲ့ အခုဟာ။ ဇာတ်ရှိန်ဘယ်လောက်ကွာသွားလဲ။ ထိရောက်ပုံ ဘယ်လောက်ပြောင်းသွားလဲ။ နောက်တစ်ခုရှိသေးတယ်။ ဒုတိယနည်းနဲ့ရေးမယ်ဆို ဇာတ်ကိုဘယ်လိုမှ ထပ်ဆက်လို့မရတော့ဘူး။ ပထမနည်းနဲ့ရေးမယ်ဆို ကျွန်တော် ထပ်ဆက်ပြမယ်။

'ရှင် မမိုက်ရိုင်းနဲ့နော်'

'လက်စားချေချင်ရင်ပြောပါတယ်'

ကျွန်တော့်စကားကြောင့် ဆရာမမျက်လုံးများ မီးဝင်းဝင်းတောက်သွားပြီး၊ ကလေးငယ်ကို ကျွန်တော့်လက်ထဲထိုးထည့်ပေးကာ

'ရော့ ရှင့်ကလေး ရှင်ယူထား။ ဘယ်လိုကလေးလဲ မသိဘူး'

ကျွန်တော်က ဆရာမလက်ထဲက ကလေးကိုလှမ်းယူကာ

'အဖေတူကလေးပါဆရာမရယ်၊ မိန်းကလေးမြင်ရင် ဆီးကိုရှင်နေတော့တာ ဟီဟိ'

'ဘာရှင့် ရှင်ဘာပြောတယ်'

ဆရာမ၏ ဒေါသတကြီးအမေးကို ခုတင်ပေါ်တွင် စွမ်းလျစွာလဲလျောင်းနေသော မြင့်စမ်းရီက



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ဟုတ်တယ်ဆရာမရေ၊ မေခါဝီကိုမွေးတဲ့သမင်မလေး အခုခေတ်သာရှိရင် ခဏခဏထွက်တဲ့သူ့သေးကိုလျက်ရင် ကိုယ်ဝန်ဆောင်ရတဲ့ဘဝကကို ကျွတ်မှာမဟုတ်ဘူး။ ထွက်လိုက်တဲ့သေး။ ပိတ်ချင်းမြောင်း ရေတံခွန်ကမှ ရေစီးအားနည်းဦးမယ်'

ကျွန်တော့်မိန်းမ မြင့်စန်းရီကပါ ထောက်ခံသဖြင့် ဆရာမလည်း ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီး

'ကဲ . . ရသေ့ကြီးမိသားစု၊ ရှင်တို့ကလေးရှင်တို့ဘာသာ ကြည့်ပေတော့ ကျွန်မတော့ သွားပြီ'

'ဟုတ်ကဲ့၊ ကျေးဇူးပါ ဆရာမမေခါဝီ'

'ဘာရှင့်'

'ဩော် . . . ဟိုလေ၊ မေခါဝီလို ကလေးသေးလျက်မိမှာစိုးလို့ အဲဒါ သတိပေးတာပါ'

ကဲ . . . ဒီလောက်ဆို တော်ပါပြီ၊ တော်ကြာ တစ်အုပ်လုံးဆက်ရေးနေမိမှာစိုးလို့။ အခု ကျွန်တော်ရေးပြလိုက်တော့ ဟာသရေးရတာ ခက်ပါသေးလားခင်ဗျာ။ ဒါ (Wit) လို့ခေါ်တဲ့ အာဝဇ္ဇန်း (ဘောက်လုံး) တစ်ခုထဲကို ရေးပြတာပါ။ အားလုံးကို မောင်းနင်းသဘောမျိုးလေးပဲ ရေးပြသွားတာပါ။ ဒီလိုပြောနိုင်ဖို့ မြန်မာစကား ဆယ်မျိုးကိုလည်း မှတ်ထားသင့်ပါတယ်။ အဲဒါတွေကတော့

(၁) ရေကူးညာတင်
(၂) ရေစီးဖောင်ဆန်
(၃) ရေစစ်ခရား
(၄) ခပ်တင်မောင်းနင်း
(၅) ဆီပွတ်ကျည်ပွေ့
(၆) ဆင်တွေ့ရန်ရှောင်
(၇) အိုးတန်ဆန်ခတ်
(၈) တောင်သူယာခုတ်



www.burmeseclassic.com

www.burmeseclassic.com



(၉) ကောက်ပင်ရိတ်လှီး

(၁၀) ကြက်ဆုတ်ခွပ်ပစ် တဲ့။

အဲဒီဆယ်မျိုးကို အရိပ်အမြွက်လောက်သိရင် အာဝဇ္ဇန်းဆိုတာ ... ၁ွယ်လွယ်ကလေးပါပဲ။ ကိုယ်ဘယ်နည်းအသုံးပြုရမယ်ဆိုတာသာ အရေး ကြီးပါတယ်။

အခု ကျွန်တော်ရေးပြနေတာ ဆေးရုံပေါ်မြင်နေရတဲ့ အဖြစ် အပျက်လေးတစ်ခုကို ချဲ့ထွင်စဉ်းစားပြီး ရေးသားနေတာပါ။ အဲဒါကြောင့် ရှေးဆရာကြီးများစကားနဲ့ပဲ ပြန်ရှင်းလိုပါတယ်။

ဟာသကို ရေးသားတယ်ဆိုတာ လူ့ဘဝကိုလေ့လာခြင်းက ကိုးဆယ်ရာခိုင်နှုန်းပါဝင်ပြီး၊ ဇာတ်လမ်းဆင်စဉ်းစားခြင်းက ရှစ်ရာခိုင်နှုန်းပါ ပါတယ်။ တကယ်တမ်းချရေးခြင်းကတော့ နှစ်ရာခိုင်နှုန်းပဲရှိပါတယ်။

ဒီလိုပါပဲ၊ ဟာသကိုရေးချင်တယ်ဆိုရင် ပတ်ဝန်းကျင်ကို များများ လေ့လာပါ။ ပြီးမှစဉ်းစားပါ။ အားလုံးကြေညက်နေမှ ချရေးပါ။ ဒါဆိုရင် ဟာသဇာတ်လမ်းကောင်းတစ်ခု ဖြစ်လာမှာပါ။

ခုနကျွန်တော်တင်ပြခဲ့တဲ့ သူနာပြုဆရာမလေးအဖြစ်အပျက်က ကြားရတာ ဘယ်မှာဟာသဖြစ်လို့လဲ။ ဒါ ကျွန်တော်ပြန်တင်ပြတော့ သင့်တင့်လျောက်ပတ်တဲ့ ဟာသမဖြစ်နေဘူးလား။ ဒါကြောင့် ပြောတာပါ။

မြင်အောင်ကြည့်၊ ပြန်စဉ်းစား၊ ပြီးတော့မှချရေးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်ဆရာ English For All က ဦးဝင်းတင်က ပြောပါတယ်။

ဟာသဝတ္ထုရေးမယ့်လူဟာ နာမည်ကအစ ဟာသဖြစ်ရမယ်။ ရေးတဲ့ ဇာတ်လမ်း ဟာသဖြစ်ရမယ်။ ရေးသားပုံ ဟာသမြောက်ရမယ်။ ဇာတ်ကောင်တွေကလည်း ဟာသဇာတ်ကောင်ဖြစ်ရမယ်။ Plot တိုင်းဟာလည်း ဟာသဖြစ်နေရမယ်။ ဆိုပြီး အချက်ငါးချက်မှာပါတယ်။ ဟုတ်ပါတယ်။ ဆရာပြောတာက အမှန်ကန်ဆုံး ဟာသဝတ္ထုရေးနည်းပါ။ နာမည်ကအစ ရယ်စရာကောင်းနေတော့ ကျွန်တဲ့တာကတော့ ပြောမနေနဲ့တော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြည်တော်

ကျွန်တော်က ဆရာ့ရဲ့စကားကိုမှတ်သားပြီးမှ တစ်ခုထပ်တိုး လိုက်ပါတယ်။ ဒါကတော့ ဟာသဝတ္ထုနဲ့ လုံးဝမအပ်စပ်ဘူးလို့ ထင်ကောင်း ထင်ကြမှာပါ။

နာကျင်မှု။

ဘယ်ဟာသဝတ္ထုမဆို ကြည့်လိုက်ပါ။ ဝတ္ထုထဲပါတဲ့ ဇာတ်ကောင် တစ်ယောက်ယောက်ရဲ့ နာကျင်မှုမပါဘဲ ဟာသဆိုတာ ဖြစ်မလာပါဘူး။

ရှက်စိတ်၊ ကြောက်စိတ်၊ ဝေဒနာမပါဘဲဟာသဆိုတာ ဖြစ်ခဲ ပါတယ်။ လူတစ်ယောက် လမ်းလျှောက်သွားတာ ဟာသမဟုတ်ပါဘူး ခလုတ်တိုက်မှောက်လဲတာ ဟာသပါ။ ခလုတ်တိုက်မှောက်လဲတဲ့အတွက် လဲကျသူမှာနာကျင်မှုရှိပါတယ်။ ကြည့်နေသူတွေ အတွက်သာ ဟာသဖြစ် သွားတာပါ။

ဒါကြောင့် ကျွန်တော်က Plot တွေထဲမှာလည်း နာကျင်မှုထည့် သလို၊ ဇာတ်လမ်းကြီးတစ်ခုလုံးကိုပါ နာကျင်မှုနဲ့တည်ဆောက်ဖြစ်ခဲ့ ပါတယ်။

ဝတ္ထုရေးသားနည်းကို အများကြီးရှိတယ်လို့ လူတွေကဆိုကြပါ တယ်။ ကျွန်တော်သိထားတာကတော့ နှစ်မျိုးပဲရှိပါတယ်။

ဉာဏ်များပြီးရေးတာနဲ့ ခံစားပြီးရေးတာပါ။

ဟာသဝတ္ထုရေးသူတွေဟာ ဉာဏ်များပြီး ဉာဏ်ကစားပြီး ရေးကြ ပါတယ်။ ကျွန်တော်ကတော့ ဉာဏ်များရုံမကဘဲ ခံစားချက်ကိုပါ ထည့်ရေး လိုက်ပါတယ်။

ဒါကြောင့် ကျွန်တော့်ဝတ္ထုတွေဟာ အဆုံးမှာလွမ်းစရာ ကောင်း သွားတတ်ပါတယ်။

ကျွန်တော်က ဝတ္ထုတစ်ပုဒ်ဆင်မယ်ဆိုရင် ခံစားပြီး ဇာတ်လမ်း ဆင်တတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ရဲ့ပထမဆုံး ကဝေဖို့နိုင်း ဝတ္ထုမှာ အဓိကဇာတ်ကောင်နေရာ စောကြည်ဖြူဆိုပြီး ကိုယ့်နာမည်ကို ထည့်ရေးလိုက်မိတာပါ။ ဒါမှလည်း ဒီဇာတ်ကောင်ရဲ့ နေရာကနေ ထဲထဲဝင် ဝင်ခံစားစီးဝင်လို့ရမယ်လို့ယူဆပြီး ကိုယ့်နာမည်ကို သုံးလိုက်တဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းဆင်တဲ့နေရာမှာလည်း သမားရိုးကျရုပ်ရှင် ဗွီဒီယိုဇာတ်ကားများထဲကလို မိဘတွေကမတည့်၊ ဆွေမျိုးတွေက ဝင်နှောင့်ယှက် ဒီလိုနဲ့ သမီးရည်းစားကွဲ။ မင်းသားမင်းသမီးကလည်း ဘာမှမလုပ်တတ်ဘဲနဲ့ ဘေးကသူငယ်ချင်းတွေ အကြံပေးသလိုလိုက်လုပ်၊ အိုးနင်း ခွက်နင်းတွေဖြစ်၊ အဲဒါမျိုးတွေ ကျွန်တော်သိပ်မုန်းပါတယ်။

ဒါကြောင့် ကျွန်တော့်ဝတ္ထုအတော်များများမှာ မလိုအပ်ပဲဘာမိဘမှ မထည့်ပါဘူး။ အကြံပေးသူမပါဘူး။ ရိုးရိုးလေးပဲ။

ကဝေပျို့ဝတ္ထုကလည်း ဒီအတိုင်းပဲ။

စောကြည်ဖြူက မြင့်စန်းရီကိုကြိုက်တယ်။ ကြိုက်တော့လိုက်တယ်။ နောက်ဆုံး မြင့်စန်းရီနိုင်ငံခြားထွက်သွားတယ်။ ဒါပဲ။ ဇာတ်က ဘာအချိုးအကွေ့မှမပါဘူး။ တကယ့်ရိုးရိုးကြီး။ နောက်ဟာသဇာတ်လည်း မဖြစ်ဘူး။

ဒါပေမဲ့ ဝတ္ထုရဲ့တစ်နေရာမှာတော့ နင့်နင့်သီးသီးခံစားရမယ့်နေရာတစ်နေရာတော့ ထားပေးထားတယ်။ ဒါမှလည်း ဝတ္ထုက ဇာတ်ဖြစ်မှာလေ။ ဇာတ်မဖြစ်ရင်လည်း ကျွန်တော့်စာအုပ်ကို ဝတ္ထုလို့ဘယ်သူပြောမှာလဲ။ ဟာသအတိုအထွာတို့ ဘာတို့လိုမျိုး အပြောခံရမှာပေါ့။ မဟုတ်ဘူးလား။

အဲဒီနေရာမျိုးမှာ ကျွန်တော်တို့ Background Music ကို မြိုင်နေအောင် သုံးရပါတယ်။

ဒီမှာ ပြောစရာရှိလာပါတယ်။ စာရေးခြင်းအတတ် ပညာမှာအသံအရုပ်တွေအပြင် Background Music လည်း ပါဝင်ပါတယ်။

ကျွန်တော် အဲသည်လိုပြောလို့ လူတွေရယ်ကြမယ်ထင်တယ်။

'မင်းကွာ စာရေးပါတယ်ဆိုမှ Background Music က ဘယ်လိုတီးမှာလဲ' ဆိုပြီး။

ဟုတ်တဲ့ Background Music ကို စာရေးသူက တီးရပါတယ်။ ဒါကို လူအတော်များများ သတိမထားမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လူရယ်လို့ စဖြစ်လာကတည်းက ဟာသဉာဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်မှုကို လက်လှုပ်ခြေလှုပ်၊ အော်ဟစ်ကြခြင်းနစ္စ၊ ဂီတ၊ ဝါဒိတဆိုတာတွေလူ့အဖွဲ့အစည်းနဲ့ကပ်ပါလာပါတယ်။ အဲဒီတွေ သံဝေဂတရားနဲ့စပ်ဆိုင်ရင် ဓမ္မဂီတဖြစ်ပြီး၊ အာရုံငါးပါးနဲ့စပ်ဆိုင်ရင် ရိုးရိုးဂီတလို့ ခေါ်ကြပါတယ်။ ကိလေသာအာရုံထဲမှာ အဓိကပါဝင်တဲ့အတွက် တဏှာဂီတလို့ဆိုရင်လည်း မမှားဘူးဆိုပဲ။ ဒါတွေအားလုံးဟာ ပျော်ရွှင်မှုနဲ့ ဆက်စပ်နေ၊ အာရုံငါးပါးနဲ့ စပ်ဆိုင်နေတဲ့အတွက်၊ စာရေးရာမှာလည်း အကျိုးဝင်နေပါတယ်။

ကျွန်တော်တို့ ကလေးဘဝ လူမှန်းတောင်မသိသေးခင် မိဘများက ကျွန်တော်တို့ လက်ကောက်ဝတ်ကလေးဆုပ်ပေးပြီး

'ရှင်မိုင်မိုင်၊ ရှင်မိုင်မိုင် (အခုတော့ ကာလရွေ့ပြီး ချိုမိုင်မိုင် ဖြစ်သွားပါပြီ) ချိုးကလိုက်၊ ရှင်မိုင်မိုင်'ဆိုရင် ကလေးရဲ့ ဇဝနဓာတ်ခံနဲ့ လက်ကို ဆုပ်ချည်ဖြန့်ချည် လုပ်ခဲ့ကြတယ် မဟုတ်ပါလား။

ဒီလိုပါပဲ စာရေးတဲ့နေရာမှာလည်း Background Music ကို စာရေးသူက တီးရပါတယ်။ အသိလွယ်အောင် ကျွန်တော်နှိုင်းယှဉ် ရေးပြပါ့မယ်။

လေပြည်က ဖြည်းညှင်းစွာ တိုက်ခိုက်နေသည်။ အုန်းလက်ဖျားက တအိအိနှင့် အလိုက်သင့်လှုပ်ရှားဆဲ။

သူမ လှမ်းလာပြီ။

ဒါကို ဘယ်လိုမြင်မိသလဲ၊ ဒါ Love Scene ပဲပေါ့။ အဲဒီ အတိုင်းပဲ ပြန်ရေးမယ်။

လေပြင်းက ဝှေ့ရမ်းတိုက်ခိုက်နေသည်။ အုန်းလက်ဖျားတို့ ကျိုးကျမတတ်ရမ်းခါနေ၏။

သူမ လှမ်းလာပြီ။

ဒါကရော အဓိပ္ပါယ်ဘယ်လိုထွက်ပါသလဲ။ စိတ်ထဲမှာ ဆင်တွေ ဖက်လို မခံစားရဘူးလား။ အဖြစ်အပျက်ကိုရော ဘယ်လိုမြင်မိပါသလဲ။ အင်အားချင်းရော ကွာမနေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာပိုဒ်ကလေးကိုကြည့်ရုံနဲ့ စာတစ်ပိုဒ်ရေးတော့မယ်ဆို၊ အဖြစ်အပျက်၊ ဇာတ်ကောင်၊ ဇာတ်ကွက်၊ ဇာတ်လမ်းပါရုံနဲ့ မပြီးသေးဘူးဆိုတာ သိသာပါတယ်။ ဆက်ကြည့်ပါဦး။

'ပြန်ကြရအောင်'

'ပြန်တာပေါ့'

ရည်းစားနှစ်ယောက်နှုတ်ဆက်ဘာကို ဒီလိုလေးပဲ ရေးရင်လဲ ရပါတယ်။

'ပြန်ကြရအောင်'

သူမ ဝေ့ကြည့်သည်။ သစ်ရွက်ခြောက်များ သူမခေါင်းပေါ် ဝဲပျံနေဆဲ။ ညနေဖက် နေရောင်သည်လည်း သူမ၏ပါးပြင်ကို ရှိုက်နမ်းရင်း ပတ်ဝန်းကျင်ကို ဖြန့်ကြက်နေဆဲ။ အတန်ကြာမှ သူမသက်ပြင်း ချရင်း လေသံတိုးတိုးဖြင့် -

'ပြန်ကြတာပေါ့'

အဲဒီနှစ်ခုရဲ့ ပြည့်စုံမှုကို ပြန်သုံးသပ်ကြည့်ပါ။

စာတစ်ပိုဒ်မှာ ပတ်ဝန်းကျင်ပါရပါ့မယ်။ သရုပ်ဆောင်ပါ ရပါ့မယ်။ အမြင်တစ်ခုလည်း ပါရပါ့မယ်။ Background Music လည်းပါရပါ့မယ်။ နောက်ကျန်တဲ့ အချက်အလက်တွေလည်း အများကြီး ကျန်သေးတာမို့ ကျွန်တော်အလျဉ်းသင့်ရင် ကိုယ်သိသလောက်လေး ရှင်းပြသွားပါ့မယ်။ အခု ကျွန်တော်ဆိုလိုချင်တာက စာရေးတော့မယ်ဆိုရင် Background Music ကို မမေ့ဖို့ဆိုတာကိုပဲ။

ကျွန်တော်ရေးခဲ့တဲ့ ကဝေပျိုစာအုပ်ထဲကပဲ Background Music ထည့်ရေးခဲ့ပုံကို တင်ပြပါ့မယ်။

မြင့်စမ်းရီ ညဘက်မိုးရေစက်များကြား သူ့ကိုလာစောင့်နေချိန် စောကြည်ဖြူက အရက်ဆိုင်ထဲမှာပါ။ ဒါကို စောကြည်ဖြူက မြင့်စမ်းရီကို တွေ့ပြီး ပြေးထွက်လာတဲ့အခန်း။

ဆိုင်အပြင်ဖက် မိုးရေထဲရောက်တော့ ကျွန်တော့်ခြေလှမ်းတွေ ခပ်လေးလေးဖြစ်နေတာ ဘာကြောင့်ရယ်မသိ။



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်းလှမ်းသွားသော ကျွန်တော်၏ခြေလှမ်းများနောက် ကပ်ပါနေသော ရေမှုန်ရေစက်ကလေးများ၊ ချစ်သူရှေ့ရောက်သွားသောအခါ ချောက်ချားဖွယ်ကောင်းလောက်အောင် ရပ်တန့်သွား၏။

ကတ္တရာလမ်းမနှင့် မိုးရေစက်တို့ထိခတ်သံ ကျယ်လောင်စွာကြားရသည်။ ကျွန်တော့်လက်များ အလိုလို ဆန့်တန်းသွားသည်။ နောက်. . . ချစ်သူ၏ လှပသောပခုံးသားနုနုဆီမရောက်မီ

'ကျွန်မ လာနှုတ်ဆက်တာ စောကြည်ဖြူ'

'ဟင်'

ချစ်သူ၏ တိုးညှင်းသော စကားသံနှင့်အတူ ဒိန်းခနဲ မိုးကြိုးပစ်သံကြားရ၏။ နောက် အုံ့မည်းအောင် မှောင်ကျသွားသောကောင်းကင်၊ လေပြင်းတိုက်သံနှင့် သစ်ပင်တို့၏လေတိုးသံတဝုန်းဝုန်း၊ ကမ္ဘာ ပျက်မတတ် လှုပ်ရမ်းနေသော လေပြင်းတချို့။ အသည်းကြီးသောမိုးက တဖြောင်းဖြောင်း ရွာကျဆဲ။

အဲဒီဇာတ်ကွက်မှာ စကားလေးတစ်ခွန်းပဲ ပါပါတယ်။ ဒါပေမယ့် အဲဒီစကားတစ်ခွန်းထိရောက်ဖို့ ပတ်ဝန်းကျင်ရာသီဥတုနဲ့ဖြစ်ပေါ်နေတဲ့ Background Music ကိုတော့ မြိုင်နေအောင်သုံးထားတာပါ။ အဲဒီ စကားလေးတစ်ခွန်းထိရောက်ဖို့ ခံစားရဖို့ အရေးပါဖို့ ကျွန်တော်ဝတ္ထုထဲမှာ သုံးမျက်နှာရေးရပါတယ်။

*****



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့စာရေးတာပဲဖြစ်ဖြစ်၊ ဘယ်အနုပညာမဆို ဖန်တီးတာဖြစ်ဖြစ် အမိကအခြေခံ ပန်းချီနဲ့ဂီတကို တီးမိခေါက်မိတော့ ရှိထားသင့်ပါတယ်။

ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် ကျွန်တော်တို့လူရယ်လို့စဖြစ်လာစ ကျောက်ခေတ်ကို ပြန်သွားကြည့်ကြရအောင်။

ကျောက်ခေတ်ကာလက ဘာသာစကားဆိုတာ မရှိသေးပါဘူး။ စာဆိုတာဝေးရောပေါ့။ ဒါပေမယ့် သူတို့ရဲ့မသိစိတ်ကသော်လည်းကောင်း၊ သိစိတ်ကသော်လည်းကောင်း ပန်းချီနဲ့ဂီတကို ဖန်တီးနေကြပါပြီ။

ဆိုကြပါစို့။

ကျောက်ခေတ်မှာ သူ့ရဲကောင်း

www.burmeseclassic.com



နှစ်ယောက်ဖြစ်တဲ့ " ဆမ်နဲ့ဖရို "တို့နှစ်ယောက် အမဲလိုက်ထွက်ကြပါတယ်။ သူတို့ လိုချင်တာက သမင်ပါ။ ဒါပေမယ့် ကံဆိုးစွာပဲ သူတို့လိုပဲ သားကောင်ရှာနေတဲ့ ကျားကြီးနဲ့ တွေ့ပါတယ်။

ဆမ်ကထွက်ပြေးလွတ်မြောက်သွားပေမယ့် ဖရိုကကျားကြီးနဲ့ တိုက်ခိုက်ရင်းကျန်ခဲ့ပါတယ်။ တစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြေးလာတဲ့ဆမ်ကို ရွာသားတွေက ဖရိုအကြောင်းမေးပါတယ်။

ဘာသာစကားမပေါ်သေးတဲ့အတွက် ဒီအကြောင်းကို အားလုံးနားလည်အောင် ဆမ်ဘယ်လိုရှင်းပြရပါ့မလဲ။

အသေအချာစဉ်းစားကြည့်ပါ။ ခင်ဗျားတို့ဆိုရော ဘယ်လိုရှင်းပြမလဲ။

တခြားနည်းမရှိပါဘူး။ ဆမ်ဟာ သူ့ခန္ဓာကိုယ်က လှုပ်ရှားလို့ရတဲ့ အစိတ်အပိုင်းအားလုံးကို အသုံးပြုပြီးအမူအရာနဲ့ပဲ ရှင်းပြမှာပါ။

သူနဲ့ဖရိုတောထဲဝင်သွားပုံ၊ သမင်ကိုမြင်လို့ သူတို့တွေချောင်းမြောင်းနေပုံ၊ အဲဒီမှာသူတို့နောက်က ကျားကြီးဝုန်းခနဲ ပေါ်လာပုံ၊ ဖရိုနဲ့ကျားကြီးလုံးထွေးသတ်ပုံ၊ သူပြန်လည်လွတ်မြောက်ခဲ့ပုံတွေကို သူ့အမူအရာ လှုပ်ရှားမှုတွေနဲ့ပဲ ရှင်းပြမှာပါ။

သူနဲ့ဖရိုတောထဲဝင်သွားပုံကို လက်နှစ်ချောင်းထောင်ပြပြီး ပခုံးလှုပ်ပြတာဖြစ်ဖြစ်၊ ခြေထောက်နှစ်ဖက်လှမ်းပြတာဖြစ်ဖြစ်။ သမင်ကိုမြင်ပုံ။ ခေါင်းပေါ် လက်နှစ်ချောင်းနဲ့ ချိုပုံလုပ်ပြတာဖြစ်ဖြစ်၊ လက်သီးနှစ်ဖက်ကို ရင်ဘတ်နားမှာဆုပ်ပြီးတော့ ဖြစ်ဖြစ်ပြမှာပါပဲ။

ဟော ကျားကြီးလာပြီ။ သူလေးဘက်ထောက်ချင် ထောက်လိုက်မယ်။ ပြီးရင်သွားကြီးဖြဲပြီး "ဝေါင်း"ခနဲခြိမ်းခြောက်လိုက်မယ်။ ပြီးတော့ဖရိုကို ကျားကြီးခုန်အုပ်ပုံ၊ ဖရိုက ကျောက်သွားနဲ့ပြန်ခုခံပုံတွေကို အမျိုးမျိုးလုပ်ပြပါလိမ့်မယ်။ ဒါကိုမှ မရှင်းသူတွေကို သူမြေကြီးပေါ်တုတ်နဲ့ခြစ်ပြီး သူတတ်သလောက်မှတ်သလောက် သမင်ပုံ ကျားပုံတွေကို ရေးပြပါလိမ့်မယ်။

ကျွန်တော်ဆိုလိုချင်တာက လူတွေရဲ့စိတ်ထဲမှာ ပန်းချီနဲ့ဂီတက လှမ်းမိုးနေတယ်ဆိုတာမျိုးပါ။

ဟော. . . ဂီတကရော

ကျွန်တော်အစပိုင်းမှာဖော်ပြပြီးသားပါ။ ဂီတဆိုတာ မွေးကင်းစကလေးလေးကိုတောင် ရှင်မိုင်မိုင် ရှင်မိုင်မိုင်ဆိုပြရင် ကလေးက သူ့ဗီဇအရ ပက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ချည် ဖြန့်ချည်လုပ်ပြီး ကပြတတ်တယ်ဆိုတာပါ။

ဂီတကလည်း ကျွန်တော်တို့ အခုလို ဘာသာစကားပေါ်ပြီး ရှင်မိုင်မိုင်ဆိုတတ်မှုမဟုတ်ပါဘူး။ ဟိုး ကမ္ဘာဦးကတည်းက ယဉ်ကျေးမှုဆိုတာ မပေါ်ခင်ကတည်းက ဂီတက အရင်ဆုံးပေါ်ပေါက်ပြီးသားပါ။

ကျောက်ခေတ်ဂူနေလူသားတွေ သားကောင်ရတဲ့အခါ ပျော်ရွှင်စရာကြုံတဲ့အခါ တွေ့ကရာတီးခတ်ပြီး ဖနောင့်သံပြင်းပြင်းနဲ့ "ဝှေ့. . . ဝှေ့" လို့ညာသံပေး ကခုန်ကြတာ သူတို့ရဲ့ဂီတပါပဲ။

တစ်ယောက်ယောက်သေဆုံးလို့ သစ်ခေါင်းကြီးကိုခေါက်ပြီး ဆွဲဆွဲငင်ငင်အော်တစ်ကြတာလဲ ဂီတပါပဲ။

ဒီနေရာမှာ ဂီတအကြောင်း ကျွန်တော် နည်းနည်းတင်ပြပါ့မယ်။ 'စာရေးချင်တဲ့လူတစ်ယောက်က ဂီတကျောင်းတွေဘာတွေ တက်ရဦးမလားဟ' လို့တော့ အထင် မစောစေလိုပါ။ လွယ်ကူရှင်းလင်းတဲ့ ဂီတသဘောကို ကျွန်တော်ရှင်းပြပါ့မယ်။

တိတ်ဆိတ်ငြိမ်သက်နေချိန်ကို သာမန်အချိန်လို့ သတ်မှတ်ပေးပါ။ အဲဒီလို တိတ်ဆိတ်ငြိမ်သက်နေရာက ရုတ်တရက် နားမခံသာအောင် ဆူညံလာလိမ့်မယ်။

ဥပမာ

လွှစက်ကြီးလည်နေမယ်။ ဝရိမ်တို့ သံကြားနေမယ်။ လူတစ်ယောက်ရဲ့ချောင်းတန့်သံကြားရမယ်။ နွားလှည်းဘီးက တ

❖❖❖

ပျော်ရွှင်စရာကြုံတဲ့ အခါ
တွေ့ကရာတီးခတ်ပြီး
ဖနောင့်သံပြင်းပြင်းနဲ့
"ဝှေ့...ဝှေ့.." လို့ညာသံပေး
က ခုန်ကြတာ

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



ကျိုကျိုမြည်လာလိမ့်မယ်။ အဲဒါတွေအားလုံး ပေါင်းလိုက်ရင် ဆူညံသံဆိုတာဖြစ်လာမယ်။ ဘယ်လိုမှ နားမခံသာအောင် ဖြစ်လာလိမ့်မယ်။ ဒါဆူညံသံစစ်စစ်ပဲ။

ကောင်းပြီ။ ဒါကို ဂီတဖြစ်အောင် လုပ်ကြည့်ကြရအောင်။

ခုနက ဆူညံသံတွေကို စည်းကမ်းဆိုတဲ့ ဘောင်ထဲကို သွပ်သွင်းလိုက်မယ်။

ဆိုပါတော့။

ဝမ်းတူးသရီးဖိုး၊ ဝမ်းတူးသရီးဖိုး၊ ဆိုတဲ့တိုင်ပင်ထဲ အဲဒီဆူညံသံတွေ စနစ်တကျ ထည့်လိုက်ကြည့်ပါ။

ဥပမာ- ချောင်းဟန့်သံကိုပေါ့။ တဆိတ်လောက်လက်က တိုင်ပင်လိုက်ပေးပါ။

အဆင်သင့်ဖြစ်ရင် စလိုက်ကြရအောင်။ အဟမ်းဆိုတာကို ဝမ်းမှာထားပါ။

/အဟမ်း . . တူး သရီး ဖိုး/အဟမ်း . . တူး သရီး ဖိုး/အဟမ်း . . တူး သရီး ဖိုး/

ဟော တွေ့လား တိုင်ပင်ထဲဝင်သွားတော့ ဂီတသံထွက်လာပြီ။ ထားဦး ခုန နွားလှည်းဘီးလည်သံ ထပ်ထည့်ကြည့်မယ်။

/အဟမ်း . . ကျိုကျို . . သရီး ဖိုး/အဟမ်း . . ကျိုကျို . . သရီး ဖိုး/ အဟမ်း . . ကျိုကျို . . သရီး ဖိုး/

ကိုင်း ဒါဆိုခုနကဆူညံသံက ဂီတဖြစ်လာပြီ။ (ကျန်တာတော့ကိုယ့်ဘာသာကိုယ် ဆက်လုပ်ကြည့်ကြပါတော့)

လူတွေရဲ့ နှလုံးခုန်သံမှာကိုက ဂီတရှိတယ်။

နှလုံးခုန်သံ

" ဒုတ်ဒုတ်၊ ဒုတ်ဒုတ်၊ ဒုတ်ဒုတ်"

ဒီလိုခုန်ပါတယ်။ နှစ်ချက်ခုန်ပြီး တစ်ချက်နားပါတယ်။ ဂီတရဲ့ တိုင်ပင်နဲ့ပြန်တွက်ရင် သရီးဖိုးတိုင်ပင်ပါ။ နှလုံးခုန်သံ နားတဲ့အချက်ကို "ထောက်" လို့ ရွတ်ကြည့်ပါ။

" ဒုတ်ဒုတ်ထောက်၊ ဒုတ်ဒုတ်ထောက်" ဒီလိုပဲဖြစ်ပါလိမ့်မယ်။ ဒါဟာ ဂီတတိုင်ပင်အနေနဲ့တွက်ရင် သရီးဖိုးတိုင်ပင်ပါပဲ။ နှလုံးခုန်သံကို "ဒုတ် ဒုတ် ဒုတ် ဒုတ် "ဆိုပြီး တစ်ချက်စီ မခုန်ပါဘူး။ တိုင်ပင်မှန်မှန်နဲ့ပဲ ခုန်ပါတယ်။ အဲ တိုင်ပင်မမှန်ရင် ခင်ဗျားမှာ ရောဂါတစ်ခုခုဖြစ်နေတာသေချာပါပြီ။ ဆရာဝန်ဆီ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ပြေးလိုက်ဦး။

ကျွန်တော်ဆိုလိုချင်တာကဗျာ၊ နှလုံးခုန်သံမှာကို ဂီတရှိပါတယ်။

ဂီတမှာအသံရှိပါတယ်။ အသံမှာ ကီးရှိပါတယ်။ ကီးမှာ စည်းကမ်းရှိပါတယ်။ စည်းကမ်းဆိုတာ တိုင်ပင်ပေါ့။

ကျွန်တော်ဘာလို့ ဂီတအကြောင်းပြောနေရသလဲဆိုရင် ကျွန်တော်တို့စာပေနဲ့ဂီတဆိုတာ တိုက်ရိုက်ဆက်သွယ်နေလို့ပါ။

" ဘာဆိုင်လဲကွာ၊ စာပေနဲ့ဂီတ တခြားစီ" ဆိုလဲရပါတယ်။ ဒါပေမယ့်ခဏလေးဆက်ပြီးကြည့်ပါဦး။

ဆိုပါစို့. . .

" မီး. . မီး. . မီး. . မီး. . . မီး. . မီး. . မီး "

ဒါဘာကိုပြောတာလဲ။ အများကြီးဖြစ်နိုင်ပါတယ်။

ကဲ၊ အဲဒီအသံတွေကိုပဲ ကီးထည့်လိုက်ကြည့်ရအောင်။

" သူမသည် လက်ဖျစ်ကလေး မဖြစ်တဖြစ်တီးကာ " မီးမီး၊ မီးမီး"လို့ခေါ်လိုက်သည်။

ဘာဖြစ်သွားလဲ။ ကြောင်ခေါ်တာ ဖြစ်သွားပါပြီ။

ကိုင်း ဒီဟာကိုပဲ ကီးထပ်ချိန်းလိုက်ကြရအောင်။

" ကိုဘမောင်သည် မြင်လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးကြီးပြူးတာ သံကုန်ခြစ်အော်လိုက်သည်။

" မီး၊ မီး၊ မီး၊ မီး "

ကိုင်း ဒါကရော ဘာဖြစ်မလဲ။ သိပ်စဉ်းစားမနေနဲ့။ ကြာရင် ကိုယ့်ဆရာအိမ်ပါ မီးထဲပါသွားမယ်။ သိမ်းစရာရှိတာ ကြိုသိမ်း။

ဒီအတိုင်းပါပဲ။ စာပေသည်လည်း ဂီတနည်းနှယ်ပါပဲ။ စာပေမှာအသံရှိပါတယ်။ စာမှာ ကီးရှိပါတယ်။ စာပေမှာ တိုင်ပင်လည်းရှိပါတယ်။ အဲဒါတွေအားလုံးကို စည်းကမ်းဆိုတဲ့ ရစ်သမ်ထဲကို သွပ်သွင်းလိုက်ရင် စာကောင်းပေမွန်တစ်ခုဖြစ်လာမှာပါ။

ဒါကြောင့် တချို့ဆရာသမားများရေးတဲ့စာဆိုရင် အသံအသွား သိပ်လှတာ သိသာပါတယ်။

ကိုင်း ရေးထားတဲ့စာမှာ ဘာအသံပါလို့လဲ။ ဒါပေမယ့် အဲဒီစာတိုဖတ်လိုက်မိတာနဲ့ အသံသိပ်သာမှန်းကို သိရပါတယ်။ ဒါတွေဟာ စာပေနဲ့ဂီတဆက်စပ်မှုပါ။ x x x x



www.burmeseclassic.com

www.burmeseclassic.com





ကဲ character အကြောင်း ဆက်ရအောင်။

ဟာသဝတ္ထုရေးရာမှာ စကားလုံးကုလားဖန်ထိုးတာကလည်း အလွန်အရေးပါလှပါတယ်။

မျက်နှာပျက်သွားတယ်ဆိုတာကို ကျွန်တော်က မျက်နှာကြီးဖရိုဖရဲဖြစ်သွားတယ်ဆိုတာမျိုးသုံးတတ်တယ်။ မျက်နှာက ပျက်တဲ့အဆင့် မဟုတ်ဘူး။ ဖရိုဖရဲဖြစ်သွားတဲ့အဆင့်တင်။ နောက်ပြီး၊ ကြည်လဲ့ရွှမ်းစို မျက်ဝန်းညိုဆိုတာကို ကြည်လဲ့ရွှမ်းစိုမျက်ကွင်းညိုလို့ ပြောင်းရေးတာမျိုးတွေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စာရေးတော့မယ်ဆိုရင် အဓိကသတိထားရမှာက စကားလုံးတွေမှာ ကာရိုက်တာရှိတယ်ဆိုတာပါပဲ။

ရိုးသားတဲ့စကားလုံးတွေမှာ ရိုးသားတဲ့ကာရိုက်တာရှိပြီး ဆန်းပြားတဲ့စကားလုံးတွေမှာ ဆန်းပြားတဲ့ကာရိုက်တာတွေရှိပါတယ်။

ဆိုကြပါစို့။

" အသားအရည်က ညိုစိမ့်စိမ့်လေး"

ဒါကတစ်မျိုး။

ဒါမျိုးရေးလိုက်တာနဲ့ မျက်စိထဲပုံစံကိုမြင်ရမှာပါ။ ညိုတာမှ စိမ့်စိမ့်လေးညိုတာပါ။ ဒါဟာသူ့စကားလုံးကြောင့်ဖြစ်တဲ့ ကာရိုက်တာပါ။

ကဲ နောက်တစ်မျိုးဆက်ကြည့်ပါ။

" အသားအရည်က ညိုတိုတိုလေး"

အသားညိုတာမှ အရှည်ကြီးမညိုပါဘူး။ ညိုတာမှ တိုတိုလေးညိုတာပါ။ ညိုတိုတိုလေးပါ။ ဒါကိုလည်း မျက်စိထဲမြင်မိမယ်ထင်တယ်။

ကဲ နောက်တစ်မျိုးကြည့်ပါဦး။

" အသားအရည်က ညိုညစ်ညစ်လေး"

စကားလုံးပြောင်းတာနဲ့ ကာရိုက်တာပြောင်းသွားပါပြီ။ ညိုညစ်ညစ်ဆိုတာနဲ့ မဲတဲ့ဖက်ကိုလုနေပါပြီ။

ကိုင်း ဟာသစကားလုံးအဖြစ်ပြောင်းသုံးကြရအောင်။

" အသားအရည်က သပိတ်နုရောင်လေး "

ဒါကိုရော ဘယ်လိုမြင်မိလဲ။

သပိတ်ကအနက်။ သပိတ်နုရောင်ဆိုတော့ ညိုသလိုမဲသလိုဖြစ်နေမှာပါ။ ဒါတွေဟာ စကားလုံးသုံးနှုန်းတဲ့အပေါ်မှာ ပြောင်းသွားတဲ့ ကာရိုက်တာပါ။

ကျွန်တော်ဆို ဒါမျိုးအမြဲသုံးဖြစ်ပါတယ်။

" တောဂေါ်လီတို့ ဂိုက်ပေးကြမ်းတယ်"

" ဖလမ်းဖလမ်းထနေတယ်"

ဆိုတာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းရေးမယ် နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားမယ်ဆိုရင် ထူးဆန်းတဲ့စကားလုံး တစ်လုံးထဲကတောင် အင်မတန်ပြုံးချင်စရာကောင်းတဲ့ အကြောင်းအရာတွေ ဖြစ်ပေါ်နေတတ်ပါတယ်။

ဒါကြောင့် ဟာသရေးတော့မယ်ဆိုရင် ကိုယ်သုံးမယ့်စကားလုံး တွေကိုပါ အသေအချာစဉ်းစားနိုင်မယ်ဆိုရင် အလွန်ကောင်းမှာပါ။

တချို့ကလည်းပြောကြလိမ့်မယ်။

" ဟာကွာ. . . စကားလုံးတွေကစကားလုံးတွေပဲ။ ဘယ်လို ကာရိုက်တာရှိမှာလဲ။ ဒီလိုစကားလုံးတွေ စဉ်းစားနေမယ့်အစား ဇာတ်လမ်း စဉ်းစားမှာပေါ့ "

ဟုတ်ကဲ့။ ကျွန်တော်နမူနာထုတ်ပြပါ့မယ်။

ထူးဆန်းတဲ့စကားလုံးမှာ ထူးခြားတဲ့ကာရိုက်တာ ရှိတယ်ဆိုတာ ကိုပါ။

တစ်ဖက်စာမျက်နှာကို ကြည့်ပါဦး။

အာရုံအညောင်းပြေလေးပေါ့။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





စကားလုံး ကာရိုက်တာပြီးတော့ ရုပ်ကာရိုက်တာဖက် နည်းနည်းလှေ့လာကြဦးမယ်။

ဟာသဝတ္ထုရေးတော့မယ်ဆိုရင် ရုပ်ကာရိုက်တာဖွဲ့စည်းပုံက လွန်စွာအရေးပါလှပါတယ်။ ကိုယ်ဖွဲ့လိုက်တဲ့ ကာရိုက်တာ မမိဘူးဆိုရင် ဝတ္ထုဘယ်လောက်ကောင်းနေနေ၊ အဲဒီလူ ဝင်လာတာနဲ့ အရသာ ပျက်သွားတတ်ပါတယ်။

အချစ်ဝတ္ထုစာရေးဆရာတွေကတော့၊ သမင်မျက်လုံးကနေစပြီး ဆင်မယဉ်သာ အဆုံး၊ လူတစ်ယောက်လုံး တိရစ္ဆာန်ဘဝ အရှင်လတ်လတ်ရောက်အောင် ဖွဲ့တတ်ပါတယ်။ ဟာသဝတ္ထုမှာတော့ ကာရိုက်တာဖွဲ့တာ ကျစ်



www.burmeseclassic.com

www.burmeseclassic.com



လစ်သိပ်သည်းဖို့လိုပါတယ်။

လူတစ်ယောက် ကာရိုက်တာမိဖို့ အဲဒီလို အသေးစိတ်ဖွဲ့နေစရာ မလိုအပ်ပါဘူး။ ကျွန်တော် ကာရိုက်တာတစ်ခု ဖွဲ့ပြပါ့မယ်။

ကျွန်တော့်အိမ်မှာနေတဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ တင်မောင်လွင်ပါ။ ကျွန်တော့်ဝတ္ထုတွေထဲမှာ ကြုံရင်ကြုံသလို၊ တင်မောင်တည်၊ တင်မောင်လွင်၊ အတည်၊ စသည်ဖြင့် ထည့်ထည့်ရေးတတ်ပါတယ်။

အလုပ်ကကျောင်းဆရာ။ ဒါပေမယ့် နေတာကိုက ကျွန်တော်တို့နဲ့နေတာဆိုတော့ ဘယ်လောက်ပေတေနေမယ်ဆိုတာ စဉ်းစားသာကြည့်။

တစ်ခါ သူ့ကိုကျွန်တော်ကြည့်မရတာနဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာ သူ့ ကာရိုက်တာကို လွယ်လွယ်လေးဖွဲ့လိုက်တယ်။

'တင်မောင်လွင်ဟာ ကျောင်းဆရာပါ။ တစ်ခါတော့ နိုင်ငံခြားခရီးစဉ်အဖြစ် တရုတ်ပြည်သွားဖို့အကြောင်းဖန်လာပါတယ်။ တင်မောင်လွင်က ပျော်ရွှင်စွာပဲ တရုတ်ပြည်မှာဝတ်ဖို့ လေဘေးထည်သုံးထည်တိတိကို ငွေခုနစ်ရာကုန်ခံ ရက်ရက်ရောရောဝယ်ဝတ်ပြီး လေယာဉ်ပေါ် မတ်မတ်ကြီး တက်သွားတာ မျက်မြင် ထင်ထင်မြင်လိုက်ရပါတယ်။

တရုတ်ပြည်ကပြန်လာတော့ ကျွန်တော့်အတွက် တရုတ်ပြည်ဖြစ် တစ်သျှူးစစ်စစ်တစ်ထုပ် လက်ဆောင်ဝယ်လာပေးပါတယ်။'

ကဲ ပြီးရော၊ ကာရိုက်တာဖွဲ့တာ ဘာရှုပ်မှမလိုဘူး။ အဖြစ်အပျက်ကလေးနှစ်ခုကိုရေးပြလိုက်တာနဲ့ ဒီကောင်ဘယ်လိုကောင် ဆိုတာ ဘန်းမြင်လို့ရပါတယ်။

ဒီလိုပါပဲ ကျွန်တော့်ရဲ့ ဘီလူးဝတ္ထုမှာ ကာရိုက်တာ စဖွဲ့ထားပါတယ်။ ရိုးရိုးလေးပါ။

'နာမည်ရင်းက လှဦးရယ်'

ကျွန်တော်ကိုယ်တိုင်လည်း ရုပ်ချောကြောင်းလှကြောင်း ရေးရဖွဲ့ရတာ ဝါသနာမပါဘူး။ ကျွန်တော့်ဝတ္ထုထဲက ဇာတ်ကောင်တွေ ဘယ်တော့မှ ချောကြောင်းလှကြောင်းမရေးဘူး။ သူများရေးရင်လည်း မကြိုက်ဘူး။ အဲ ရုပ်ဆိုးကြောင်းတော့ ဖွဲ့တတ်တယ်။ ရေးရင်းနဲ့ ရုပ်ပေါ် လာတာမျိုးပဲလိုချင်တယ်။ ဒီမှာ ဆရာငြိမ်းကျော်ရဲ့ ရေးနည်းကို ကျွန်တော် အရမ်းသဘောကျတယ်၊ သူ့ဇာတ်ကောင်တွေ ချောကြောင်းလှကြောင်းရေးတာ သိပ်မတွေ့ဖူးပါဘူး။ ဒါပေမယ့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းကျော်ရဲ့ ဇာတ်ကောင်တွေက ဖတ်ရင်းဖတ်ရင်းနဲ့ကို လှလှလာတယ်။ (ဆရာရဲ့ စာအုပ်တွေရှိသေးရင် ပြန်ရှာဖတ်ပါလို့ ညွှန်းချင်ပါတယ်)

ကျွန်တော်ကတော့ ဇာတ်ကောင်ပုံစံရေးတာ ဆရာငြိမ်းကျော်ကို နမူနာယူပါတယ်။

စာရေးချင်တဲ့ ဆရာလေး၊ ဆရာမလေးများက ဒီလိုအကြောင်းအရာမျိုးကိုလည်း ဒီလိုပဲရေးကြမယ်ထင်တယ်။

'လူဦးဆိုတာ အလွန်အူကြောင်ကြောင်နိုင်တဲ့လူဖြစ်ပါတယ်'

အဲဒီကတည်းက အကြောင်းအရ ကပျက်စီးနေပြီ။ ကိုယ်ကသူ့ကို အူကြောင်ကြောင်နိုင်တယ်ဆိုပြီး ဖော်ပြပြီးထဲက သူအူကြောင်ကြောင် တွေလုပ်နေရင် ပရိသတ်က ဘယ်လိုရယ်နိုင်ကြတော့မှာလဲ။

တစ်ခုသတိထားကြည့်ပါ။ ကမ္ဘာကို ဟာသပညာနဲ့ကိုင်လှုပ်နိုင်ခဲ့တဲ့ ချာလီချက်ပလင်ဟာ ခပ်ဟပဟရယ်တာတောင်ရှားပါတယ်။ မြန်မာဟာသသမား များကတော့ စထွက်လာကတည်းက အူကြောင်ကြောင်နဲ့ မျက်နှာကြီးဖျက် နှုတ်ခမ်းကြီးထော် နဖူးပြောင်ကြီးကို စုံရိုက်ပြီးထွက်လာတတ်ပါတယ်။

သူတို့ရဲ့အင်တာဗျူးတွေကိုဖတ်ကြည့်ရင်လည်း သူတို့ရဲ့ဟာသ အပေါ် ခံယူတဲ့ ခံယူချက်တွေတွေ့ရမှာပါ။

"ကျွန်တော့်ကို နဖူးပြောင်နေလို့ ရယ်ကြတာပါ" တို့

"ပယ်နေတဲ့မျက်လုံးက လူရွှင်တော်လုပ်ဖို့ ဘုရားပေးတာပါ" တို့

"ကျွန်တော့်မှာ ဆွဲဆောင်မှုအရှိဆုံးက ဟောဒီနှာခေါင်းကြီးပါ" တို့ အဲလိုဟာသတကယ်လုပ်ခွင့်ရနေတဲ့သူတွေက ဟာသကိုလွဲမှားပြီး ထင်ရောင် ထင်မှားတွေပြောနေကြတော့ တော်တော်စိတ်မကောင်းဖြစ်မိတယ်။ သူတို့ပြောပုံ အရဆို မွေးရာပါချို့ယွင်းချက်တစ်ခုခုမရှိခဲ့ရင် လူရွှင်တော်မဖြစ်နိုင်တော့ မလောက်ပဲ။ သူတို့ပြောမှ ကျွန်တော်သတိထားကြည့်မိတယ်။ ဟုတ်တယ်ဗျ။ မြန်မာပြည်မှာ မွေးရာပါချို့ယွင်းချက်မရှိတဲ့ လူရွှင်တော် တော်တော်ရှားတယ်။ တမ္ဘာမှာတော့ အဲဒီလို နဖူးပြောင်ကြီးအားပြုပြီး ပြက်တဲ့ ဟာသလူရွှင်တော်တွေ မမြင်မကန်းပုံစံနဲ့ ပြက်တဲ့ လူရွှင်တော်တွေ ခပ်ရှားရှားပဲဗျ။ ကိုယ်ပဲလေ့လာအား နည်းလို့လားတော့ မသိဘူး။ သူတို့ရုပ်ရှင်တွေထဲမှာ မျက်စေ့ပယ်တဲ့လူပုံ တစ်ယောက်မှကို မတွေ့ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကဟာသဝိဇ္ဇာချာလီချက်ပလင်ကနေ စကားစပ်မိလို့ ရုပ်ရှင်အကြောင်း ရောက်သွားရတာပါ။ ဆိုလိုရင်းက ဟာသဆိုတာ အူကြောင်ကြောင်သက်သက်မဟုတ်ဖူးဆိုတာကိုပါ။ ထားပါတော့။

နောက်ရှိပါသေးတယ် ဒါနဲ့ တစ်ဆက်တည်းပြောချင်တာပါ။

လူငယ်ဝတ္ထုရေးဆရာလေး ဆရာမလေးများဟာ ဟာသကိုရေးတော့မယ်ဆိုရင်၊ ကိုယ့်ကိုယ်ကိုပျော်ပျော်နေတတ်သူ ပေါတောတောစိတ်ရှိသူလို့ခံယူကြပါတယ်။ မှားပြန်ပြီခင်ဗျ။

ပေါသူရှိမှဟာသဖြစ်မယ်ဆိုရင် ငပေါတွေအားလုံး ဟာသစာရေးဆရာတွေဖြစ်ကုန်မှာပေါ့။

ကမ္ဘာ့ခေတ်ဟောင်းဟာသဝတ္ထုရေးဆရာကြီး၊ အိုင်ဗင်ကိုစတူဘော့ရဲ့စကားလေးမှတ်ထားသင့်ပါတယ်။

'ကျွန်တော်ဟာ ငယ်ငယ်ကပေါ့ပေါ့နေပေါ့ပေါ့စားနဲ့ ဘဝကိုဖြတ်သန်းခဲ့ပါတယ်။ နောက်ပြီး ရွှတ်ရွှတ်နောက်နောက် ပေါတောတောတွေ လုပ်ခဲ့ပြီး ကျွန်တော်လုပ်သမျှကိုဟာသလို့ ထင်ခဲ့ပါတယ်။ သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို ငပေါ့လို့ အမည်တပ်ပြီး ရယ်ခဲ့ကြတယ်။ ဒါကို ကျွန်တော်ကလည်း ပြောင်မြောက်တဲ့ဟာသလို့ ထင်ခဲ့ပါတယ်။

'ပေါ့ပေါ့မနေနဲ့သားရယ်။ အရာရာကို အလေးအနက်ထားစမ်းပါ'

မိဘက ကျွန်တော့်ကို အမြဲတမ်းဆုံးမခဲ့ကြပါတယ်။ အဲဒီစကားတစ်ခွန်းကြောင့်ပဲ အလုပ်ခွင်မှာ ကျွန်တော့်ကို

'သိပ်တော်တဲ့လူ အလုပ်ကို လေးလေးစားစားလုပ်တတ်တယ်'

လို့ အမြဲချီးမွမ်းခဲ့ရပြန်ပါတယ်။ ဒီလိုနဲ့တဖြည်းဖြည်း လေးနက်သောပုဂ္ဂိုလ်ဖြစ်ကာ ရယ်ရွှင်တတ်တဲ့အကျင့်တောင် ပျောက်ကွယ်စပြုလာပါတယ်။ ကျွန်တော့်အဖို့ ဘယ်အရာကိုမဆိုလေးလေးနက်နက်တည်တည်ငြိမ်ငြိမ်စဉ်းစားဆုံးဖြတ်စိတ်ရှိလာပြီဆိုတာ သိလာရပါတယ်။

ဒီအတိုင်းဆိုရင် ကျွန်တော်ဟာ လေးနက်စွာပျောက်ကွယ်ရတော့မယ် အဲဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်က

'ဟေ့ သူငယ်ချင်း၊ မင်းဟာ ဘာမဆိုလေးလေးနက်နက် တွေးတတ်လို့ကောင်းပဲ ဒီတော့ ဟာသစာရေးဆရာလုပ်ပါလား'

မှန်၏။ ကျွန်တော် ဟာသစာရေးဆရာဖြစ်လာသည်။ တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ကြည့်ပါ။ ပြန်စဉ်းစားကြည့်ပါ။

ပေါ့ရှမ်းရှမ်းနေတိုင်း ဟာသရေးလို့ဖြစ်မှာလား။ ကိုယ့်ရဲ့ခန္ဓာကိုယ်၊ ကိုယ့်ရဲ့ လုပ်ပေါက်ကိုင်ပေါက်ကြောင့် လူတွေက

'ပေါတောတောနဲ့ကွာ'

ဆိုပြီး ရယ်ကောင်းရယ်ကြပါလိမ့်မယ်။ ဒါပေမယ့် ဒါဟာ ဟာသ မဟုတ်ပါဘူး။ လူတွေရယ်တိုင်း ဟာသမဟုတ်ပါဘူး။ ဟာသဝတ္ထုဆိုတာ အရာရာ ကိုအလေးအနက်တွေးပြီးမှ အမြီးအမောက်မတည့်အောင် အကွက်ချပြီး စီမံထား တာပါ။ အလေးအနက်တွေးမထားရင် ခင်ဗျာ ရဲ့စာအုပ်ကို ခုဖတ်ပြီး ခုပစ်ချသွား ပါလိမ့်မယ်။ ရယ်ရရင်ပြီးရောဆိုပြီး မလုပ်သ ့ပါဘူး။

ရယ်မောခြင်းအချက် အဓိကအားဖြင့် သုံးမျိုးရှိပါတယ်။

၁။ အမှန်တကယ် ရယ်စရာကောင်းလို့ နှစ်ထောင်းအားရ ရယ်လိုက် ရတာမျိုး

၂။ ရှက်လွန်းလို့ အများနဲ့အတူ ရောနှောလိုက်တာမျိုး (သံယောင်လိုက် တာ။)

၃။ စိတ်ထဲမှာ နာကျင်လွန်းလို့ရယ်လိုက်တာမျိုး

အဓိက သုံးမျိုးရှိပါတယ်။

မှတ်သားဖူးတာက ဘုန်းကြီးလူထွက်တစ်ယောက် ခေါင်းပေါင်းကြီး ပေါင်းပြီး ရေငုပ်နေတာမျိုးပေါ့။

အမှန်ဆို ရေငုပ်မယ်ဆိုရင် ခေါင်းပေါင်းချွတ်ငုံ့ရမှာ။ ဒါပေမယ့် သူက ဘုန်းကြီးလူထွက်ဆိုတော့ခေါင်းတုံးလူမြင်မှာ ရှက်လို့တဲ့။ ခေါင်းပေါင်းထားပြီး ရေငုပ်နေတယ်။

ဒီဟာသမှာဆိုကြည့်။ ဘာဝေဒနာမှမပါဘူး။ နာကျင်မှုမပါဘူး၊ အရှက် တရားမပါဘူး။ ဒါဟာ နံပါတ် (၁) ရယ်စရာစစ်စစ်ပါ။

နံပါတ် (၂)က ရယ်စရာမဟုတ်ဘဲ ရှက်လွန်းလို့ သံယောင်လိုက် ရယ်မိတာမျိုး။

ဒါမျိုးက လက်သိပ်ထိုးဟာသတွေနဲ့ အငြိမ့်တွေပြက်လုံးတွေမှာ ဖြစ်တတ် ပါတယ်။ လူရွှင်တော်ရဲ့ ပြက်လုံးတွေကို ရယ်မိနေလျက်နဲ့။ လူရွှင်တော် တစ်ယောက်ရဲ့ ညစ်ညမ်းတဲ့ ပြက်လုံးကို ရုတ်တရက်နားရှက်စရာ ကြားလိုက်ရ သလိုမျိုးပါ။ လိုက်တော့ရယ်မိတယ်။ ဒါပေမယ့် ရှက်လို့ရယ်မိတာ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဘုရားရှင်ကိုယ်တော်မြတ်က ညီတော်အာနန္ဒာကို 'မီးသောင်သစ်ငုတ်တိုပေါ်ကမျောက်အိုမကြီးနဲ့ မင်းဇနီးဘယ်ဒင်းက လှသလဲ'လို့ မေးလိုက်တော့ ညီတော်အာနန္ဒာက မနှိုင်းယှဉ်နိုင်စရာကို နှိုင်းယှဉ်ပြတယ်ဆိုပြီး နာကျင်မှုနဲ့ရယ်လိုက်မိတာမျိုးပါ။

အဓိက သုံးမျိုးရှိပါတယ်။

ရယ်မောခြင်းကို ဖြစ်စေသောအကြောင်းက ဆယ်ချက်ရှိပါတယ်။

၁။ စကားမှားခြင်း၊ ၂။ ခစားသူဖြစ်ပါလျက် မာန်တက်ခြင်း၊ ၃။ ဆင်းရဲပါလျက်ကာမဂုဏ်လို့လပြုခြင်း။ ၄။ ဥစ္စာပေါပါလျက် မပေးကမ်းခြင်း။ ၅။ ကိုယ့်အားကိုယ်မကိုးဘဲ တစ်ပါးသူ၌မှီခိုနေခြင်း။ ၆။ အသက်အရွယ်ကြီးရင့်သော်လည်း တရားမဖက်ခြင်း။ ၇။ မင်းဖြစ်ပါလျက် အမတ်ဆိုးနှင့်တိုင်ပင်ခြင်း။ ၉။ ယောက်ျားဖြစ်ပါလျက် မိန်းမကြောက်ခြင်း။ ၁၀။ ရှေ့ဖြစ်ပဟောဆရာဖြစ်လျက် အကျင့်ပျက်ခြင်း။

စသည်ဖြင့် ဆယ်မျိုးရှိပါတယ်။

ကျွန်တော့်ရဲ့ ဘီလူးဝတ္ထုဟာ ရယ်မောခြင်းကိုဖြစ်စေသော နံပါတ်(၂) ခစားသူ ဖြစ်ပါလျက် မာန်တက်ခြင်း အမျိုးအစားထဲမှာ ပါပါတယ်။ ဒါကြောင့် သူဘာလုပ်လုပ် ရယ်နေရတော့တာပါပဲ။

ကျွန်တော် ဘီလူးဝတ္ထုကိုရေးတော့မယ်ဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ရေးမှာလဲ ကာရိုက်တာကရနေပြီ။ ဇာတ်လမ်းကလည်း တွေးလို့ရပြီ။ ဝတ္ထုရဲ့ ၉၈ ရာနှုန်းကခေါင်းထဲမှာ အလုပ်လုပ်ပြီးနေပြီ။ ။ ဝတ္ထုအဖြစ်ချပေးဖို့ ၂ ရာခိုင်နှုန်းသာ လိုပါတော့တယ်။

အဓိကပြဿနာက ဒီဝတ္ထုကို စကားပြေနဲ့ရေးမှာလား ဒါမှမဟုတ် စကားပြောနဲ့ရေးမှာလား။ စကားပြေနဲ့ရေးကြည့်တယ်။

'သူ၏ နာမည်ရင်းမှာ လှဦးဖြစ်ပါသည်'

အဆင်မပြေဘူး။

ကျွန်တော် ဘီလူးဝတ္ထုကို စကားပြောဟန်နဲ့ပဲ ရေးခဲ့ပါတယ်။

'နာမည်ရင်းက လှဦးရယ်'

ဒီမှာ တစ်ခုပြောပါရစေ။ ကျွန်တော့်ဆီ လူငယ်လေးတစ်ယောက် စာရေးချင်လို့ဆိုပြီး ရောက်လာတယ်။ သူရေးထားတဲ့ ဝတ္ထုလေးတွေလည်း ယူလာတယ်။ အဆင်ပြေပါတယ်။ သူ့ဝတ္ထုတွေအားလုံး စကားပြောဟန်နဲ့ပဲ ရေးထား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ ဒါနဲ့ ကျွန်တော် သူ့ကို မေးလိုက်တယ်။

‘စကားပြေ၊ စကားပြော သိလား’

သူ ကျွန်တော့်ကိုကြောင်ကြည့်ပြီး -

‘ဘာလဲ စကားပြေ စကားပြော’ တဲ့။

စကားပြေဆိုတာကို လုံးဝမသိဘူး။

စကားပြောနဲ့က ရေးရလွယ်တယ်တဲ့။ ’

မဟုတ်သေးဘူးခင်ဗျ။ ဟာသဝတ္ထုရေးသူဟာ စကားပြေစကားပြောကို အနည်းငယ်ကျွမ်းကျင်ရမယ်။ ဒါမှစကားပြေစကားပြောကို ရောရေးနိုင်မယ်။ စကားပြေနဲ့လိုက်မယ့်ဟာကို စကားပြေနဲ့ရေးရမယ်။ စကားပြောနဲ့လိုက်တဲ့ အကြောင်းကိုမှ စကားပြောနဲ့ရေးရမယ်။ လိုအပ်ရင် အဲဒီနှစ်မျိုးရောရေးရပါမယ်။ ဒါမှ ပြည့်စုံတဲ့ဟာသဝတ္ထုကောင်းဖြစ်လာမှာပါ။

စကားပြေ၊ စကားပြောတွဲရေးတဲ့နေရာမှာ ဆရာကြီးသော်တာဆွေဟာ စံပြပါပဲ။ သူ့ဝတ္ထုတွေကို ပြန်လေ့လာကြည့်ပါ။ (‘သော်တာဆွေ ၏ဝတ္ထုရေးနည်း၊ ဇာတ်ကောင်ရွေးနည်း’ဆိုတဲ့စာအုပ် ရှိပါတယ်။ ရှာဖတ်စေချင်ပါတယ်။ အဲဒီအထဲမှာ ဆရာကြီးရဲ့ဝတ္ထုရေးနည်းနဲ့ ဝတ္ထုရေးဖို့အတွက် ကုန်ကြမ်းဘယ်လို ရှာရမယ်ဆိုတာ အားလုံးပါပါတယ်။ သူကမြင်နေတဲ့အကြောင်းအရာတွေကိုပဲ ဝတ္ထုအဖြစ်ပြောင်း ပြောင်းရေးသွားတာကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်)။

နောက်တစ်ခုရှိတာက စကားပြောရေးဟန်ဆိုတာ အင်မတန်ခက်ခဲလှပါတယ်။ စကားလုံးအသုံးအနှုန်းကအစ ကျစ်လျစ်သိပ်သည်းနေမှ ဖတ်လို့ကောင်းတာမျိုးပါ။ ဆရာနေဝင်းမြင့်ရဲ့ ဝတ္ထုတွေကိုများများရှာဖတ်ပါ။ ဒါမှ စကားပြောရဲ့ကျစ်လစ်သိပ်သည်းမှုကို သိရမှာဖြစ်ပါတယ်။

စကားပြောရေးဟန်ရဲ့ နောက်ကွယ်မှာ အတွေ့အကြုံဆိုတာ အများကြီးမြင်ရပါလိမ့်မယ်။ ကိုယ်ကြုံ့တွေ့ဖူးတဲ့အရာမဟုတ်ရင် စကားပြောနဲ့ရေးလို့လှခဲပါတယ်။ ဒါကြောင့် ဟာသဝတ္ထုရေးမယ့် ဆရာလေး၊ ဆရာမလေးများကို စကားပြေကို များများလေ့လာဖို့ တိုက်တွန်းချင်ပါတယ်။ ဆရာကြီးသိပ္ပံမောင်ဝရဲ့ မောင်လူအေးဝတ္ထုတွေလည်း များများရှာဖတ်ကြပါဦး။

ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖန်တီးရေးသားပတ်ဝန်းကျင်ကို လေ့လာမှု ၉၀ ရာနှုန်း ပါဝင်ပြီး ဇာတ်လမ်းဆင် စဉ်းစားခြင်းက ၈ ရာနှုန်းရှိပါတယ်။ တကယ်တမ်းချရေးတာကတော့ (၂)ရာနှုန်းပဲ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာမှ ပါဝင်မှု အနည်းပါးဆုံးဖြစ်သော (၂)ရာနှုန်းကို ဘာဖြစ်လို့ မလေ့လာနိုင်ရမှာလဲ။

ဇာတ်လမ်းကောင်းတယ်။ အတွေးကောင်းတယ်။ ဒါပေမဲ့ အရေးအသား မကောင်းရင် ဝတ္ထုကောင်းတစ်ပုဒ်ဘယ်လိုဖြစ်နိုင်တော့မှာလဲ။

ဟာသဝတ္ထုဆိုတာ တခြားဝတ္ထုအမျိုးအစားတွေနဲ့ မတူပါဘူး။ အချစ်ဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထုစသည်ဖြင့်ပေါ့။ အဲဒီလိုအမျိုး အစားတွေဟာ မကောင်းရင်သည်းခံလို့ရပါတယ်။ ဟာသဝတ္ထုကတော့ မရယ်ရရင် ဖတ်သူဟာ ဒေါသပါထွက်လာတတ်ပါတယ်။ တစ်ခါထဲညီးသွားတတ်ပါတယ်။ ဒီလူဟာ တစ်ခါနှစ်ခါဖတ်လို့မရယ်ရဘူးဆိုရင် တစ်သက်လုံးစိတ်ဆိုးနေတတ်ပါတယ်။ သူ့နာမည်မြင်တိုင်း စာအုပ်ကို ထုရိုက်ချင်နေတတ်ပါတယ်။

✖✖✖✖✖

www.burmeseclassic.com

www.burmeseclassic.com





သရော်စာအကြောင်းဆက်ရအောင်။ သရော်စာဆိုတာ နားလည်လွယ်အောင် အလွယ်ကူဆုံးပြော ရရင်တော့ ပန်းချီကယ်ရီ ကေးချားရေးတဲ့သဘောပါပဲ။ နှာခေါင်းကြီး တဲ့သူကို နှာခေါင်းပိုကြီးအောင်ရေးတယ်။ ပါးစပ်ပြဲတဲ့သူကို ပါးစပ်ပိုပြဲအောင်ရေးတယ်။ သူ့ရဲ့ထူးခြားချက်ကို ပိုမိုပေါ်လွင်အောင် ရေးသားနောက်ပြောင်ရတာပါပဲ။

သူက ရှိနေတာကိုပဲ ရှိနေတဲ့အဖြစ် အပျက်ကိုပဲ သရော်ရတာပါ။ ကိုယ်သရော်ချင် တဲ့အကြောင်းအရာဟာ လူတိုင်းသိနေရမယ်။ ဘယ်သူမှမသိတဲ့ အကြောင်းအရာကို သရော် ရင်လည်းရပါတယ်။ ဘယ်သူမှ မသိဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တစ်ယောက်တည်း ကျိတ်ရယ်နေပေ့ါ။ ဒါပါပဲ။

သရော်စာဆိုတာ အင်မတန်မှကို အန္တရာယ်ကြီးပါတယ်။ သရော်စာ ရေးရာမှာ မရယ်ရဘူးဆိုရင် တစ်ဖက်သားကို ပြောင်ကြီးထိုင်ဆဲ နေသလိုပါပဲ။ သရော်စာရေးရာမှာ သတိထားဖို့က -

'ကိုယ့်လက်သီးရဲ့ ပြင်းအားနဲ့ တစ်ဖက်လူရဲ့ ခံနိုင်ရည်နှုန်းထားကို ချင့်ချိန်ဖို့လိုအပ်ပါတယ်'

ခံနိုင်ရည်မရှိသူကို ပြင်းပြင်းထန်ထန် ထိုးနှက်မိရင် အင်မတန်အန္တရာယ် ရှိပါတယ်။

သရော်စာဆိုတာ ဝေဖန်ရေးအမျိုးအစားကိုဟာသနဲ့ ပေါင်းထားခြင်း ပါပဲ။ ဝေဖန်ထောက်ပြရာလည်းကျရမယ်။ ရယ်စရာလည်း ဖြစ်နေရမယ်။ ဒါမှ သရော်စာကောင်းကောင်းတစ်ခု ဖြစ်ပါမယ်။

သရော်စာမှာ အမှန်တရားပါရှိရပါတယ်။ အဲဒီအမှန်တရားကိုမှ ရယ်ရွှင်ဖွယ်ကောင်းတဲ့ တင်ပြပုံမျိုးနဲ့တင်ပြရတာပါ။ အမှန်တရား ပြောရင် ခံနိုင်တဲ့သူရှားပါတယ်။ အဲဒီတော့ ရယ်ရွှမ်းပတ်ရွှမ်းနဲ့ တစ်ဖက်သူခံသာအောင် ဝေဖန်ရတာမျိုးပါ။ ဒါကြောင့် အောက်ပါအချက်ကလေးတွေ မှတ်သားစေလို ပါတယ်။ သရော်စာ ရေးမယ်ဆိုရင်ပေ့ါ။

၁။ အမှန်တရားပါရမယ်။

၂။ တစ်ဖက်လူရဲ့ ခံနိုင်ရည်ကို ထည့်တွက်ရမယ်။

၃။ အားလုံးသိရှိနေတဲ့ အဖြစ်အပျက်ဖြစ်ရမယ်။

၄။ ဒေါသမပါရဘူး။

၅။ ရေးသူရဲ့ကိုယ်ပိုင်ဘဝနဲ့ ခံစားချက်များ ထည့်မရေးရပါဘူး။

၆။ ကောင်းသော ဝေဖန်ခြင်းဖြစ်ရမယ်။

၇။ ရယ်ရွှင်ဖွယ်ကောင်းရမယ်။

ဒါပါပဲ။ အဲဒီ ခုနစ်ချက်ကိုသိရင် သရော်စာရေးလို့ရပါပြီ။ ရှင်းသွား အောင် ဥပမာအနေနဲ့ တစ်ခုလောက်ပြပေးပါ့မယ်။

သမ္မတကလင်တန် နန်းစံစဉ်ကပါ။

သူ့ရဲ့ အိမ်ဖြူတော်ရှေ့မှာ 'ကလင်တန်ကို မုန်းတယ်'ဆိုတဲ့ စာသား ကို လူတစ်ယောက်က သေးနဲ့ရေးသွားပါတယ်။

အဲဒါကိုမြင်တော့ ကလင်တန်လည်း ဒေါသထွက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



ဒီသေးဟာ ဘယ်သူ့သေးဖြစ်ကြောင်း ချက်ချင်းစုံစမ်းဖို့ ဓာတုဗေဒအဖွဲ့ကို တာဝန်ပေးလိုက်ပါတယ်။

သိပ်မကြာပါဘူး။ အဖြေထွက်လာပါတယ်။

'ဒီသေးဟာ ဒုတိယသမ္မတ အယ်လ်ဂိုးရဲ့သေးဖြစ်ကြောင်း'

အစီရင်ခံကြပါတယ်။ ကလင်တန်လည်းစိတ်ဆိုးပြီး ဒုတိယသမ္မတကိုအရေးယူဖို့အလုပ်မှာ စစ်ဆေးရေးအဖွဲ့က ထပ်မံအစီရင်ခံပါတယ်။

'ဒီသေးဟာ ဒုတိယသမ္မတရဲ့သေးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့လက်ရေးကတော့ သမ္မတကတော် ဟီလာရီကလင်တန်ရဲ့ လက်ရေးပါ'

နမူနာတစ်ခုအနေနဲ့ ကျွန်တော်သရော်စာ တစ်ပုဒ်ရေးပြပါမယ်။ ဒါဟာ အားလုံးသိပြီးသား အကြောင်းအရာလေးပါပဲ။

ကြည့်ကြရအောင်။

✖✖✖✖✖

www.burmeseclassic.com

www.burmeseclassic.com





# စီးရီးချေး

"၂၀၀၈မှာ အောင်မြင်မှုရော၊ ချစ်သူရည်းစားရော၊ တယ်လီဖုန်းအွန်လိုင်း ရုပ်မြင်သံကြားအစီစဉ်မှာရော စတားစင်စစ် ဖြစ်ရမယ်။ ငါဟဲ့ယောက်ျား၊ တောက်ဆရာတောက်၊ ကြွားဆရာကြွား၊ အာဟား အာဟား"

သို့ကလို ကြိမ်းဝါးပြီးသကာလ မည်သို့မည်ပုံ ဆက်လုပ်ရမည်မသိသော သက်ကြားပညာရှင်အဖြစ် အများအသိ အမှတ်ပြုထားသည့် ကျွန်ုပ် ( အများအခေါ် ) အဘကိုကိုကြီးသည် တစ်ထွာတစ်မိုက် တီတီ ရှိသော ဉာဏ်ပညာကိုလွှာသုံး ရန်မစွမ်း



www.burmeseclassic.com

www.burmeseclassic.com



သာ၍ ဘယ်နားဖြစ်ဖြစ်လှမ်းဆွဲ Hip Hop ငနဲကောင်နက်ဖြစ်ရမည်ဟု သတင်းကြီးသော ရန်ကုန်မြို့လည်ထဲသွား၍ နီးစပ်ရာငတိလေးတစ်ကောင်အား ဖတ်ခနဲဂုတ်ဆွဲ၍

"ဒီနေ့ဘာသွင်းနေလဲဟင်" ဟု မေးလိုက်ရာ အနှီသကောင့်သားလဲ ဟဝါရောဂါဖြစ်နေသောလူတစ်ဦးကဲ့သို့ ခါးပုံရှေ့တွဲကျနေသော ဘောင်းဘီပွကြီးအား ဆတ်ခနဲဆွဲမလျက် -

"ဟင်း. . . ဟင်း၊ အတွဲလေးပေါ့အဘရယ်"

"ကျွန်ုပ်လည်း ဘော်ဘော်တို့လို စီးရီးလေးလုပ်ချင်လို့ အဲဒါ"

"ဒါများ၊ လွယ်ပါတယ်အဘရယ်၊ စီးရီးဈေးရှိသားပဲ၊ အဲဒီကို သွားလိုက်ပြီးပြီ"

သွားလေသူ Hip Hop လူငယ်လေး(ကျွန်ုပ်နှင့်တွေ့ပြီး ချက်ချင်း ထွက်သွားသောကြောင့် သွားလေသူဟု သုံးလိုက်ရခြင်း ဖြစ်ပေ၏) ညွှန်ပြရာ စီးရီးဈေးသို့ သီချင်းခွေအထွက်မနှေးရအောင် အပြေးကလေး ခြေကြွခြင်းပြုရပေတော့သည်တမုံ့။

"အယ်"

စီးရီးဈေးဆိုသော်ငြား တိပသောဆိုင်ခန်းများ ခင်းကျင်းထားခြင်းမရှိဘဲ Hip Hopနှင့် R&B ဟု သူတို့ဖာသာသူတို့ အမည်တပ် ထားသောအဆိုကျော် လုလင်ပျို၊ လုံမပျိုများသာ လက်ညှိုးတစ်ထောင်ထောင်၊ ကျွတ်ကျွလုနီးနီး ဘောင်းဘီပွကြီးများကို အလယ်ကောင်ကဆွဲမ၍ ထင်ရာလမ်းသလားနေကြပေ၏။

စီးရီးဈေးထဲသို့ မည်သို့မည်ပုံစီးရီးတစ်ခွေဖြစ်မြောက်အောင် ပြုလုပ်ရမှန်းစဉ်းစား၍ပင်မရခင်မှာ အမြင်အာရုံ မှုံတုံမှိုင်းတုံထဲတိုးဝင်လာသော လက်တွန်းလှည်းတစ်စီး၊ ဆွဲဆွဲငင်ငင်အော်လိုက်တာက-

"အသင့်သွင်းပြီးသား တီးလုံးတွေပါတယ်။ တစ်ခွေတစ်သိန်း၊ တစ်ခွေတစ်သိန်း။ အက်ဆစ်ဆော့ဖ်ဝဲနဲ့ရမယ် ချူရမ်းဒိုးနဲ့တီးတာရမယ်၊ ဖလူတီနဲ့တီးဘာရမယ်၊ လိုရင်ဝယ်ထား၊ အသင့်တီးပြီးသားတွေနော်"

ကြည့်လိုက်တော့ လက်တွန်းလှည်းပေါ် ပီသရီးဟုခေါ်သော အန်းတိတ် ကွန်ပျူတာကြီးကိုတင်၍ သရီးကေဘက်ထရီကြီးနှင့် ချိတ်တွန်းလာခြင်းဖြစ်၏။

"တီးလုံးတွေလာပြီနော်၊ တင်နွမ်ကိုရီမစ်စ် ပြုလုပ်ထားပါတယ် မိုးဇတ်ကို ဖြတ်ကပ်ထားပါတယ်၊ ရန်နီကို မြန်ဖြစ်ထားပါတယ်၊ ယောင်ယောင်နော် လိုရင်ယူထား တစ်ခွေတစ်သိန်း၊ တစ်ခွေတစ်သိန်း"



www.burmeseclassic.com

www.burmeseclassic.com

## ဘကြည်ဝေက်

ထိုအော်သံကြားသည်နှင့်Hip Hopနှင့် R&B အဆိုကျော်လုလင်ပျို လုံမပျိုများ သူ့တစ်ခွေငါ့တစ်ခွေနှင့် အလုအယက်ဝယ်ယူကြသည်။

ဩော် ဒီလိုအသင့်တီးပြီးသားလေးတွေရှိတော့လဲ လွယ်သား။

ကျွန်ုပ်လဲ ဝက်ဖြစ်မှတော့ စွပ်ပြုတ်ဖြစ်ရန် မကြောက်နိုင်ဟူသောဆုံး နှလုံးမူ၍ ရပ်ပါဂရုကျဲပါးစပြုချိန်မှ မခို့တရို့အနားကပ်ကာ၊ တုန်သောတိုးသော အသံဖြင့်-

"အဘ အဘကိုလဲ တစ်ခွေပေးပါလားကွယ်"

တီးလုံးရောင်းသောလူငယ်က မော့ပင်မကြည့်ပဲ စီဒီတစ်ချပ်ထုတ်ပေး၏။ ကျွန်ုပ်လဲ သူထုတ်ပေးသောခွေကိုလှမ်းမယူသေးပဲ တောင်းပန်တိုးရှိုးသော မျက်နှာကလေးဖြင့်-

"မဟုတ်ဘူးလေကွယ်၊ အဘက အသက်ကြီးမှ စီးရီးလုပ်မှာ ဆိုတော့ သူများထက် ထူးခြားမှဖြစ်မှာမို့ပါ"

ကျွန်ုပ်၏စကားကို လူငယ်ကလေးမှ မော့ပင်မကြည့်ဘဲ သူ့စီဒီပုံးကြီးထဲ လက်နှိုက်ကာ ဟိုရှာဒီရှာလုပ်ရင်း-

"ခရီးရှေးရှင်းလုပ်မယ်ဆို၊ နောက်သုံးသောင်းထပ် ပေးရမယ်၊ အချိန်ထဲ နည်းနည်းကြာမယ်"

သူ့စကားကြောင့် ကျွန်ုပ်လဲစိုးရိမ်သွားပြီး

"နောက် သုံးသောင်းပေးတာက အပန်းမကြီးပါဘူးကွယ်၊ သူများနဲ့ မတူရင်ပြီးရော၊ ဟိုလေ အချိန်ကရော ဘယ်လောက်ကြာမှာလဲပ . တအား ကြီးကြာမယ်ဆိုရင်"

ကျွန်ုပ်စကားပင်မဆုံးလိုက် လူငယ်ကမျက်မှောင်ကျုံ့ပြီး-

"ဆယ့်ငါးမိနစ်"

ဆိုကာ သူ့ပီသီးကွန်ပျူတာစုတ်ကြီးကို ဒေါက်ခနဲဖွင့်ပြီး ခရီးရှေးရှင်း စီးရီးဖန်တီးခြင်းအလုပ်ကို စတင်လိုက်လေသည်။

"ခရီးရှေးရှင်းလုပ်တယ်ဆိုတာ မလွယ်ဘူးဗျ၊ ဆယ့်ငါးမိနစ်လောက် အချိန်ယူမှ တန်ကာကျတာ၊ ဟောဒီမှာကြည့်၊ အမ်မီနမ်ရဲ့ ပက်တမ်ကို ဝိလ်မင်း အိုင်အမ်ရဲ့အင်ထရိုနဲ့တွဲကပ်လိုက်မယ်၊ သူများတွေဆို ဒါမျိုးဘယ်လုပ်မလဲ အမ်မီနမ်ကိုဆို ဒါဒီးလောက်နဲ့တွဲကပ်တာ၊ အဲဒါကိုမှ ဆင်ဖိုနီနံပါတ်ငါးနဲ့ ဟောထို ချိတ်ပြီး ဒီနေရာမှာ ဓါတ်ပြားနှစ်ချက်ပွတ်၊ ဟော ရပြီဗျာ ခရီးရှေးရှင်း"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီးသကာလ ခလုတ်ကိုဒေါက်ခနဲဖွင့်ချလိုက်ရာ Hip Hopဘီတင်နှင့်အော်ဂတ်စတြာအသံဆန်းကြီးလုံးထွေးပြီး ဘာသံဟုခွဲခြားရခက်သော ကြောက်ခမန်းလိလိအသံကြီးတစ်သံ ထွက်ပေါ်လာ၏။

" ဟော တွေ့လား၊ တီးလုံးသံကြားတာနဲ့ ကြက်သီးဖြန်းဖြန်း ထရမယ်၊ ဒါမှ ခရီးရေးရှင်း၊ ဟား ဟား လာပြန်ပြီဗျာ နောက်တစ်ပုဒ်"

သူငယ်ကလေးမှာ မည်သူ့စကားမှနားမထောင် သူ့ဘာသာသူပျော်ပြီး ဂျွန်ဒဲလ်ဗားရဲ့သီချင်းထဲမှ ဒရမ်သံကိုဖြုတ် ၁ဂါနတနီနီရဲ့ တယောသံကိုထည့်၊ မထင်လျှင်မထင်သလို ခါတ်ပြားတွေကိုပွတ် လိုပွတ်၊ မြန်မာဆိုင်းဝိုင်းသံများကို တောင်တစ်လုံးမြောက် တစ်လုံးစီထည့်ပြီးသကာလ အချိန်ကာလဆယ့်လေးမိနစ်စွန်းစွန်းတွင် ခရီးရေးရှင်း Hip Hopတစ်စီးရီး အတီးပိုင်းနိတ္ထိတံလေတော့၏။

" ကဲ . . ပြီးပြီအဘ၊ ဒီတီးလုံးတွေက ဘယ်သူနဲ့မှတူမှာမဟုတ်တဲ့ တီးလုံးဆန်းကြီးတွေပဲ၊ ကမ္ဘာမှာတောင်မပေါ်ဖူးသေးဘူး၊ ဒီဂီတကိုClaship Hop လို့ နာမည်ပေးရမယ် ဒီလိုတေးဂီတကိုဖန်ဆင်းမိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တောင် နားမလည်နိုင်ဖြစ်မိတယ်၊ အဲဒီအတွက်ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်၊ ငွေတော့လက်ငင်းချေပါ"

ဟုလက်ဝါးဖြန့်လာသောအခါ ကျွန်ုပ်လည်းအနှစ်နှစ်အလလမှ စုထားသောတစ်ထောင်တန်အနွမ်းတစ်ထုပ် နှင့်အကြွေသုံးသောင်းကို ကတုန်ကယင်နှင့် ထိုးထည့်ပေးကာမှ လက်တွန်းလှည်းလေးတွန်းလျက် မြောက်ကြွမြောက်ကြွနှင့် ထွက်သွားတော့၏။

"နေ နေပါဦးမောင်ရင်ရယ်၊ တီးလုံးပြီးတာတော့ ဟုတ်ပါပြီ သီချင်းရေးတော့"

"ကျုပ်ရှိတယ်လေ၊ တစ်ပုဒ်သုံးသောင်း၊ ယို့ . . . ယို့ . . . အာဟ. အာဟ"

ကျွန်ုပ်၏စကားပင်မဆုံးလိုက် နံဘေးမှာ ဘယ်အချိန်ရောက်နေမှန်းမသိသောဦးထုပ်နောက်ပြန်၊ အားကစားဆွယ်တာနှင့် လွန်စွာကြီးမားသော ဘောင်းဘီကြီး မကာမကာပြုလုပ်နေသော၊ မသိလျှင်မမြင်ရာ ပွေးပေါက်၍လူမသိအောင်ညစ်ကုတ်နေရသောစတိုင်နှင့် လူငယ်လေးတစ်ဦးက ဆိုလိုက်သဖြင့် ကျွန်ုပ်မှာသုံးဆယ့်နှစ်ချောင်းသော သွားအစုံမရှိတော့သော ပါးစင်ကြီး ပွင့်ဟသွားရလေသည်။

www.burmeseclassic.com



" ဟစ်ဟော့တေးရေး ဟစ်ဟော့လောကမှာ ဖခင်ကြီးဆုံးပြီး သူ့အခေ
နောက်လင်ယူလို့ပေါ်လာတဲ့ဟစ်ဟော့ပထွေးကြီး ဆန်းဆန်းပန်းကြိုင်ဆိုတာ ကျွ
ပဲ၊ ယို. . . ယို. . . တစ်ပုဒ်သုံးသောင်း ဆယ်ပုဒ်ဆိုဈေးလျှော့ပေးတယ် အာဟ
အာဟ၊ ခုရေး ခုယူ"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်းသီချင်းရေးဖို့လိုနေတုန်း သီချင်းရေးဆရာ
ရောက်လာသဖြင့် ဝမ်းသာသွားပြီး-

" အခန့်သင့်လိုက်လေ"

" အခန့်မသင့်နဲ့၊ ရော့ဒီမှာစာသား၊ ဆိုလို့ရပြီ"

" ဟင် "

" မဟင်နဲ့၊ စာသားက သိပ်မြောက်လွန်းလို့ ကြားသူအပေါင်း နှုတ်ဖျား
ရေပန်းစားဦးမှာ၊ ဆိုကြည့်လိုက်၊ ဆိုကြည့်လိုက်"

ဟု အတင်းဆိုခိုင်းနေ၍ ကျွန်ုပ်လဲ သူ့စာသားစာရွက်ကိုကိုင်၍ Hip
Hopစတိုင်နှင့် စတင်သီဆိုလိုက်ရသည်။

" ယို ယို ကမ်းမွှန်၊ ကမ်းမွှန်"

" နာရီကိုကြည့် ခြောက်နာရီအတိ
အပျင်းပြေလမ်းလျှောက် သေးထိုင်ပေါက်
ကံကြမ္မာကဆိုး မြွေဆိုးနဲ့တိုး
မြွေဆိုးကပေါက်တော့ ဆေးရုံရောက်
ဆေးရုံကိုသွား နာ့စ်မနဲ့ညား
နာ့စ်မနဲ့ညားတော့ ကလေးမွေး
မွေးလာတဲ့ကလေး ကုလားလေး
(သံပြိုင်)သံတွေဝယ်တယ် ကြေးတွေဝယ်တယ်၊ ယို့ ယို့
သံတွေဝယ်တယ် ကြေးတွေဝယ်တယ်၊ ယို့ ယို့ "

သူ့သီချင်းကိုရွတ်ကြည့်ပြီး ကျွန်ုပ်ကိုယ်တိုင် အူကြောင်ကြောင်ဖြစ်ကာ

"ဟင် နင့် နင့်သီချင်းကြီးက ဘာမှလည်းမဆိုင်ဘူး"

"ဆိုင်စရာမလိုဘူးလေ၊ အဓိကအလုံးကောင်းဖို့ပဲ၊ ဒီလိုအလုံးကောင်း
လူတကာနှုတ်ဖျားမှာရေပန်းစားမှာ၊ ဟော ဒီမှာကြည့်စမ်း၊ သံတွေဝယ်တယ်
ကြေးတွေဝယ်တယ် ယို့ ယို့ဆိုတာ လူတိုင်းရဲ့ရင်ထဲ တိုက်ရိုက်ရောက်စေ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးဗျ၊ ဟုတ်ဖူးလား၊ ဟား ဟား"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်း ကျွန်ုပ်ကိုယ်ကျွန်ုပ်ပင် ဇဝေဇဝါ ဖြစ်သွားပြီး-

"အေး ဟုတ်သလိုလိုပဲ၊ အဲ ဒါပေမယ့် အဘကျတော့ အသက်ကြီးပြီဆိုတော့ ဘဝနဲ့ဆိုင်တဲ့သီချင်း"

ကျွန်ုပ်စကားပင်မဆုံးလိုက် သူငယ်ကချက်ချင်းဘောပင်ထုတ်ပြီး-

"အခုချက်ချင်းရမယ်"

ဆိုကာ သီချင်းတစ်ပုဒ်ကို လက်တန်းကောက်ရေးချလိုက်သည်။ ဩော် ပီဘိဥာဏ်ကြီးရှင်ပေပဲ။

သိပ်မကြာလိုက်ပါ။ အချိန်အတိအကျဆိုရသော် တစ်မိနစ်ကို နှစ်စက္ကန့်လွန်မြောက်ချိန်တွင် စာမျက်နှာငါးမျက်နှာဆန့်သော Hip Hop သီချင်းရှည်ကြီးတစ်ပုဒ် ပြီးမြောက်လေသည်။

"ကိုင်း ပြီးပြီဗျာ၊ ဒီသီချင်းမှ ပရိသတ်ရဲ့အသည်းဆိုင်ကို ဆွဲကိုင်လှုပ်မှာ၊ ရော့ ဖတ်ကြည့်"

ဟုဆို၍ စာရွက်များလာထိုးထည့်၍ကြည့်လိုက်ရာ-

" ဟင် "

အဖွင့်တွင်ရေးထားသောစာသားမြင်သည်နှင့် ကျွန်ုပ်မှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားရလေသည်။

" သား ကိုကိုကြီး၊ အဖေ့ကို အရက်ဖိုးလေး သုံးထောင်လောက်ပေးပါလားကွာ"

စာသားမြင်သည်နှင့် ကျွန်ုပ်မျက်လုံးပြူးသွားပြီး-

"ဟင် ငါ့အဖေက အရက်မှမသောက်တာ"

ဟုဆိုလိုက်ရာ Hip Hopခေါင်နှောက်မှခေါ်လာသော Hip Hop ပထွေးကြီးဆန်းဆန်းပန်းကြိုင်က ကျွတ်ခနဲစုတ်သပ်ပြီး-

"ဆက်ဖတ်ကြည့်လိုက်ပါဦး၊ တိုယ့်ဘဝတို တိုယ်ကိုယ်တိုင်ထောင်ချက်ရည်ပြန်ဝိုင်းသွားဦးမယ်"

ဟုဆို၍ ဖတ်ကြည့်လိုက်ရာ-

" သားမှာ အောင်ဒီရှိဖိုးရှင်းစရာမရှိလို့ အမေ့စိတ်ပူတီးနေ မိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ခဲ့တာ"

" ဟင်. . . ငါလဲပုတီးမပေါင်ဖူးပေါင်၊ ဟင် ဒါက"

" ကွမ်းယာရောင်းတဲ့ကုလားလေးဘဝကို ငါပြန်မရောက်ချင်ဘူး"

" ဟင် ငါမှကွမ်းယာမရောင်းဖူးတာ၊ အလို ဒီဟာကရော"

" ရှစ်နာရီကျော်အထိ ဖဲလည်ရိုက်တဲ့အဖေရယ်၊ အမြန်ပြန် လာခဲ့ ဟိုကောင် ငါ့ညီဆိုတဲ့ကောင် ဘာမှမသိဘူး၊ အမေကလဲ အိမ်မှာစားဖို့မရှိဘူး"

" ဟင်. . . ဟာ. . . အလို. . . ဒါ. . ဒါတွေက"

အံ့ဩလွန်း၍ အာမေဋိတ်သံများပင် စုံစေ့သွား၏။ ဒါကို ဆန်းဆန်း ပန်းကြိုင်က

" ကိုင်း ဘယ့်နှယ့်လဲ၊ မျက်လုံးကို ပြူးကရော့မဟုတ်လား၊ ဒါမှ ဘဝထဲက Hip Hop ဗျ၊ ယို့ယို့. . . အာဟ ၊ အာဟ"

သူငယ်၏ စကားကြားတော့ ကျွန်ုပ်လဲပို၍မျက်လုံးပြူးကာ

" ဟင်. . . ဒါတွေက ငါတကယ်ဖြစ်တာမှမဟုတ်တာ၊ ငါ့အမေဆီကလဲ ပုတီးယူမပေါင်ဖူးဘူး၊ နောက်ပြီး ငါ့အဖေကလဲ အရက်မပြောနဲ့ ဆေးတောင်ငုံ တာမဟုတ်ဘူး၊ ငါဒီသီချင်းဆိုလိုက်မှ အသက်ကြီးပြီဖြစ်တဲ့ငါ့မိဘအရှက် တခွမ်း ခွမ်းနဲ့ခွဲသလိုဖြစ်နေမှာပေါ့၊ တကတည်း မင်းလုပ်လိုက်မှ မိသားစု တစ်စုလုံး တစ်ယောက်မှ လူကောင်းကို မပါဘူး"

ကျွန်ုပ်၏စကားကို သူငယ်လေးမှ 'အ'ရန်ဇကာ ဟူသည့်အကြည့်နှင့် ကြည့်ပြီးသကာလ-

"အဲဒါတွေခက်တာပေါ့ဗျ၊ အခုခေတ်က ဟုတ်သည်ရှိ မဟုတ်သည် ရှိ ပရိသတ်ရဲ့သနားကရုဏာကိုရမှ စားပေါက်ချောင်တာဗျ၊ စင်ပေါ်ရောက်ရင် အီးခနဲ တစ်ချက်ငိုလိုက် ပြီးပြီ"

"ဟယ်. . . စင်ပေါ်မှာ ဘာလို့ငိုရမှာလဲ စားပေါက်ချောင်ချင်ရင် တောင်းစားမယ်ကွာ၊ မိဘကိုအရှက်ခွဲပြီးမှ စားပေါက်ချောင်တာမျိုးတော့ မလုပ်ချင်ပေါင်၊ ကိုင်း ကိုင်း နောက်တစ်ပုဒ်ပေး"

ကျွန်ုပ်၏စကားကို သူငယ်လေးက အင်မတန်ဖုံးဝေးလှသော ဥ ဘကြီးအား မည်သို့မှတ်တင်မှတ်တင် တက်မည်မထင်ဟူသော အကြည့်နှင့်ကြည့် ပြီး-

" နောက်သီချင်းတွေက အသင့်ရေးပြီးသားတွေ ရှိပါတယ်ဗျ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဟာက၊ ဒီသီချင်းက"

" ဆိုချင်ဘူးဆိုမှကွာ"

ကျွန်ုပ်ငြင်းဆန်မှုဆုံးသည်နှင့် ငတီက-

" ရဟတ်လေ မဆိုချင်ဘူးဆိုလဲရပါတယ်၊ ဒီလိုပေါက်သီချင်းမျိုးက ဘယ်သူ့ ပေးပေးရတယ်"

ဟုဆိုကာ နွေခေါင်ခေါင်ကြီးမှာပင် သိုးမွေးအနွေးထည်အပြာကြီးနှင့် ခေါင်းဆောင်းပါဆောင်းထားသော လူငယ်လေးတစ်ဦး ဖြတ်သွားသည်ကို တွေ့၍

" ဟေ့ ချစ်တီး "

" တစ်ခါတည်းအာကို ကျွန်တော့ကိုခေါ်လား"

" အေး ဟောဒီမှာ သီချင်းလေးတစ်ပုဒ်ရေးထားလို့"

"တစ်ခါတည်းကြိုက်ပြီအစ်ကို၊ တစ်ခါတည်းသွားဆိုလိုက်မယ်"

ဟုဆို၍ စာရွက်ကို ဖျတ်ခနဲဆွဲယူပြီး ပြေးထွက်သွားလေသည်။ ထို တော့မှ Hip Hopပထွေး ဆန်းဆန်းပန်းကြိုင်က သူ့ခါးပုံစတွင် ဖွက်ယူလာသော စာရွက်စုတ်ထုပ်ဆွဲထုတ်၍-

" ကဲ. . အဲဒီမှာ၊ တစ်ခွေစာပဲ၊ ဆိုချင်သလိုဆိုလို့ရပြီ"

ကျွန်ုပ်လဲ သူ့စာရွက်အစုတ်ထုပ်ကို လက်ခံယူပြီး

"အေး. . . ငါ့မှာလဲ၊ တီးလုံးလဲရ၊ စာသားတွေလဲရပြီ ဆိုပေမယ့် ဘယ် နားသွားဆို"

ကျွန်ုပ်၏စကားပင်မဆုံးလိုက် ဆန်းဆန်းပန်းကြိုင်မှပင်-

" ဟား အဲဒီအတွက်တော့မပူနဲ့၊ ကျုပ်သူငယ်ချင်းရဲ့ Home studio ရှိတယ်၊ သိပ်ကောင်းတယ်၊ အဲဒီမှာ သွားဆို"

ဆို၍ ကျွန်ုပ်လည်းဝမ်းသာသွားပြီး-

" ဟင် ဒါဆို ဟန်ကျပ့်၊ Home studioတဲ့ သွားရဝေးလား"

" အာ. . . မဝေးပါဘူးဗျာ၊ ဒီမှာခဏစောင့်"

ဟုဆို၍ နောက်ဖက်လှည့် လက်ခုပ်နှစ်ချက်တီးကာ-

" ဟေ့. . . ဒီမှာ၊ ဒီကအဘ အသံသွင်းမယ်ဟေ့"

သူ့အသံကြားသည်နှင့် အနောက်ကတစ်ယောက်က-

" လာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ Home studio ဟုရေးထားသောပိတ်ခြင်ထောင်ကြီးမခ္ဒ ပြေးလာလေသည်။

" ဟင် ဒါ၊ ဒါက Home studio "

စကားပင်မဆုံးလိုက် ပိတ်ခြင်ထောင်ကြီးနှင့် ကျွန်ုပ်ကိုအုပ်ချလိုက်ပြီး လျင်မြန်သောအဟုန်ဖြင့် ပိတူးဟုအမည်ရသော ကွန်ပျူတာတို့၏ဘိုးအေ ဘုရား စူးကွန်ပျူတာလက်ဖြစ်ကြီးခလုတ် ဒေါက်ခနဲနှိပ်ချလိုက်လေတော့သည်။

" ကိုင်း ဆိုလို့ရပြီ၊ ဖိုက်. . . ဖိုး. . . သရီး. . . တူး. . . ဂိုး"

ဟု တိုင်မင်ပါခေါ် ပေးသမှုပြုသောကြောင့် ကျွန်ုပ်လဲယောင်လည်လည် နှင့် သီချင်းကို စဆိုလိုက်မိချေတော့၏။

" နာရီကိုကြည့် ခြောက်နာရီရှိ
အပျင်းပြေလမ်းလျှောက် သေးထိုင်ပေါက်
ကံကြမ္မာကဆိုး မြွေဆိုးနဲ့တိုး
မြွေဆိုးကပေါက်တော့ ဆေးရုံရောက်
ဆေးရုံကိုသွား နာ့စ်မနဲ့ညား
နာ့စ်မနဲ့ညားတော့ ကလေးမွေး
မွေးလာတဲ့ကလေး ကုလားလေး

"ဟော့ သံတွေဝယ်တယ်၊ ကြေးတွေဝယ်တယ်၊ ယို့ ယို့. . သံတွေ ဝယ်တယ် ကြေးတွေဝယ်တယ်. ယို့. . ယို့. . . အာဟ အာဟ. . . ကလေး တွေကများ ကြေးတွေကပွား၊ စားစရာမရှိတော့ ငါးပိရည်နဲ့ထိ၊ စိတ်တွေလည်းညစ် လိပ်တွေလည်းဖြစ် ဆရာဝန်ကိုပြတော့ အသာဖြကြည့် အိုးလေး. . . လှုပ်ပါဗျေ အိုးလေးလှုပ်ပါဟော့"

" ကောင်းတယ်ဗျို့ နောက်တစ်ပုဒ်စမယ်၊ ဝမ်းတူးဂိုး"

" နေ့ နေပါဦးကွာ၊ မင်းတို့ Home studio ကြီးကလည်း ပူ ပူလို့"

" လာမယ် အဲယားကွန်းလာမယ်၊ လာပြီဗျာ ရော့၊ ဒီမှာ အဲယား ကွန်း"

ဟုဆိုကာ "ဦးတောက်ထိန် ၆၄နှစ်၊ ရေဝေးသုသာန်တွင်သင်္ဂြိုဟ် ဟူသောစာတမ်းပါ မြန်မာဖြစ်ထန်းလက် အဲယားကွန်းကြီးထိုးပေး၍ ကျွန်ုပ်မှာ ဘော်လျှူးမြင့်ပြီး နှစ်ချက်သုံးချက် ခတ်လိုက်ရလေတော့၏။

ဤသို့ဖြင့် သီချင်းတစ်ခွေလုံး တီးပြီးဆိုပြီး Home studio ထဲက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်ချိန်။ (အမှန်တော့ သူတို့ဘာသာသူတို့ ခြင်ထောင်ကြီးပြန်မသွားပြီး နောက်တစ်ယောက်ကိုသွားအုပ်နေတာပါ။) ခြေတစ်လှမ်းမှမရွေ့ရသေးပဲ စီးရီးတစ်ခွေစာကို စီးရီးဈေးမှာတင် အချောသပ်ပြီးဖြစ်နေပေပြီ။

" အင်း သီချင်းတွေကတော့ပြီးပြီ၊ ခွေကာဗာဒီဇိုင်းလုပ်ဖို့ပဲ ကျန်တယ်၊ ဒီဇိုင်းဘယ်မှာ သွားလုပ်ရပ့်"

ကျွန်ုပ်၏အတွေးပင်မဆုံးလိုက်။ ကြားလိုက်ရသည့်အသံက-

" ဒီဇိုင်း၊ ဒီဇိုင်း၊ ဒီဇိုင်းတွေရမယ်၊ ဒီဇိုင်း အသင့်လုပ်ပြီးသား ဒီဇိုင်းတွေပါတယ်နော့်၊ မိုက်ကယ်ဂျက်ဆင်က ဖေးဗစ်ဘိုဝီကိုလက်ညှိုးထိုး နေတဲ့ပုံတွေပါတယ်၊ ဂွင်းစတက်ဖနီပေါင်ပေါ် ဂျက်စတင်တင်းဘားလိပြုံးပြုံး ကြီးအိပ်နေတဲ့ပုံတွေပါတယ်၊ ဒီဇိုင်း. . . ဒီဇိုင်း. . . လိုရင်ယူထား၊ ဒီဇိုင်းတွေရမယ်နော်၊ ဖေါင့်တွေစုံတယ်၊ အလန်ဇယားကြီးတွေပါတယ်"

" ရွှေ နိပ်ပဟ "

လက်တွန်းလှည်းလေးတွန်းလာသော ဒီဇိုင်းသည်ကိုတွေ့၍ ကျွန်ုပ်ဝမ်းသာသွားရ၏။

" အခါအခွင့်သင့်လိုက်လေ၊ စီးရီးတစ်ခွေ တစ်ခါတည်းပြီးပြီပေါ့"

ဟူသောအတွေးဖြင့်-

" ဗျို့ ဒီဇိုင်းဆရာ၊ ဒီကိုလာပါဦးဗျို့ "

ကျွန်ုပ်၏အော်ခေါ်သံကြောင့် ဒီဇိုင်းဆရာလေးမှပြုံးရွှင်စွာဖြင့်-

" လာပြီဆရာ. . လာပြီ၊ ဘာဒီဇိုင်းလုပ်မှာလဲ၊ စီးရီးကာဘာလား ဝေါ်ရှိလား အစုံရတယ်နော်"

ဟုပြန်အော်ရင်း လက်တွန်းလှည်းလေးတွန်းပြီးပြေးလာ၏။

" ဘာဒီဇိုင်းလိုချင်လဲအဘ၊ အသင့်လုပ်ပြီးသားတွေပါတယ်၊ ကိုရီးယား အဆိုတော်ရိမ်းအပေါ် အင်ဂျလီနာဂျိုလီခွစီးထားတဲ့ ပုံတွေလဲပါတယ် လိုတာပြော"

ဟုဆိုလိုက်ရာ ကျွန်ုပ်ကလည်း-

" အဲ အဲဒီလိုကြီးတော့မလိုချင်ပါဘူးကွယ်၊ အဘက အဆိုတော် အသစ်ဆိုတော့ ဟိုလေ၊ အများနဲ့မတူတဲ့ဒီဇိုင်းလေး"

" အာ. . ဒါများ လွယ်ပါတယ်အဘရယ်၊ ဟောဒီမှာကြည့် ဘူတင်း ဆဲက ကျွန်တော်ခိုးဖြတ်ထားတဲ့ပုံတွေရှိတယ်၊ ဒီမှာကြည့် ဆရာသုန်းရဲ့ပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်ဖြူစံရဲ့လက်ရေးနဲ့ဘက်ဂရောင်းကို ဆရာမှတ်သုန်ရဲ့ပုံဖြတ်ထည့်ပြီး ဟောဒီရေးချက်ကိုက ဆရာမောင်ညိုဝင်းရဲ့ရေးချက်လေးနဲ့ ဖြည့်လိုက်မယ် ပြီးပြီဗျာ"

ဟုတ်ပေ့။ မှန်ပေ့။ အလုပ်မြန်ချက်က စက်နှင့်ပင်တွက်၍မမီ။ ချက်ချင်း ပင် ဆရာစုံ ပုံစံစုံရောထားသော အမျိုးအမည်ခွဲခြားရခက်သော မြန်မာ့ကာဘာ ဆန်းကြီးတစ်ခု ချက်ချင်းရရှိလိုက်လေသည်။

ကျွန်ုပ်လည်း ရုတ်ချည်းရုပ်လုံးပေါ်ပြီဖြစ်သော ကျွန်ုပ်၏ပထမဆုံးစီး ရီးကိုကြည့်၍ ပီတိတွေအလိပ်လိုက်ဖြစ်ပြီး

" ကိုင်း. . . ခွေတော့အစအဆုံးပြီးပြီ၊ ခွေဖြန့်ဖို့ပဲကျန်တော့တယ်၊ စီးရီး ခွေဖြန့်ချိရေးကို ဘယ်မှာငှား"

" ခွေတွေဖြန့်တယ်နော်၊ ခွေတွေဖြန့်ပေးတယ်၊ ခွေတွေကုန်အောင် ဖြန့်ပေးတယ်'

အစချီ အော်လာသောလက်တွန်းလှည်းတစ်ခုမြင်တော့ ကျွန်ုပ်လည်း ဝမ်းသာသွားသည်။ ထို့ကြောင့်

" လာပါဦးသူငယ်လေးရယ်၊ အဘခွေလေးဖြန့်ချင်လို့"

ခွေဖြန့်ပေးမည့် လက်တွန်းလှည်းနှင့်သူငယ်လေးက ခွေကိုတစ်ဖက်စီ လှန်ကြည့်ပြီး-

" ရတယ်လေ ဖြန့်ပေးမယ်၊ ခွေဖြန့်ခကတော့ အားလုံးပြီးမှပေး"

အနီသူငယ်စကားကြားတော့ ကျွန်ုပ်လည်းဝမ်းသာသွားပြီး-

" အေး. . အေးပါကွာ၊ ခွေတွေအားလုံးပြန်သိမ်းရင် ဖြန့်ခကိုပေးပါ မယ်၊ ခွေကိုသာကုန်အောင်ဖြန့်ပေးပါ၊ ဈေးလူမမေ့ပါဘူး"

ကျွန်ုပ်၏ဝမ်းသာအားရစကာကို ခွေဖြန့်ပေးသည့်သူငယ်က သူဖြန့်ချိ ရေးလက်တွန်းလှည်းလေးတွန်းကာ-

" မကုန်မှာတော့မပူနဲ့ဗျို့၊ ကျုပ်ကခွေတွေဖြန့်နေကျမို့ ဖောက်သည် ရှိတယ်"

" ဟင်. . . ဖောက်သည်ရှိတယ် ဟုတ်လား၊ ဘယ်မှာလဲ"

ကျွန်ုပ်၏အမေးကို လူငယ်လေးကလှည့်ပင်မကြည့်ပဲ သူတွန်းလှည်း လေး အရှိန်မပျက်တွန်းကာ-

" အနောက်မှာ လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြား၍ ကျွန်ုပ်လည်း ဝမ်းသာအားရကမန်းကတန်းပြန်လှည့်ကြည့်လိုက်ရာ-

လက်တွန်းလှည်းတစ်ခု။ လူတစ်ယောက်တွန်းလာသည်။ သူအော် လာသည်က

" ကော်တွေဝယ်တယ်၊ စက္ကူတွေဝယ်တယ်၊ စီဒီအချပ် အဟောင်းတွေ အပျက်တွေ ဝယ်တယ်ဗျို့"

ဤတွင် ကျွန်ုပ်၏ ကြိုးစားပမ်းစားပြုလုပ်ထားသော Hip hop ခွေ နိဗ္ဗိတံ၏။

✖✖✖✖✖



www.burmeseclassic.com

www.burmeseclassic.com





သရော်စာရဲ့ သဘောအရ စာရေးသူဟာ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ဆိုတာထက် အပြုအမူကိုပိုပြီး အလေးထားရမှာ ဖြစ်ပါတယ်။ သရော်စာဆရာဟာ မိမိ စိတ်ထင်တစ်ခုတည်းနဲ့ မရေးသားသင့်ပါဘူး။ ကိုယ်သရော်ရမယ့် အကြောင်းအချက် ခိုင်လုံရမယ်။ အဲဒီအ ကြောင်းအချက်ကို သာမန်လူတွေ ရုတ်တရက်မမြင်ကြပေမယ့် ကိုယ်ရေးသားပြလိုက်တာနဲ့ စာဖတ်သူရဲ့မျက်စိထဲစိတ်ထဲ ကွက်ကွက်ကွင်း ကွင်းမြင်စေရပါ့မယ်။ သည်လိုမှမရေးနိုင်ရင် သရော်စာရေးခြင်းမှာ အောင်မြင်တယ်လို့ ယူဆလို့မရပါဘူး။ နောက်ပြီးသရော်စာ ဆရာဟာ ရေးသားလိုက်တိုင်း အပြုသဘော ကိုသာဆောင်ရေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်ပါတယ်။ တစ်ဖက်သား အားနည်းချက်ကို နင်းကန် ဖိနှိပ်ရေးဖို့ မသင့်ပါဘူး။ ရေးသားတာနဲ့ တစ်ဖက်သားမှာ အနာပေါ်တုတ်ကျသလိုဖြစ်သွားပါမယ်။ အဲသည်လိုဖြစ်သွားရင် တစ်ဖက်သားကို သွယ်ဝိုက်ပြီးတင် မဟုတ်ဘဲ တိုက်ရိုက်ထိုင်ဆဲနေသလို အဓိပ္ပာယ်သက်ရောက်သွားပါလိမ့်မယ်။

ဒါကြောင့်အစပိုင်းမှာ ကျွန်တော်ပြောခဲ့သလိုပါပဲ။ အဲဒီစကားလေးကို ပြန်မှတ်ထားပေးပါ။

"သရော်စာ ဆရာဟာ ကိုယ့်လက်သီးပြင်းအားနဲ့ တစ်ဖက်သူခံနိုင်ရည်ကို အမြဲတမ်းချိန်ဆတတ်ဖို့ လိုပါတယ်"

နောက်ပြီးအရေးအသားက တည်တည်ငြိမ်ငြိမ်နဲ့ ခန့်ခန့်ညားညား စာလုံးအထားအသို ကျစ်လစ်ဖို့လည်း လိုအပ်ပါတယ်။

ဥပမာအနေနဲ့ နည်းနည်းလေးတင်ပြပါ့မယ်။ နည်းနည်းလေးဆိုမှ နည်းနည်းလေးပါ။ ဖတ်ကြည့်ပါ။

"နာမည်ကြီးလူငယ် ခြေကျမင်းသားပြတ်က သူ့ကက်ဖုတ်ကိုသရင်း စကားစ၏"

အဲဒီလေးပါပဲ။ ဒါလေးကိုပြန်ပြီးသရုပ်ခွဲကြည့်ပါ။

နာမည်လည်းကြီးတယ်။ လူလည်းငယ်တယ်။ခြေကလည်းကျနေပြီ။ ဘယ်လောက်ထိလဲဆို မင်းသားဘဝကတောင်ပြုတ်နေပြီ။ ဒါကိုတောင် ကက်ဖုတ်သတုန်းဆိုတော့ စဉ်းစားကြည့်။

စကားလုံးတိုင်းကျစ်လစ်ပြီး အဓိပ္ပာယ်ပြည့်စုံနေဖို့လိုပါတယ်။

"နာမည်ကြီးလူငယ်ခြေကျ"ဆိုတာကာရိုက်တာဖွဲ့လိုက်တာပါ။ ကက်ဖုတ်ကိုသတယ်ဆိုတာ သူ့ရဲ့ထူးခြားမှုကို ပြထားတာပါ။ အဲဒီလူငယ်ခြေကျ မင်းသားပြုတ်ရဲ့အမူအရာပေါ့။

*****



www.burmeseclassic.com

www.burmeseclassic.com





ရှေ့မှာကျွန်တော်ညွှန်းခဲ့ပါတယ်။ ဆရာကြီးသိပ္ပံမောင်ဝရဲ့ ဝတ္ထုတွေကိုဖတ်ဖို့ပါ။ စာရေးချင်တဲ့ ကလေးတစ်ယောက် ကျွန်တော့်ဆီ ဖုန်းဆက်တယ်။

'ဆရာ ဆရာပြောတဲ့ သိပ္ပံမောင်ဝ တော့မသိဘူး။ ဝနဲ့ပတ်သက်ရင် ကာတွန်းဝိဇ္ဇာပဲသိတယ်'တဲ့။

တော်သေးတာပေါ့။ ဝိဇ္ဇာတစ်ယောက်သိလို့။ နို့မဟုတ်ရင် ဝက်သားပဲသိတယ်လုပ်မလားပဲ။

ကိုင်း ထားဦးတော့။

ဟာသဝတ္ထုရေးရာမှာ ပရိယာယ်အမျိုးမျိုးရှိပါတယ်။ အရှေ့ပိုင်းမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဟာသရေးနည်းအမျိုးအစား အများကြီးခွဲပြပြီးခဲ့ပါပြီ။ ဟာသနဲ့ရသကိုလည်း တတ်သိသလောက်လေး ရှင်းပြခဲ့ပြီးပါပြီ။ အခု ဟာသကို အမျိုးအစားခွဲပြပါ့မယ်။

ဟာသနှစ်မျိုး ရှိပါတယ်။

'သာမန်ဟာသနဲ့ လေးနက်သောဟာသ'

သာမန်ဟာသဆိုတာကတော့ ပတ်ဝန်းကျင်လေ့လာမှုမပါ။ အတွေ့အကြုံ (ဝါ) စိတ်ကူးယဉ်မှုများဆီက ထွက်ပေါ်လာခြင်းဖြစ်ပြီး မည်သူ့ကိုမှ မထိခိုက်စေ၊ မည်သူ့ကိုမှအကျိုးသက်ရောက်မှုမရှိစေဘဲ ရယ်မောစေရုံသက်သက်ဖြင့် ရေးထားသောဟာသမျိုးဖြစ်ပြီး -

လေးနက်သောဟာသကတော့ သဘာဝ၊ ပတ်ဝန်းကျင်၊ ဘဝ၊ ခံစားမှုတို့ဖြင့် ဖွဲ့စည်းထားသော ကောင်းသောရည်ရွယ်ချက်ဖြင့် အဓိပ္ပာယ်ရှိရှိ ရေးသားထားသောဟာသမျိုးဖြစ်ပါတယ်။ ဆိုရသော်ဘဝအသိအမြင်၊ အသိတရား၊ အရှိတရားတို့ကို ရယ်မောဖျော်ရွှင် တင်ပြထားခြင်းဖြစ်ပြီး ထိုအထဲမှာမှ သတိသံဝေဂများ လိုက်လျောညီထွေဖြစ်အောင် ဖြည့်သိပ်ထားသော အမျိုးအစားဖြစ်ပါတယ်။

လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်မှာ ကြုံတွေ့နေရတဲ့ အမြီးအမောက် လွဲချော်မှု၊ ရှေ့နောက်မညီသောလူ့စရိုက်၊ အံဆင့်မပြေမှုများအပြင် လူတို့ရဲ့ ဟန်ဆောင်မှု၊ ဖောက်ပြန်မှု၊ လိမ်လည်မှု၊ ကြွားဝါကြီးကျယ်လိုမှုများကို ရယ်ရွှင်ဖွယ်ကောင်းသော ကရုဏာရသအဖြစ်ဖြစ်အောင် တင်ပြထားခြင်းမျိုးလဲဖြစ်ပါတယ်။

ဥပမာပြရရင် ဆရာကြီးဦးပုညရဲ့ရေသည်ပြဇာတ်ကိုပဲကြည့်ပါ။ ဆင်းရဲသားရေသည် နှစ်ယောက်ကို တင်ပြခဲ့ပုံမှာ ရယ်ရွှင်ဖွယ်လည်းကောင်း၊ ကရုဏာသက်စရာလည်းကောင်းလှပါတယ်။ (ဒါကြောင့်လဲ အဖိုးတန်စာပေဖြစ်လာတာပါ)။

ရှေးဆရာကြီးများရဲ့ အဆိုရှိပါတယ်။

'ရယ်နေရတိုင်း ဟာသအစစ် မဟုတ်ပါဘူး'

အခု ပြောလိုက်တယ်။ အခုလိုက် ရယ်တယ်။ ပြီးရင်ခုနပြောခဲ့တာဘာလဲဟင် ဆိုတာမျိုးကတော့ မဖြစ်သင့်လှပါဘူး။ ဒါကြောင့် ဟာသကိုဖန်တီးရာမှာ အတွေ့အကြုံနဲ့ သင်ခန်းစာတစ်ပိုင်းတစ်စပါရှိပါက လူတွေရဲ့စိတ်ထဲမှာ စွဲမြဲကျန်ရစ်စေမှာ ဖြစ်ပါတယ်။

အဲဒီအကြောင်းအချက်တွေရှိလို့ ဟာသစာပေသည် လွန်စွာရေးရခက်သည်ဟု ဆိုခဲ့ကြတာပါ။ ဟိုးရှေးယခင်က ဟာသစာပေကို ဒီလိုလှောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြဖူးပါတယ်။

'ဟာသစာပေသည် အပျော်အပျက်သဘောသာဆောင်၍ စာပေနယ်တွင် အောက်ဆုံးအဆင့်မှာသာရှိသည်'

ဘယ်လိုပြောပြော ဟာသကို ကြိုက်နှစ်သက်သူများကတော့ ကြိုက်မြဲဖြစ်နေခဲ့ကြသည်။ အဲဒါနဲ့ ဟာသဆရာကြီးတွေက ဒီလို ပြန်ချေပခဲ့ပါတယ်။

'ဟာသစာပေ ထိပ်တန်းရောက်နေသည်မှာ အောက်ဆုံးအဆင့်တွင်နေနိုင်သည့်အရည်အသွေး မပြည့်မီ၍ ဖြစ်သည်'

ကိုင်း- တင်ပြသွားပုံနဲ့ စကားလုံးအထားအသို ဘယ်လောက်လှလဲ။ ကိုယ့်ကိုယ်ကိုယ်လည်း မြှောက်မပြောဘူး။ တစ်ပါးသူကိုလည်း မနှိမ်ချဘူး။ လေးနက်သောအသွင်ကိုလည်း ပေါ်လွင်စေပါတယ်။ အနောက်တိုင်းမှာ များသောအားဖြင့် လေးနက်သောဟာသကို ဖော်ဆောင်သူအဖြစ် ရုပ်ရှင်မင်းသားကြီးချာလီချက်ပလင်ကို ညွှန်းဆိုကြပါတယ်။

ဟာသကဝိကြီး ချာလီချက်ပလင်ရဲ့ဇာတ်ကားတွေကိုကြည့်ရင် အူတက်မတတ်ရယ်ရပါတယ်။ ချာလီကိုလဲ အမြတ်ကြီးစား၊ လောဘသား၊ အာဏာရှူးလူလိမ်လူညစ်တွေရဲ့ နှိပ်စက်ညှင်းပန်းမှုကိုခံရတဲ့ ဆင်းရဲသားတစ်ယောက်အဖြစ်အမြဲမြင်ရပါတယ်။ လူလိမ်လူညစ်တို့ရဲ့ နှိပ်စက်မှု၊ အမြီးအမောက်မတည့်မှုများကြား ရုန်းကန်ရတဲ့ချာလီရဲ့ အပြုအမူကို လူတွေကရယ်မောရုံသာမကဘဲချာလီအပါအဝင် ဆင်းရဲသားများကို ကရုဏာသက်၊ သနားချစ်ခင်ကုန်ကြတော့တာပါပဲ။ ဒါကြောင့် ချာလီချက်ပလင်ဟာ ခုချိန်ထိ ကမ္ဘာ့ဟာသသမိုင်းမှာ နံပါတ်တစ်စာရင်းဝင် ဖြစ်နေခဲ့တာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ အုပ်ချုပ်စဉ်အခါ ကလည်းကျွန်တော်တို့ဆီက ဆရာအတော်များများဟာ အခြေအနေအရပ်ရပ်ကို ဟာသပညာနဲ့ထောက်ပြခဲ့တာ အများကြီးတွေ့ခဲ့ရပါတယ်။ အဲဒီခေတ်ကတော့ ဟာသစာပေ အဖွံ့ဖြိုးဆုံးခေတ်လို့တောင် ပြောလို့ရပါတယ်။ ဂျာနယ်တိုင်း စာစောင်တိုင်းမှာ ပင်တိုင်ဟာသပညာရှင်တွေ ပါဝင်နေကြပါပြီ။ အထင်ရှားဆုံးပုဂ္ဂိုလ်ကတော့ဆရာကြီးသခင်ကိုယ်တော်မှိုင်းပါပဲ။

'အစစ တွေးကြပါဦး။ ဝှကျကျ ကလေးတွေရဲ့ အဖေဟာမွေး...ပထွေးအဖေထင်လို့'

ဆိုတာမျိုးလေးတွေပါ။ လူတွေပိုနားဝင်အောင် ခပ်...ရှင်ဟာသ



www.burmeseclassic.com

www.burmeseclassic.com



အတွေးနဲ့ လေးလေးနက်နက်ရေးခဲ့တာပါ။ ဒီလို လေးနက်တဲ့ ဟာသလေးတွေက ဒီဆရာကြီးတွေမရှိတော့သည့်တိုင် လူတွေရဲ့စိတ်ထဲမှာ သံမှိုစွဲသလိုကျန်ရစ်စေတာပါ။

ဒါကြောင့်ဟာသစာပေ ရေးသားကြမယ့် ဆရာလေး ဆရာမလေးများ ပေါ့ပျက်ပျက်ဟာသတွေရေးမယ့်အစား လေးနက်တဲ့ဟာသ (ဟာသအစစ်)ကို ပိုမိုဖန်တီးကြစေဖို့ တိုက်တွန်းချင်ပါတယ်။ (ကိုယ်မလုပ်နိုင်တော့ သူများ မြှောက်ပေးရတာပေါ့)။

✖✖✖✖



www.burmeseclassic.com

www.burmeseclassic.com





ဟာသဝတ္ထုဖန်တီးရာမှာ အဓိက အကျဆုံးနဲ့ အသုံးဝင်ဆုံး အရာနှစ်ခုရှိပါတယ်။

'ဘောက်လုံးနဲ့ ဒေါက်လုံး'

ဘောက်လုံးကတော့ Witလို့ခေါ်တဲ့ အာဝဇ္ဇန်းပါ။ အရှေ့မှာ ကျွန်တော် သိသလောက် ရှင်းပြခဲ့ပြီးပြီမို့ ဆက်ရှင်းမနေတော့ပါဘူး။ လူရွှင်တော်တွေအပြောမျိုးနဲ့ဆိုရင် သူများပြောတာမကျခံပြန်ပြောတာ ဘောက်လုံးပေါ့။ဒေါက်ကျတော့ အဲလိုမဟုတ်ဘူး။ ဟာသတစ်ခုဖြစ်ဖို့ ဒေါက်အမျိုးမျိုးထောက်ပြီး စာဖတ်သူကိုချည်လာရပါတယ်။ ပြီးတော့မှ ကိုယ်ဖြုတ်ချင်တဲ့ နေရာရောက်ရင် အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဖြုတ်ချရပါတယ်။ ဒေါက်လုံး (ချည်လုံး၊ ခေတ်ပျက်လုံးလို့လဲ ခေါ်ကြတယ်)က အင်မတန် ပညာသားပါပါတယ်။ သူက ဘာနဲ့တူသလဲဆိုရင် အာခီမီးဒီးရဲ့ သင်္ဘောရေချနည်းနဲ့တူပါတယ်။

ရှင်ဘုရင်ရဲ့ တည်ဆောက်လိုက်တဲ့သင်္ဘောကြီးက လွန်စွာကြီးလွန်းလို့လူအင်အား ဘယ်လောက်သုံးသုံး ကုန်းပေါ်ကနေရေထဲကို ဘယ်လိုမှမတွန်းချနိုင်ဖြစ်နေပါတယ်။ ဒါကိုပညာရှင် အာခီမီးဒီးက သင်္ဘောကြီးကို ဒေါက်တွေပြည့်နှက်နေအောင်ဆင်ပြီးနောက်ဆုံးမှာမှ ဘုရင့်လက်ထဲကြိုးတစ်ချောင်းထည့်ပေးလိုက်တာပါပဲ။ ဘုရင်ကသူထိုးပေးတဲ့ ကြိုးလေးကို အသာလေးဆွဲလိုက်တာနဲ့ ဆင်ထားတဲ့ယန္တရားတွေ ဒေါက်တွေပြုတ်ပြီး သင်္ဘောကြီးတစ်စင်းလုံး ရေထဲကိုလျှောခနဲကျသွားတော့တာပါပဲ။

ဒေါက်သဘောနဲ့ ရေးသားရာမှာ ကိုယ်ထောက်ထားတဲ့အကြောင်းအရာအားလုံး ခိုင်မာနေဖို့အရမ်းလိုအပ်လှပါတယ်။ သူက စုံထောက်ဝတ္ထုဆန်ဆန်လဲဖြစ်နေပါတယ်။ စုံထောက်ဝတ္ထုရေးရာမှာလဲ ဒီသဘောအများဆုံးပါပါတယ်။ဥပမာ စာရေးဆရာကသူ့လက်ဖဝါးကိုဆုပ်ပြီး 'ဒီထဲမှာဘာရှိလဲ'လို့မေးလိုက်တာပါပဲ။သူ့လက်ထဲဆုပ်ထားတာ ဘယ်သူသိမှာလဲ။ သိသူက စာရေးသူတစ်ယောက်ပဲရှိပါတယ်။ ဒါကြောင့်စာရေးသူက သူ့လက်ထဲဒေါက်အမျိုးမျိုးဆင်ပြီး အဖြေမှန်နဲ့ ဝေးသထက်ဝေးအောင် သွယ်ဝိုက်ရ ဒေါက်ဆင်ရပါတော့တယ်။ အားလုံးခိုင်မာတော့မှသူ့လက်ဖဝါးကို ဖွင့်ပြလိုက်တဲ့အခါ 'ဩော်-ဒါတော့ဟုတ်သား ဒါလေးတောင်ငါမစဉ်းစားမိပါလား'ဆိုတဲ့ အမြင်အားလုံးရရှိသွားစေတာပါပဲ။ အမှန်တော့ အဲဒီလိုမစဉ်းစားမိအောင် အဖြစ်မှန်နဲ့ဝေးသထက်ဝေးအောင် ဆွဲခေါ်သွားတာက စာရေးဆရာပါပဲ။ ဒါစုံထောက်ဝတ္ထုရေးနည်းပါ။

ဖွက်ထားတဲ့အရာမှန်သမျှ စာရေးဆရာပဲသိပါတယ်။ အဲဒါကိုမှအကြောင်းအချက်ခိုင်မာအောင် ယုတ္တိရှိအောင် စာရေးဆရာ ကိုယ်တိုင်ကပဲယန္တရားပြန်ဆင်ရပါတယ်။ အားလုံးခိုင်မာမှ ဖွက်ထားတာကို ဖွင့်ပြပါတယ်။

ဆင်ထားတဲ့ယန္တရားခိုင်မာလေ ဖွက်ထားတဲ့အရာကို လူတွေပိုသိချင်လေပါပဲ။

ဟာသဒေါက်ရေးရာမှာလဲ ဒီသဘောပါပဲ။ ဒါပေမဲ့ လူတွေထင်တာတကိုယ့်လက်ထဲမှာ လောက်စာလုံးရှိတယ်ထင်ကြတယ်။ အဲဒီလိုမြင်အောင် ထင်ယောင်မှားဖြစ်အောင်လဲရေးရတယ်။ ဒါပေမဲ့ ဖွင့်ပြလိုက်တဲ့အခါ ကြက်ဥကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေဖို့လိုပါတယ်။

ဒေါက်သဘောအရ ကိုယ်ဖြုတ်ချချင်တဲ့နေရာ ရောက်မှ အချိန်ကိုက် ဖြုတ်ချရတာမျိုးပါ။ ဒီနေရာမှာ မြန်လို့လဲမရပါဘူး။ နှေးသွားလို့လဲ မဖြစ်ပါဘူး။ မြန်သွားရင်လဲ ဒေါက်ကထင်သလိုမပြုတ်ပဲ လိုအပ်တဲ့ရယ်သံ မရနိုင်ပါဘူး။ နှေးသွားပြန်ရင်လဲ အီလည်လည်ကြီးနဲ့ ဘယ်လိုကြီးခံစားရမှန်းမသိ ဖြစ်တတ်ပါတယ်။

မိတ်ဆွေတို့ပိုရှင်းသွားအောင် ဒေါက်နဲ့ရေးတဲ့ဟာသတစ်ခုကို ဥပမာပြပါ့မယ်။ အသေအချာမြင်အောင်ကြည့်ပါ။ ဒီသဘောကိုနားလည်ရင် အားလုံး ဒေါက်နဲ့ရေးတဲ့ဟာသကို ရေးလို့ရပါပြီ။ လွယ်လွယ်လေးပါ။

ဘုရားသခင်ထံ လူတစ်ယောက်ရောက်လာသည်။

" ဖာသာ ကျွန်တော်အပြစ်တွေ ကျူးလွန်ခဲ့မိလို့ ဝန်ချတောင်းပန်ချင်ပါတယ်."

ဘုရားသခင်က လူရွယ်ကို ကရုဏာသက်စွာကြည့်ပြီး-

" အိမ်း. . . ကိုယ့်အပြစ်ကိုသိလို့ ဝန်ချတောင်းပန်မယ်ဆိုတော့လဲ ခွင့်လွှတ်ရမှာပေါ့၊ ကိုင်း. . ပြောစမ်းပါဦး၊ ဘာအပြစ်တွေများ ကြီးကြီးမားမား ကျူးလွန်ခဲ့မိလဲ"

" ဒီလိုပါခင်ဗျာ၊ ကျွန်တော် တစ်နေ့ ပျင်းပျင်းရှိတာနဲ့ သူငယ်ချင်း အိမ်ကို အလည်သွားပါတယ်၊ ကျွန်တော်ရောက်သွားချိန်မှာ သူငယ်ချင်းက ရှိမနေပါဘူး၊ သူငယ်ချင်းရဲ့မိန်းမက ကျွန်တော့်ကိုညှို့ခံတဲ့သဘောနဲ့ တော်တော် ဖျော်တိုက်ပါတယ် သူနဲ့ကျွန်တော်စကားပြောနေတုန်း မိုးကပြုန်းခနဲရွာချလိုက် ပါတယ်၊ ကျွန်တော့်မှာကလဲ ထီးကမပါတာနဲ့ ပြန်ဖို့ခက်နေပါတယ် အဲဒါနဲ့ သူငယ်ချင်းမိန်းမနဲ့ ကျွန်တော် မှားမိကြပါတယ် "

ဘုရားသခင်က သက်ပြင်းချသည်။

" အင်း အမှုကတော့ အမှုကြီးပဲ၊ ဒါပေမယ့် ဘုရားသခင်ထံ ဝန်ချ တောင်းပန်တယ်ဆိုတော့ ခွင့်လွှတ်ရမှာပေါ့ အပြစ်ကလွတ်စေဗျာ "

" ဒါနဲ့တင်မဟုတ်ပါဘူးဘုရား၊ တစ်နေ့မှာ ကျွန်တော့ခယ်မဆီ သွားလည်တုန်း၊ ခယ်မရဲ့ယောက်ျားကရှိမနေဘူးခင်ဗျာ၊ ခယ်မကော်ဖီဖျော်တိုက် နေတုန်း မိုးကဆိုင်းမဆင့်ဗုံမဆင့်ပြုန်းဆိုရွာချပါလေရော့လား အဲဒါပြန်ဖို့ခက် လဲမပါ ခယ်မကလဲမိန်းမညီမမို့ ရုပ်ချင်းကဆင်၊ အဲဒါနဲ့ စိတ်ကမထိန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါထပ်မှားခဲ့ပြန်မိပါတယ်"

ဘုရားသခင်ကသက်ပြင်းချပြန်သည်။

"ဖင်းလေ. . . အပြင်မှာမိုးလေတွေကကြီး ခယ်မကလဲမိန်းမနဲ့ရုပ်ချင်းဆင်တော့ဖြစ်တတ်ပါတယ်လေ၊ ကဲ. . လွတ်စေဗျား လွတ်စေ"

"ဒါတင်မဟုတ်သေးဘူးခင်ဗျာ၊ တစ်နေ့ကျွန်တော့ယောက္ခမအိမ်သွားလည်တုန်း ယောက္ခမတွေကမရှိဘူးခင်ဗျာ့ မိန်းမရဲ့မောင်လေး တစ်ယောက်တည်းရှိနေပါတယ်၊ မိန်းမရဲ့မောင်ကလည်း အစ်မတွေနဲ့ချည်းနေနေရတော့ နည်းနည်းနွဲ့နေပါတယ်၊ ကျွန်တော်လည်း အိမ်ပေါ်အရောက်၊ မိုးကလည်းဖြန်းခနဲရွာချလိုက်တော့၊ အိမ်ပြန်ဖို့ထီးကမပါ၊ အဲဒါနဲ့ပဲ မိန်းမရဲ့မောင်နဲ့ ထပ်ပြီးဖောက်ပြားမိပြန်ပါတယ်"

လူငယ်၏စကားဆုံးသည်နှင့်ဘုရားသခင်က ဘေးဘီကပျာကယာဝေ့ကြည့်ပြီး-

"ထီးပါလား ဟင်"

"မပါဘူးခင်ဗျာ့"

"အေး ဒါဆိုမြန်မြန်ပြန်၊ ဟိုမှာ-မိုးအုံ့နေပြီ"

လွယ်ကူရှင်းလင်းအောင် ဒေါက်ကလေးတွေနဲ့ဘယ်လိုထောက်ပြီးရေးရမယ်ဆိုတာ ပြောပြတာပါ။

စကားလေးတစ်ခွန်းမှာ ဒေါက်ကလေးတစ်ခု၊ စကားလေးတစ်ခွန်းမှာဒေါက်ကလေးတစ်ခုချိတ်ဆက်ပြီး လိုအပ်တဲ့အချိန်ကျမှ တွန်းဖြုတ်လိုက်တာမျိုးပါ။ အဲဒီသဘောတရားလေးကိုသိရင် ဒေါက်လှလှလေးတွေဆင်လို့ရပါပြီ။ ဒေါက်ရဲ့သဘောတရားက ဟာသဝတ္ထုရယ်မှမဟုတ်ပါဘူး ဘယ်လိုဝတ္ထုမျိုးမှာမဆို အသုံးပြုလို့ရပါတယ်။ အနောက်ကဆက်ရေးမယ့် အကြောင်းအရာကို ပိုပြီးခန့်ခန့်ညားညားဖြစ်စေချင်တဲ့အခါ၊ ကိုယ်ရေးနေတဲ့ဝတ္ထုကို ပိုပြီးကြီးကျယ်စေချင်တဲ့အခါမျိုးမှာ အံဝင်ခွင်ကျ သုံးတတ်ရပါတယ်။

ရိုးရိုးလေးပဲထပ်ပြီး ဥပမာပြပါ့မယ်၊ မြန်မာဆန်ဆန်လေးပေါ့။ဒါအားလုံးကြားဖူးနေတဲ့ လူရွှင်တော်ပြက်လုံးပါ။

ရပ်ဝေးကသားတစ်ယောက်အဘ(အဖေ)ဆီပြန်လာပါတယ်။

'အဘရေ အဘ'

'ဟေ သား၊ မင်းတစ်ယောက်တည်းလား၊ မင်းညီမလေးရော'



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ မျက်နှာအိုချလိုက်ပြီး-

'အဘသမီးအကြောင်း မပြောချင်တော့ပါဘူး။ ဝမ်းနည်းလွန်းလို့ပါ အဘရာ. . . ဟီး. . .'

'ဟင်-ဘာ. . ဘာဖြစ်လို့လဲ။ရင်ထိတ်လိုက်တာသားရယ်။ ပြောစမ်းပါဦး'

'ဘယ်ကစပြောရမှန်းတောင် မသိပါဘူးအဘရယ်။အခုမောင်နှမနှစ်ယောက် အဘကိုကန်တော့ဖို့လာခဲ့တာပဲအဘရယ်။ သိတဲ့အတိုင်း လမ်းမှာနေကပူ'

'နေပူတော့ ဘာဖြစ်တုန်းကွ သားရ'

'ဘာဖြစ်ရမှာလဲ အဘသမီးပေါ့။ နေပူထဲကဖြတ်လာရလို့တဲ့။ လမ်းမှာ စမ်းချောင်းတွေတာနဲ့ ချက်ချင်းရေဆင်းကူးတာ'

'ဟေ-နေပူထဲကလာပြီး ချက်ချင်းရေဆင်းကူးတော့ ဒုက္ခများပြီပေါ့'

'အဲဒါပြောတာပေါ့အဘရယ်။သူလဲရေကူးပြီးရော မေးတွေကဂတ်ဂတ် ဂတ်၊ ဂတ် ဂတ် ဂတ်နဲ့တုန်။ နဖူးစမ်းကြည့်တော့ ဖလား. . . ဖလား'

'ဘုရား. . ဘုရား လုပ်စမ်းပါဟ။အဲဒါနဲ့ ကိုယ်ကပူရောလား'

'ကိုယ်ပူတာကပြောမနေနဲ့အဘရာ။ကျုပ်တောင်သူ့နဖူးပေါ် ခရမ်းသီး တင် မီးဖုတ်ပြီးတောင် စားခဲ့သေးတာ'

'ဟယ်-အဲသည်လောက်တောင်ပူသလား နောက် နောက်တော့ရော'

'နောက်တော့ဘာပြောကောင်းမလဲ အဘရာ။ လမ်းမှာသံပရာခင်းကြီးလည်းမြင်ရော မေးတွေ ဂတ်ဂတ်၊ ကိုယ်တွေတဆတ်ဆတ် တုန်နေတဲ့ကြားက သံပရာသီးစားချင်တယ်တဲ့'

'ဟင် ကိုယ်ဒီလောက်ပူနေတဲ့ကြားက သံပရာသီးစားချင်သေးသတဲ့ လား။မင်းကရော အစ်ကိုဖြစ်ပါလျက်နဲ့ မတားပါဘူးလား'

'တား. . တားပါတယ်အဘရာ။ဒါပေမဲ့ အဘသမီးကခေါင်းမာတယ် လေ။ သံပရာသီးငါးလုံးကိုခူးပြီး ရှမ်းရှမ်းရှမ်းနဲ့စားတာ. . . စားတာ. . . စားလဲပြီးရော'

'သေရောလား။ ငါ့သမီးလေး သေရောလား'

'ပါလာတယ် အဘရဲ့'

'ဩော်-ပါလာတာများ သေသွားတဲ့အတိုင်း ပြောနေတယ်'

အဲဒီသဘောပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းလွှမ်းဆွေးဆွေးအမူအရာလေးနဲ့ဆိုတော့ ပိုရယ်ရပြီပေါ့။

ဒီနေရာမှာအမူအရာနဲ့ ပတ်သက်ပြီးပြောပါရစေ။

ဒါကိုစာရေးဆရာနဲ့အမူအရာဘာဆိုင်လဲလို့ ပြောချင်ပြောကြပါလိမ့်မယ်။

ဆိုင်ပါတယ်။ဒီအမူအရာတွေကို ကိုယ်ကသိမှ ရေးပြလို့ ရပါလိမ့်မယ်။ ကိုယ်ရေးပြမှ ပရိသတ်က နားလည်ပါလိမ့်မယ်။

ကျွန်တော်တို့စာရေးဆရာတွေဟာ ပရိသတ်ကိုမျက်နှာနဲ့လည်း အမူအရာလုပ်ပြလို့မရ။ အသံနဲ့လည်းဖမ်းစားလို့မရတဲ့အတွက် အမူအရာကို ပိုသိရဖို့လိုပါတယ်။ဒါမှစာလုံးလေးတွေနဲ့ လူတစ်ယောက်ရဲ့ အမူအရာကိုပြန်ရေးပြလို့ရမှာပါ။

လူတစ်ယောက်ရယ်မောပျော်ရွှင်ဖို့ လှုပ်ရတဲ့အကြောပေါင်း လေးဆယ့်သုံးကြောနဲ့ ဝမ်းနည်းပူဆွေးဖို့ကိုတော့ ဆယ့်ခုနစ်ကြောလှုပ်ရတယ်လို့ဆိုပါတယ်။ (မှန်ချင်မှမှန်မှာပါ) ခန္ဓာကိုယ်တစ်ခုလုံးမှာ ဇာမိကလှုပ်ရှားနေတဲ့အပိုင်းကြီး သုံးဆယ့်ကိုးပိုင်းရှိပါတယ်။ အဲဒီအားလုံးထဲမှာအမူအရာကို အပြနိုင်ဆုံးက မျက်လုံးဖြစ်ပါတယ်။ နံပါတ်နှစ်ကို နှုတ်ခမ်းလို့ ပြောကြလိမ့်မယ်။ မဟုတ်ပါဘူး။ မျက်ခုံးပါ။

ခင်ဗျားတို့အားလုံး အံ့သြစရာကြုံလိုက်ရချိန် နှုတ်ခမ်းက"ဗျာ" ဆိုပြီးရေရွတ်မိချိန်မှာ မျက်ခုံးကအရင်အလုပ်လုပ်ပြီးနေပါပြီ။ နှုတ်ခမ်းနဲ့အသံကနောက်မှလာတာပါ။ အားလုံးကတော့ဒီနှစ်ခုဖြစ်ကြောင်းလူတိုင်းက ပြောကြပါလိမ့်မယ်။ အမှန်တော့ မဟုတ်သေးပါဘူး။ လူတစ်ယောက်ရဲ့အမူအရာကို အပြနိုင်ဆုံးအရာဟာ စိတ်ပါပဲ။ ဝမ်းနည်းကြေကွဲမှုပဲဖြစ်ဖြစ်၊ ဝမ်းသာစရာသတင်းပဲဖြစ်ဖြစ် ပထဆုံးခံစားလှုပ်ရှားသွားတာစိတ်ပဲ။ အဲဒီနောက်တခု စိတ်ခံစားမှုကိုပြသော မျက်လုံးနဲ့မျက်ခုံးကလိုက်ပြီး လှုပ်ရှားတာပါ။

မျက်လုံးမှာ အဓိကနှစ်မျိုးရှိပါတယ်။ ဝမ်းသာစရာသတင်းကြားရင် မျက်လုံးကအပြင်ကိုထွက်လာပြီး ဝမ်းနည်းစရာသတင်းကြားရင် မျက်လုံးဟာအထဲဝင်သွားပါတယ်။

ဆိုလိုတာက မျက်လုံးပြူးတာတောင် အပြူးခြင်းတူပါဘူး။ နောက်အသုံးပတ်ဝန်းကျင်အားလုံး စာထဲမှာပါအောင် ထည့်ရေးရပါတယ်။ အဓိကအကျဆုံးဇာတ်ကောင်ရဲ့ အမူအရာကလည်း စာဖတ်သူအတွက် ရသဖြစ်နေပါမယ်။ အလျဉ်းသင့်လို့ပြောပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ရသကိုးမျိုးပါရှိပါသေးတယ်။ဒါတွေကတော့
၁။ သိင်္ဂါရရသ။ ချစ်ခင်မှုကိုပြသော
၂။ ဟာသရသ။ ရယ်မောပျော်ရွှင်ခြင်းကိုပြသော
၃။ ကရုဏာရသ။ သနားကြင်နာမှုကိုပြသော
၄။ သန္တရသ။ တည်ကြည်လေးနက်မှုကိုပြသော
၅။ ရုဒ္ဒရသ။ ကြမ်းကြုတ်ရက်စက်မှုကိုပြသော
၆။ ဝိဘစ္ဆရသ။ စက်ဆုတ်ရွံရှာမှုကိုပြသော
၇။ ဘယာနကရသ။ ကြောက်ရွံ့မှုကိုပြသော
၈။ ဝီရရသ။ ရဲဝံ့တက်ကြွမှုကိုပြသော
၉။ အဗ္ဘုတရသ။ အံ့ဩမှုကိုပြသော

စသည်ဖြင့် အခြေခံအားဖြင့်ကိုးမျိုးရှိပါသည်။ ကိုယ်ကဘယ်အမျိုး အစားကိုရွေးချယ်ရေးသားမှာလဲ. . ချစ်ခင်မှုကိုပြသောအမှုအရာသည် ရယ်မော ပျော်ရွှင်ခြင်းကိုပြသော အမှုအရာနဲ့ မတူညီကြောင်း သိကြမှာပါ။ ဒီလိုပါပဲ။ ရသ ကိုးမျိုးလုံး ဆင်သယောင်၊တူသယောင်ရှိသော်ငြား တစ်ခုနဲ့တစ်ခုလွန်စွာ ကွဲပြား ခြားနားလှပါသည်။ ဝတ္ထုရေးသူတစ်ယောက်အနေနဲ့ (ဘာဝတ္ထုပဲရေးရေး) သာမက အနုပညာရှင်တစ်ယောက်အနေနဲ့ပါ ရသကိုးပါးကိုကြေညက်နေအောင်သိထား သင့်လှပါပေတယ်။ အဲဒီကိုးပါးထဲမှာမှ အဓိကအကျဆုံးလေးပိုင်းပြန်ထွက်လာ ပါတယ်။ ဒါတွေကို အနုပညာရှင်က ဖန်တီးရတာပါ။ ပရိသတ်ကတော့ မေးပါလိမ့် မယ်။

၁။ရယ်မောရသလား ( ရယ်ရသလား )
၂။ငိုကြွေးရသလား ( ငိုရသလား )
၃။ထိတ်လန့်ရသလား. . . ( ကြောက်စရာကြီးလား )
၄။အံ့ဩရသလား. . . ( အံ့ဩစရာလား )

ဆိုပြီးဖြစ်ပါတယ်။ အဲဒီလေးပိုင်းထဲမှာမှ တစ်ချက်တည်းပြန်စုစည်း သွားတာက-

"ကျေနပ်နှစ်သိမ့်မှုရှိပါသလား" ဆိုတာပါပဲ။အားလုံးကျေနပ်နှစ်သိမ့် စေရန်အတွက်ကတော့ အနုပညာရှင်ရဲ့တာဝန်ပါပဲ။(စာရေးကြမယ့်သူတွေဆို တော့ စာရေးသူပေါ့)

ကိုယ်က ဘယ်လိုရသမျိုးကိုပဲရေးရေး၊ ရယ်ရအောင်ပဲရေးရေး ငိုရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပဲရေးရေး၊ ထိတ်လန့်စေအောင်ပဲခြောက်ခြောက်၊ အံ့သြအောင်ပဲပြပြ၊ အဓိကလိုရင်း ကိုယ့်ရဲ့လုပ်ဆောင်ချက်အားလုံး လူတွေကျေနပ်နှစ်သက်သွားဖို့က အဓိကပါ။

ဆိုကြပါလိမ့်မယ်။

"ဟာ ဒီလောက်ကြောက်လန့်အောင် ခြောက်လှန့်နေမှ ဘယ်လိုကျေနပ်မှုရမှာလဲ"

ပြန်မေးမယ်။

ဒါဆိုကစားကွင်းတွေက"သရဲအိမ်ဆိုတာကိုလူတွေဘာလို့ သွားနေကြတာလဲ၊ ရိုလာကိုစတာကြီးကို ဘာလို့စီးနေကြတာလဲ" နောက်ဆုံးအဖြေက"ကျေနပ်နှစ်သက်မှုရှိလို့ပါသလား" ဆိုတဲ့အဖြေပေါ်မှာ အဆုံးသတ်ပါတယ်။

ဒါကြောင့်စာတစ်ပုဒ်ပဲရေးရေး စာတစ်ကြောင်းပဲရေးရေး ကိုယ်တိုင်လည်းကြိုက်ရမယ်။ လူတိုင်းလည်း ကျေနပ်နှစ်သက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ရေးပါလို့ တိုက်တွန်းချင်ပါတယ်။

*****



www.burmeseclassic.com

www.burmeseclassic.com





တချို့လည်းရှိကြပါတယ်။ စာကတော့ရေးချင်တယ်။ ဒါပေမယ့် တစ်ခါပဲရေးချင်တယ်။ ကျန်သွားတဲ့အပိုင်းတွေရှိပေမယ့် နောက်တစ်ခါ ပြန်ပြင်ရေးဖို့ ပျင်းကြပါတယ်။ ဒါဟာ အိုင်ဒီယာတစ်ခုဆုံးရှုံးခြင်းလို့ပဲ ကျွန်တော် မြင်ပါတယ်။ ဝတ္ထုကိုရေးရင်းနဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတွေ ကျန်သွားတယ်။ ပြန်ဖြည့်ရေးဖို့ဆိုရင် နောက်တစ်ခါ ထပ်ကူးရေးရမယ်။ ဒါကို မလုပ်ချင်ကြပါဘူး။

မဟုတ်ပါဘူး။ကျွန်တော်တို့တောင် အခုအချိန်ထိပြန်ဖျက်လိုက်ပြန်ရေးလိုက်လုပ်နေရတုန်းပါ။ ဘယ်လောက်ထိလဲဆို ကျွန်တော့်တစ်သက်မှာ တစ်ခါတည်းချရေးလိုက်လို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားတဲ့စာမူ တစ်ခါမှ မရှိသေးပါဘူး။ ဒီလိုပဲပြန်ပြင်လိုက် ပြန်ဖျက်လိုက်နဲ့ရေးနေရတုန်းပါ။ (မယုံရင် ကျွန်တော့်လက်ရေးစာမူတွေ ရှိပါတယ်။ အလျဉ်းသင့်ရင် ပြချင်ပါတယ်။)

စာရေးဆရာဖြစ်ချင်တယ်ဆိုစာရေးပါ။ စာရေးမပျင်းပါနဲ့။ များများကူး အကြိမ်ကြိမ်ရေးပါ။

စာရေးဆရာတစ်ယောက် ဘောပင်ကိုင်လိုက်တာနဲ့ "ဟောဒီကမ္ဘာလောကကြီးကို ငါပိုင်တယ်" လို့သဘောထားပေးပါ။

"ဟောဒီကမ္ဘာလောကကြီးဟာငါလုပ်၊ အနုပညာဖြစ်မယ်။ ဟောဒီကမ္ဘာလောကကြီးကို ငါ့စာကြောင်းတွေထဲ ထည့်သွင်းဖော်ပြလို့ရတယ်"ဆိုတာ အမြဲမှတ်ထားပါ။

ကမ္ဘာပေါ်မှာရှိတဲ့ လူဆိုးကြီးတွေကို လူကောင်းဖြစ်အောင်လုပ်လို့ရသလို၊ လူကောင်းတွေကို လူဆိုးဖြစ်အောင် စာရေးဆရာက လုပ်လို့ရပါတယ်။

အင်္ဂါဂြိုဟ်ပေါ်လည်း ခွထိုင်ထားလို့ရတယ်။ကမ္ဘာကြီးတစ်ခုလုံး ဘယ်ကဘယ်လို ဆက်စပ်နေတယ်မသိခင်မှာစာရေးဆရာကြီး ဂျူးဘန်း(စ်)က ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်ဆိုပြီး စာထဲမှာကမ္ဘာပတ်ပြခဲ့ပါတယ်။(နောက်နှစ်ပေါင်းမြောက်မြားစွာကြာမှ သူ့စာထဲမှာပတ်ပြခဲ့တာ မှန်ကြောင်း သိခဲ့ရကြတယ်)

သင်္ဘောပေါ်ဦးကာလမှာတင် ဂျူးဘန်း(စ်)ကပဲ ပင်လယ်ရေပြင်အောက်ခရီးစဉ်၂၀၀၀၀ဆိုပြီး ရေငုပ်သင်္ဘောတည်ဆောက်ပြီး ခရီးလှည့်လည်ပြခဲ့ဖူးသေးတယ်။ နောက်ပိုင်းမှ ရေငုပ်သင်္ဘောဆိုတာ တကယ်လုပ်လို့ရမှန်းသိခဲ့ကြတယ်။

ကျွန်တော်ဆိုလိုတာက အဲသည်လောက်တောင် ကြီးကြီးကျယ်ကျယ်ပိုင်ဆိုင်သူက စာတစ်မျက်နှာလေးပြင်ရေးဖို့ကို ဘာလို့ပျင်းနေရမှာလဲ။

ဒီလိုမှမတွေးဘဲ"ဩော်. . . ကမ္ဘာကြီးကိုငါကပိုင်တာကမဟုတ်ဘူး။ လူတွေကငါ့ဘာလုပ်လုပ်ကြည့်နေကြတယ်ဆိုတာ အရှူးလက်မှတ်ပေးထားလို့ပါလား"ဆိုပြီးတွေးရင်တော့တစ်မျိုးပေါ့။ ကဲ ရေးရင်းနဲ့ချော်ကုန်ပြီ။

ဆက်စပ်ရင်းပြောရပါဦးမယ်။ ကမ္ဘာကြီးကို အနုပညာရှင်တွေ ပိုင်တယ်ဆိုတာကိုပါ။

အနုပညာဆိုတာဘာလဲ။

အနုပညာကိုတချို့က(ရှုပ်ရှင်ဘက်က ပညာရှင်တွေ) အနုပညာလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါတယ်။ ဘယ်လိုလုပ်ရင် အနုပညာဖြစ်မှာလဲဆိုတဲ့ မေးခွန်းလည်း ရှိပါတယ်။ ကျွန်တော့်အယူအဆ(ကိုယ်ပိုင်အယူအဆပါ။ ဒါကြောင့်မှားနိုင်ပါတယ်)

အနုပညာဆိုတာ ဘာမှလုပ်စရာ မလိုပါဘူး။ သူ့ဘာသာသူ ရှိနေပြီးသားပါ။ ကလေးငယ်တစ်ယောက် လမ်းစလျှောက်တာ သူ့အတွက် လမ်းလျှောက်ခြင်းအနုပညာပါ။လက်သမားဆရာတစ်ယောက် သံရိုက်တာလည်း အနုပညာပါ။ အဲဒီအနုပညာကို မတတ်သူတစ်ယောက် သွားလုပ်လို့မရပါဘူး။

ဒီလိုပါပဲ သစ်ပင်စိုက်တာလည်း အနုပညာ၊ သစ်ပင်ပေါက်တာလည်း အနုပညာပါပဲ။ ဒါကို ကိုယ်တိုင်က မသိလို့ မမြင်တတ်လို့မမြင်မိလို့လည်း ဖြစ်နိုင်ပါတယ်။ မြင်တတ်တဲ့ပညာရှင်နဲ့တွေ့ရင်တော့ အရာရာဟာအနုပညာပါ။

ဥပမာဗျာ။ ခင်ဗျားတို့ရဲ့ ရှေ့မှာနေကြာခင်းတစ်ခင်းရှိနေတယ်၊ ဒါကို ကျွန်တော်တို့အနေနဲ့ ဘာမှထူးထူးခြားခြားမခံစားရဘူး။ဒါပေမယ့် ပန်းချီဆရာဖြစ်တဲ့ဗင်းဆင့်ဗန်ဂိုးရေးပြလိုက်တဲ့အခါ ထူးခြားတဲ့ အနုပညာပစ္စည်းတစ်ခု ဖြစ်လာပါတယ်။

စစ်ဖြစ်နေတဲ့ အနိဋ္ဌာရုံတွေကိုပဲ၊ ကြည့်လိုက်ရင် အော့အန်ချင်စရာပါ။ ဒါကို ပညာရှင်တွေ ပြန်လည်အသက်သွင်း ဖန်တီးလိုက်တဲ့အခါ အဲဒီအနိဋ္ဌာရုံဟာ အနုပညာ ဖြစ်လာပြန်ပါတယ်။

ဒါကြောင့် မြက်ပင်ပေါက်တာလည်း အနုပညာပဲ။ ကားမောင်းသွားတာလည်း အနုပညာပါပဲ။ အုတ်တံတိုင်းကြီး ကာရံထားတာလည်း အနုပညာပါပဲ။ မိုးကောင်းကင်ကြီးလည်း အနုပညာ၊ ပင်လယ်ပြင်လည်း အနုပညာပါပဲ။

အနုပညာမှာ ရသဆိုတာ ကပ်ပါနေစမြဲပါပဲ။ ကိုယ့်ကို ကြည်နူးနှစ်သက်မှုကို ပေးနိုင်တာမှန်သမျှ အနုပညာချည်းပါပဲ။

ကဲ အစကပြန်ကောက်ကြရအောင်။

သက်ရှိသက်မဲ့ အရာအားလုံးသည် အနုပညာဖြစ်သည်။အနုပညာအနီးတွင် ရသကကပ်ပါလျက်ရှိသည်။ ရသတွင် ရသကိုးပါးရှိသည်။ ရသကိုးပါးကို အနှစ်ချုပ်သော် အပိုင်းကြီးလေးပိုင်း ပြန်ထွက်လာသည်။ ထိုအပိုင်းကြီးလေးပိုင်း၏ အနှစ်သာရသည် "ကျေနပ်နှစ်သက်စေခြင်း"သာဖြစ်သည်။

ထိုအရာသည် လူတိုင်းနှင့်သင့်တော်သော"အနုပညာဖြစ်ပါသည်"။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





ကဲ ကမ္ဘာကြီးကိုတောင် အပိုင်စားရနေပြီဆိုတဲ့ အနုပညာရှင်စာရေးဆရာက ရွာတစ်ရွာတည်မယ်ဆိုရင်ကော။ အိုး.. ဟိုး.. အေးဆေးပေါ့။ ကိုယ်ကြားဖူးနားဝရှိတဲ့ရွာတွေထဲက အဆင်ပြေမယ့်ရွာတွေကို ရွေးကြည့်ရမယ်။ ဒါပေမယ့် အဲဒီရွာကို ကိုယ်တိုင်လည်း မရောက်ဖူးဘူး။ သူများပြောတာ ဆိုကတည်းက လိုတာလည်းရှိနေမယ်။ ပိုတာလည်း ရှိနေလိမ့်မယ်။ အဲဒီလို လိုနေတာ ပိုနေတာတွေထဲကကိုမှ စာရေးသူက ပကတိအသိဉာဏ်နဲ့ဆုံးဖြတ်ပြီး ရွာပြန်တည်ပေးရတာမျိုးပါ။ ပြီးတော့မှ ကိုယ်ရေးချင်တဲ့ ဇာတ်လမ်းကို ကိုယ်တည်ထားတဲ့ရွာမှာ အခြေခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရေးရတယ်။ ဒီသဘော။

ပိုရှင်းအောင် ပြောပါ့မယ်။

ကွယ်လွန်သွားပြီဖြစ်တဲ့ ကာတွန်းဆရာ၊ ဆရာဆွေမင်း(မနုဖြူ)ရေး သားခဲ့တဲ့ မြိုင်ရာဇာတွတ်ပီကာတွန်းတွေကိုပဲကြည့်ပါ။ မြိုင်ရာဇာတွတ်ပီ ပျော်စံရာ ကြံ့တိုင်းရွာဆိုတာ အပြင်မှာဘယ်မှာလဲ။ ဘယ်သူရောက်ဖူးလဲ။ ရှိရောရှိလို့လား။

ဒါပေမဲ့ သူရေးတာ အရမ်းပီပြင်ကောင်းမွန်တဲ့အတွက် အဲဒီရွာလေးဟာ အသက်ဝင်လာပါတယ်။ ဒါကြောင့် မြန်မာပြည်တစ်နံတလျားမှာ ကြံ့တိုင်းရွာ ဟော့ဆို တွတ်ပီတို့ရွာမှန်း လူတိုင်းသိကြပါတယ်။ ဒါဟာ စာရေးသူရဲ့ အတတ် ပညာ အစစ်အမှန်ပါပဲ။

ဆရာဆွေမင်းကိုယ်တိုင်လည်း ဒီရွာအသစ်တစ်ခုကို အသက်ဝင် အောင်တည်ဖို့ သူရောက်ဖူးတဲ့ရွာတွေကို အခြေခံပေါင်းစပ်ပြီး သူ့ရဲ့ပကတိ အသိဉာဏ်နဲ့ ပြန်လည်ဆင်ခြင်ပြီး၊ ဒီရွာကလေးကို ဖန်ဆင်းသွားတာပါ။ ကိုင်း- ရွာလေးရှိတော့ တွတ်ပီတို့၊ မသေးမျှင်တို့ သူကြီးဘစီတို့ဆိုတာ အလိုလိုအသက် ဝင်လာပြီး သူတို့ပါလာတာနဲ့ ဇာတ်လမ်းကဖြစ်နေပြီးသားလောက်ကိုအရေး ပါလာပါတော့တယ်။

ပကတိ အသိဉာဏ် ဆိုတာကို အနောက်တိုင်းကတော့-

'ဘဝရဲ့ ကျောက်ဆောင်ကမ်းပါးများကို ညွှန်ပြတဲ့ ကိုယ်ပိုင် သံလိုက် အိမ်မြှောင်' လို့ဆိုကြပါတယ်။

ပကတိအသိဉာဏ်ဆိုတာ သဘောတရားများအပေါ်မှာ အခြေခံထား ခြင်းလည်း မဟုတ်ပါဘူး။ ဖြစ်နိုင်ခြေများကို ကြိုတင်မှန်းဆတာမျိုးလည်း မဟုတ် ပါဘူး။ဖြစ်တည်နေမှုအပေါ်မှာမှ ရှာဖွေတွေ့ရှိထားခြင်းတစ်မျိုးသာ ဖြစ်ပါတယ်။

ဒါကြောင့် ဇာတ်လမ်းရေးသားရာမှာ 'ကျွန်တော်တို့ဘဝဖြတ်သန်းမှု အပေါ် အခြေတည်ပြီး မိမိရဲ့ကိုယ်ပိုင်အသိဉာဏ် (ပကတိအသိဉာဏ်) နဲ့ပြန်လည် ပိုင်းခြားပြီးရေးသားတာက အကောင်းဆုံးဖြစ်လာလိမ့်မယ်'လို့ကျွန်တော်တိုက် တွန်းပါရစေ။ ဖြစ်တည်မှု၊ ကြုံတွေ့မှု၊ သဘာဝ၊ ဒါတွေကို အခြေခံမပါဘဲ အသေ အချာမသိဘဲ စိတ်ကူးယဉ်သက်သက်နဲ့သာ ဖန်တီးကြည့်ပါ။ပြီးရင်ကိုယ်ကြုံခဲ့ဖူးတဲ့ အဖြစ်အပျက်တွေကို အခြေခံပြီး ဇာတ်လမ်းပြန်ဆင်ကြည့်ပါ။ ဘယ်ဟာ ပိုပြီး ကောင်းမွန်သလဲဆိုတာ တွေ့ရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးဟာသဝတ္ထုရေးသူတွေဟာ ပရိယာယ်ကြွယ်ဝရပါတယ်။ စကားလုံးအပေါ်မှာ ပရိယာယ်သုံးခြင်း၊ ဇာတ်လမ်းဇာတ်ကွက် အပေါ်မှာ ပရိယာယ် သုံးခြင်းများ ပြုလုပ်ရလေ့ရှိပါတယ်။ တစ်ခါတလေမှာ ကိုယ်ရေးတဲ့ဇာတ်လမ်းမှာပါဝင်တဲ့ ဇာတ်ကောင်ကို လုံးဝမရိပ်မိ။ မသိခဲ့သလို ဖြစ်သလောက်ထိကို ရေးရပါတယ်။

ဒီလို ပရိယာယ်သုံးရာမှာ ရိုးရိုးကြီးတင်ပြလို့ရှိင်းစိုင်းသွားနိုင်၊ အထင်မှားအမြင်မှား ဖြစ်သွားစေနိုင်မယ့် နေရာမျိုးတွေမှာ အဓိကထားသုံးရပါတယ်။

အဲဒီလို သုံးလိုက်တဲ့အတွက် စာရေးသူရဲ့စိတ်ထဲမှာ ယုတ်မာရိုင်းစိုင်းလိုစိတ်၊ တစ်ဖက်သားကိုကျော်ချင်စိတ် လုံးဝမထားရပါဘူး။ အဖြစ်မှန်ကို သိစေလိုစိတ်နဲ့ စကားလုံးအလှကို လိုချင်မှသာ သုံးလိုက်ရတာမျိုးသာ ဖြစ်သင့်ပါတယ်။

ဥပမာဆိုပါတော့-

တစ်ဖက်သား လူတစ်ယောက်ကို ကိုယ်ကအပြစ်ဆိုချင်တယ်ဆိုပါတော့-

'ခင်ဗျားဟာ အင်မတန် အသုံးမကျတဲ့လူပဲ'

အဲဒီစကားဟာ တစ်ဖက်သားကို ဘယ်လောက်ကသိကအောက် ဖြစ်စေမယ်ဆိုတာ စဉ်းစားသာကြည့်။ မိတ်ဆွေတို့ကို လက်ညှိုးထိုးပြီးလာ ပြောနေရင်ရော ကြိုက်မှာလား။

ကဲ- ဒါလေးကိုပဲ စကားလုံး ပရိယာယ်လေး သုံးကြည့်ရအောင်။

'ကျုပ်ဟာ အင်မတန်အသုံးမကျတဲ့ အကောင်ပဲ။ အေး အဲဒီလိုပဲ။ ခင်ဗျားဟာလည်း အသုံးမကျတဲ့လူပဲ'

အဲဒီလို သုံးမိရင်ဘာဖြစ်မှာလဲ။ စကားပိုသုံးလိုက်ရတာပဲ အဖတ်တင်တယ်။ ဆိုလိုရင်းက မပြောင်းသွားဘူး။

ကဲ- အပေါ်က စကားကိုပဲ ကျစ်လစ်ပြီး အဓိပ္ပာယ်ရုတ်တရက် မရိပ်မိအောင်ဘယ်လိုပြောမလဲ။ ပိုပြီးကောင်းမွန်အောင် စကားလုံးကိုထပ်ချုံကြည့်ရအောင်။

'ကျုပ်ဟာ အင်မတန် အသုံးမကျတဲ့ကောင်ပဲ။ အေး- မင်းလဲအတူတူပဲ'

ဆိုလိုရင်းကို တိုက်ရိုက်ထိရောက်စေပြီး အဓိပ္ပာယ်ကို ရုတ်တရက် စဉ်းစားရခက်စေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၈၂ အကြည်တော်

နိုင်ငံတကာဟာသစာရေးဆရာကြီးတစ်ယောက်က သူကြည့်မရတဲ့မြို့က သူဌေးတစ်ယောက်ကို သူ့ဇာတ်လမ်းမှာ ပစ်ပစ်နှစ်နှစ်ရေးခဲ့ပါတယ်။

'မြို့ကဒီလူကြီးဟာ အနေအထိုင်ဆိုးရွားပုံ စိတ်ဓာတ်ကောက်ကျစ်ပုံတတော့ ဝက်တစ်ကောင်လို့ပင် ခေါ်ဆိုရတော့မည်ပင်'

သူ့စာလည်း ဖတ်ပြီးရော၊ အဲဒီသူဌေးက စာရေးဆရာကို တရားစွဲပါတယ်။

သူ့ကို ဝက်တစ်ကောင်လို့ ရေးသားခေါ်ဆိုတဲ့အတွက်ပါ။

တရားရုံးက စာရေးဆရာကို စာမျက်နှာပေါ်ကနေ ဝန်ချတောင်းပန်ပြီး ပြန်လည်ပြင်ဆင်ရေးသားဖို့ အမိန့်ချမှတ်လိုက်ပါတယ်။ စာရေးဆရာကလည်း တရားရုံးကချမှတ်တဲ့ အမိန့်ကိုနာခံပြီး ပြန်လည်ပြင်ဆင်ရေးသားလိုက်ပါတယ်။

ကျွန်တော် ပြီးခဲ့တဲ့အပတ်က ဂျာနယ်ထဲမှာ မြို့မျက်နှာဖုံး ဦး--ကို ဝက်တစ်ကောင်ဟုပင် ခေါ်ထိုက်သည်ဟု မှားယွင်းရေးသားခဲ့မိကြောင်းဝန်ခံပါသည်။ အမှန်တော့ ဦး---သည် ဝက်တစ်ကောင်ဟုပင် ခေါ်ထိုက်သူမဟုတ်ချေ။

ဒါပါပဲ။ စကားလုံးရဲ့ပရိယာယ်ကြောင့် စကားလုံးအဓိပ္ပာယ် ပိုမိုလေးနက်သွားတတ်တယ်ဆိုတာကိုပါ။ ကြည့်ပါဦး။ ရိုးရိုးလေးရှင်းပြပါ့မယ်။

"ကျုပ်က အရက်တစ်နေ့တစ်ပြားသောက်တာဗျ။ ကုန်တယ်ထင်လို့လား။ ကုန်တယ်"

ဒီလို မသုံးကြပါဘူး။ အများဆုံးသုံးကြတာက. . .

"ကျုပ်က အရက်ကိုတစ်နေ့တစ်ပြားသောက်တာဗျ။ ကုန်တ‌ယ်"

ဒါဆိုလည်းပြီးပါတယ်။ ဒါကိုမှ တစ်ဖက်သားရဲ့အာရုံကိုပြောင်းသွားအောင် ရေးလိုက်တာပါ။

"တစ်နေ့ အရက်တစ်ပြားသောက်တာဗျ။ ကုန်တယ်ထင်လို့လား"

ကုန်တယ်ထင်လို့လား သုံးလိုက်တာနဲ့ လူတိုင်းက နောက်ကစကားလုံးကို 'မကုန်ဘူး'လို့ပဲ ထင်နေကြမှာပါ။ ဒါပေမဲ့ ကိုယ်ထင်သလိုမဟုတ်ဘဲ 'ကုန်တယ်' ဆိုတာကြီး မြင်လိုက်ရတော့ အူလည်လည်နဲ့ ပြုံးချင်သွားတယ်။ ဒါလူတိုင်းပဲ။

✖✖✖✖✖



www.burmeseclassic.com

www.burmeseclassic.com





ဟာသဝတ္ထုရေးသူဟာ ဇာတ်ကွက်နဲ့ စကားလုံး ကုလားဖန်ထိုးခြင်းကို ပိုင်နိုင်ရတဲ့အပြင် အလှည့်အပြောင်းတွေကိုလည်း ကျွမ်းကျင်ဖို့လိုပါလိမ့်မယ်။ ဒါတွေပိုင်နိုင်မှ စာဖတ်သူကို မျက်စိမှောက်အောင် လှည့်စားနိုင်မှာပါ။

ဇာတ်ကွက်ကလည်း ရိုးစင်းပြီး အလှည့်အပြောင်းတွေမပါခဲ့ရင် ဖတ်ရသူအတွက် ဇာတ်မှောကြီး ဖြစ်နေပါလိမ့်မယ်။

တဲ - အဲဒါတွေ ဘာမှတွေ့ဆုံးကျင်နဲ့ပြီး စကားလုံးကုလားဖန်ထိုးတတ်တယ်ဆိုရင်ကို ဖတ်ရှုကောင်းအောင်ရေးလို့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စကားလုံး ကုလားဖန်ထိုးကျွမ်းကျင်သူဟာ စာဖတ်သူကို မျက်စိမှောက် အောင်လုပ်နိုင်ပါလိမ့်မယ်။ အရိုးရှင်းဆုံးနဲ့ အလွယ်ကူဆုံးတစ်ခု ကျွန်တော်ပြပေး ပါ့မယ်။ ဥပမာဆိုကြပါစို့။

ဖျားရည်သည် တစ်ယောက်ကိုတွေ့တော့ ဝယ်လိုသူတစ်ယောက်က ခေါ် လိုက်ပါတယ်။

'လာပါဦး။ ရှင့်ဖျားရည်က စစ်ရဲ့လား'

'တောကကိုယ်တိုင်ဖွပ်ပြီးလာရောင်းတာပါတော်။ ဖျားရည်စစ်ဖို့က စိတ်ချ'

'အဲလိုပဲ ပြောကြတာပဲ။ ပြီးရင် သကြားတွေရောကြတာပဲ'

'စိတ်ချပါတော်။ ကျုပ်တို့က တောသည်စစ်စစ်တွေပါ'

'အင်း- ကောင်းပြီလေ။ ယုံပါပြီ။ ဖျားရည်တစ်ပုလင်း ဘယ်လောက်လဲ'

'ငါးရာထဲပါတော်။ တန်ပါတယ်'

'ဟင် - ပြီးခဲ့တဲ့လက ဝယ်တာတောင် တစ်ပုလင်းနှစ်ရာထဲပါ။ အခုမှဘယ့် နှယ်ကြောင့် ဖျားရည်က ဈေးခုန်တက်သွားရတာလဲ'

'ကျုပ်တို့လည်း တက်ချင်လို့ တက်ရတာ မဟုတ်ပါဘူးတော်။ သကြားတွေက ဈေးတက်လွန်းလို့သာ လိုက်တက်ရတာ'

ဒါ အရိုးရှင်းဆုံး ဥပမာပါပဲ။

ပထမပြောတုန်းကတော့ သကြားမရောဘူး။ ဈေးတက်လို့မေးကြည့်တော့ သကြားဈေးတက်လို့ ဖျားရည် လိုက်တက်ရတာပါတဲ့။ ဒီဟာလေး ဝ ကိုပဲ ဟိုဘက်လှည့်သုံး ဒီဘက်လှည့်သုံးနဲ့ စာဖတ်သူကို မျက်စိမှောက်အောင်လုပ်သွား တာပါ။

'နည်းနည်းပါးပါးတော့ ရောရတာပေါ့တော်'

ဆိုရင် ဘာပြုံးချင်စရာမှ ဖြစ်လာမှာမဟုတ်ပါဘူး။ ဘာပြုံးချင်စရာမှ မဟုတ် တာကိုမှ စကားလုံးအထားအသိုနဲ့ ဟာသဖြစ်အောင် လုပ်ရတာပါ။

နောက် ဥပမာတစ်ခု ထပ်ပြပါ့မယ်။ ရိုးရိုးလေးပါပဲ။

ရည်းစားလုဘက် ကောင်မလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မီးဝင်းဝင်းတောက် မျက်လုံးမျိုးနဲ့စိုက်ကြည့်ပြီး ခါးကိုထောက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



'အေး- ကျန်တဲ့ကိစ္စနဲ့တော့ ငါကသည်းခံနိုင်တယ်။ ဒီကိစ္စမှာတော့ ငါက မုန့်သာဝေစားမယ်။ မုန့်တော့ဝေမစားဘူး'

'ငါလည်း နင့်အတိုင်းပဲ ဟိုမုန့်သာဝေစားမယ်။ ဒီမုန့်တော့ ဝေမစားဘူး'

လူတွေကလည်း ခက်ပါတယ်ဗျာ။ စကားလုံးကအတူတူပဲ။ ဒါပေမဲ့ ဘာကြောင့် နောက်အလုံးကျမှ ဧဒါသနဲ့ ဆောင့်ဖတ်တယ်မသိပါဘူး။ အဓိပ္ပာယ်တွေ တစ်မျိုးဖြစ်ကုန်ရော။

ရေးတဲ့သူက ရိုးရိုးလေး ရေးတာပါပဲ။ စဉ်းစားကြည့်ပါဦးဗျ။

'တို့ကတော့ မုန့်သာဝေစားမယ်။ မုန့်တော့ဝေမစားဘူး'

စကားလုံးအားလုံး အတူတူပဲ။ ဝေစားမယ်ဆိုတဲ့ မုန့်ကျတော့ ခပ်ဖွဖွလေး မြင်ပြီး ဝေမစားဘူးဆိုတဲ့ မုန့်ကျမှ ဘယ့်နှယ် ဆောင့်ကြီးအောင့်ကြီး ဖတ်ကြတယ် မသိဘူး။ ဒါက စကားလုံး ကုလားဖန်ထိုးလိုက်လို့ အသံထွက်ဆင်တူ၊ စာလုံးရေဆင်တူဖြစ်ပါလျက်နဲ့ အဓိပ္ပာယ်မတူတော့တာ။

ကျွန်တော်ဆိုရင် အဲဒါမျိုး အမြဲရေးတတ်ပါတယ်။ ဥပမာ ကြည့်ပါဦး။

ကျွန်တော်က ကျွန်တော်ကြိုက်နေတဲ့ ကောင်မလေးကို အဖြေသွားတောင်းတော့

'နင့်မှာ ဘာအလုပ်ရှိလို့ ငါကအဖြေပေးရမှာလဲ'

ကောင်မလေးရဲ့စကား။ ဒါကို ကျွန်တော်ကအထွန့်တက်ပြီး

'ငါ့မှာ အလုပ်ရှိရင် နင်တကယ်အဖြေပေးမှာလား'

'ပေးမှာပေါ့'

'နင်. . နင် ငါအလုပ်ရရင် အဖြေပေးမယ်ဆိုတာတကယ်နော် မညာ ရဘူး'

'ညာပေါင်'

'ဟာ- ညာပေါင်တင်မရဘူး။ ဘယ်ပေါင်ရောပေးရမယ်။ နှစ်ချောင်းလုံး'

'ဟဲ့- နင့်ကို ငါက မညာဘူးလို့ ပြောတာ'

'ဩော်. . ဟေး ဟေး မသိပါဘူး။ ငါ အလုပ်ရရင်တောင် နင့်ညာပေါင်တစ်ခုတည်းရမယ်မှတ်နေတာ၊ ဂိနော်'

'ဂိ'

'ပြောပြီးစလစ် နံပါတ်တစ်'



www.burmeseclassic.com

www.burmeseclassic.com



'တစ်'

အဲဒါကို ကြည့်ခြင်းအားဖြင့် အသံထွက်ဆင်တူကြောင့်ဖြစ်လာတဲ့ အဓိပ္ပာယ် အလွဲတွေကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဟာသဝတ္ထုရေးသူ တစ်ယောက်ဟာ ကိုယ်ရေးချလိုက်တဲ့ စကား လုံးတွေ အားလုံးအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်ပြီး ဘယ်လိုလုပ်ရင် ဘယ်လို ထပ်ဖြစ်နိုင်တယ်ဆိုတာ အသေအချာစဉ်းစားဖို့ လိုပါတယ်။

စကားလုံးတွေကို သာမန်ကာလျှံကာ ရေးပြီးမှ အဓိပ္ပာယ်အများကြီးဖွင့် ဆိုနိုင်တဲ့ဟာသအလုံးတွေကျန်နေတာတွေ့ရတဲ့အတွက် အလွန်တရာနှမြော ဖို့ကောင်းတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်သွားတတ်ပါတယ်။

အစကတည်းက ကျွန်တော်ပြောပြီးသားပါ။ ဟာသဝတ္ထုရေးသူဟာ အရာ 'ရာကို စေ့စပ်ဖို့လည်းလိုပါတယ်။ ဒါကြောင့် ဟာသဝတ္ထုရေးသူဟာ ရေးသူ ဟာသမဖြစ်လာရင် စိတ်ဖိစီးမှုလည်း ပိုများပါတယ်။ အရာရာကို စေ့စေ့စပ်စပ် မြင်ကြစေချင်လို့ ပြောတာပါ။

*****



www.burmeseclassic.com

www.burmeseclassic.com





ဟာသဝတ္ထုရေးသူတစ်ယောက်ဟာ တွေးထောင့်စုံရပါတယ်။ သူများမမြင်မိတဲ့တွေးထောင့် ပုံစံစုံနဲ့ တွေးတတ်ရပါတယ်။

မသိသူကျော်သွား သိသူဖော်စား ဆိုတဲ့စကားလုံးဟာ ဟာသဝတ္ထုရေးသူတွေ အသေအချာ အလေးအနက်ထားသင့်ပါတယ်။

ဟာသဝတ္ထုရေးသူဟာ အရာရာအားလုံးကိုသိရှိပြီး အမြဲတစေဖော်စားနေသူ ဖြစ်ရပါ့မယ်။ ဒါကြောင့်အရာဝတ္ထုတစ်ခုကိုမြင်လိုက်တာနဲ့ ပုံစံစုံအောင်တွေးတတ်ရပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com

## အကြည့်ဝက်

အချို့လည်း မေးတတ်ကြပါတယ်။

" အတွေးဆိုတာမွေးမြူလို့ရသလား" တဲ့။

ရပါတယ်။

အတွေးဆိုတာမွေးမြူလို့လဲရသလို ကျင့်ယူလို့လဲရပါတယ်။ ဒါပေမယ့် ခေါင်းထဲမှာတော့ အလုပ်များများလုပ်ဖို့ပဲ လိုပါတယ်။

ဘယ်လိုလေ့ကျင့်ယူရမလဲ။

ကျွန်တော် လွယ်လွယ်ကူကူပဲ ပြောပြပါ့မယ်။

ခင်ဗျားနေရာတစ်ခုမှာ ရပ်နေမယ်ဆိုပါတော့။

မေးကြလိမ့်မယ်။

အရှေ့ဘက်သွားမှာလား။ အနောက်ဘက်သွားမှာလား။ တောင်ဘက်ကိုလား။ မြောက်ဘက်ကိုလား။ တွေးစရာလေးမျိုး ရှိနေပါပြီ။

ကောင်းပြီ။ ထပ်စဉ်းစားကြည့်ရအောင်။

အရှေ့တောင်ဘက်။ အနောက်မြောက်ဘက်။ တောင်မြောက်အဆုံးစသည်ဖြင့် ပုံစံမျိုးစုံ ပြန်ထွက်လာပါတယ်။

ကုန်ပြီလား။

ရှိပါသေးတယ်။

အပေါ်တက်လို့လဲရတယ်။ အောက်ဆင်းလို့လဲရပါတယ်။

ကုန်ပြီလား။

အရှေ့တောင်ဘက် အပေါ်တက်လို့ရပါသေးတယ်။ အနောက်တောင်ဘက် အောက်ဆင်းသွားလို့လဲ ရပါသေးတယ်။

ကဲ. . . ခင်ဗျားက အဲဒီနေရာတွေ ရောက်ပြီဆိုပါတော့။ ခုနရပ်နေတဲ့နေရာကို ပြန်ကြည့်ပါ။

ခုနရပ်နေတဲ့နေရာကို အပေါ်ကကြည့်တာနဲ့ အောက်ကပြန်ကြည့်တာ မတူနိုင်ပါဘူး။ အရှေ့အရပ်ကကြည့်တာနဲ့ အရှေ့တောင်အရပ်ကကြည့်တာမတူနိုင်ပါဘူး။ မြင်ကွင်းမတူတော့တာပါ။ (မယုံရင် ကိုယ့်ရှေ့မှာခဲလုံးလေးတစ်လုံးပဲချပြီး လှည့်ပတ်ကြည့်ပါ။ မတူညီတာတွေ အများကြီး တွေ့ရပါလိမ့်မယ်။)

ဟာသဝတ္ထုရေးသူဟာ အဲဒီလို ထောင့်ပေါင်းစုံကသာမက ပြောင်းပြန်လှန်ပြီးတွေးတတ်ရပါတယ်။ (အတွေးကို ပြောတာနော်)အဲသည်လို ပြောင်းပြန်လှန်တွေးလိုက်တဲ့အခါ သာမန်အဖြစ်အပျက်တွေဟာ ကမောက်ကမဖြစ်ပြီး

www.burmeseclassic.com



င်မတန်ရယ်ရွှင်ဖွယ်ကောင်းတဲ့ အဖြစ်အပျက်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။

ပြောင်းပြန်လှန်တွေးလိုက်လို့ ဖြစ်လာတဲ့ ရယ်ရွှင်ဖွယ်အဖြစ် အပျက်တွက ဖြစ်ပေါ်နေတဲ့အဖြစ်အပျက် (လူ၊ သတ္တဝါ၊ သဘာဝ)တွေအပြင် ိုယ်သုံးနှုန်းနေတဲ့ စကားလုံးတွေမှာလဲ ဖြစ်နေတာတွေရှိပါတယ်။

ကျွန်တော်ဆို အဲဒါမျိုး အများကြီးသုံးပါတယ်။

ဥပမာပြရရင်-

“ ငါ့ကိုနာမည်လှလှလေးရွေးပေးပါဦး”

“ အင်း နင်က ခင်ဖို့လည်းကောင်းတယ်”

ဟုတ်ပါသည်။ မာလာသည် အင်မတန်ခင်ဖို့ကောင်းပါသည်။

“ နောက် နင်က အသားလည်းဖွေးတယ်လေ”

မာလာက သူ့ကိုယ်သူပြန်ကြည့်သည်။ ပြီးမှအားရဝမ်းသာဖြင့်-

“ ခင်ဖို့လည်းကောင်းတယ်၊ အသားလည်းဖွေးတယ်ဆိုတော့ ခင်ဖွေး၊ င်ဖွေးဆိုတော့၊ ခွေး. . . ဟင်. . . ဟင်”

အဲဒါလေးပါပဲ။ စကားလုံးတစ်လုံးမှာတင် ပြောင်းပြန်တွေးလိုက်လို့ ဖြစ်လာတဲ့ဟာသပါ။

မရှင်းသေးရင် နောက်စကားလုံးတစ်လုံးပြောပြပါ့မယ်။

“ ကျွန်တော့်တွင် တူတော်မောင်ရှိပါသည် ”

ရိုးရိုးပြောတာနော်။ ပြောင်းပြန်မတွေးနဲ့။ မတွေးဘူးလို့ကတိပေး။ ဟော ကြည့်။

ဒီလိုပါပဲ။ အဖြစ်အပျက်ကို ပြောင်းပြန်တွေးပြီး ဟာသဖြစ်သွားတာတွေ အများကြီးရှိပါတယ်။ ကျွန်တော်ပြောပြပါ့မယ်။

ဘောလုံးအကြောင်းဆိုရင် လူတွေပြောခဲ့သမျှကုန်နေပါပြီ။ များသော အားဖြင့် စိတ်ဝင်စားစရာ၊ စွဲလမ်းစရာကောင်းတဲ့ အကြောင်းတွေပါပဲ။

ကျွန်တော်က အဲဒီလိုမတွေးပါဘူး။ ကြည့်ပါ။

* * * * *

www.burmeseclassic.com





ဘောလုံးအကြောင်းမကောင်းပြောခြင်း

“ မမှားသောရှေ့နေ မသေသော ဆေးသမား”တဲ့။

လူတွေကဒီလောက်ပဲမြင်ကြတာပါ။

“စည်းမဒိုးသော ဘောလုံးသမား ရော မြင်ဖူးပါသလား ”

ဘောလုံးသမားမှန်ရင် စည်းလေးတော့နည်းနည်းဒိုးကြတာပါပဲ။

ပြစ်ဒဏ်ဘောဖြစ်လို့ပဲ ဖြစ်ဖြစ်၊ လက်မြှောက်ဘောဖြစ်လို့ပဲဖြစ်ဖြစ်၊ ဘောလုံးသမားဟာ ဒိုင်ညွှန်ပြရာနေရာက ဘယ်တော့မှ နေရာအတိအကျ မလုပ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဒဏ်ဘောကန်ရမယ်ဆိုရင်လဲ ဘောလုံးကိုတော့လိုက်သလိုလို ဘာလိုလိုနဲ့သော်လည်းကောင်း ကန်လို့ကောင်းမယ့် နေရာရှာသလိုလိုနဲ့ သော်လည်းကောင်း စည်းလေးတော့နည်းနည်းခိုးပြီး ကန်ကြတာပါပဲ။

ဒီလိုပါပဲ။ လက်ပစ်ဘောဖြစ်ရင်လဲ ဖြစ်တဲ့နေရာက တော်တော်အားယူသလိုလို ဘာလိုလိုနဲ့ ပြေးသွားတာကကဲကဲပါ။ ဘယ်သူမှနေရာမှန်က ရပ်ပစ်တယ်ဆိုတာ မရှိခဲ့ပါဘူး။

ဒါကြောင့် ကမ္ဘာကျော်နေတဲ့ ဒေးဗစ်ဘက်ခမ်းလဲ စည်းခိုးဖူးတယ်။ ရော်နယ်ဒင်ဟိုလည်း စည်းခိုးဖူးကြတာပါပဲ။ ဘာပဲခိုးခိုး ခိုးပြီဆိုရင်. . .

နောက်ပြီး ဘောလုံးဆိုတဲ့အလုံးကြီးက အင်မတန်ပါရမီထူးတယ်။

ပြောရင်တော့ လူတိုင်း“ ဘောလုံးကိုချစ်တယ်။ ဘောလုံးကိုချစ်တယ်” ဆိုတာချည်းပဲ။

ချစ်ရင်သိမ်းထားကြလေ။ ဘာလို့ကန်ထုတ်နေကြတာလဲ။ ဘာမှမသိတဲ့ကလေးရှေ့ ဘောလုံးချပေးပြီး “ကန်. . . ကန် ကန်. . . ”လို့ပြောကြည့်။ ဘာမှမသိတဲ့ကလေး-ပြေးကန်တယ်။ ထားဦး။

အမှန်တော့ ဘောလုံးကစားတယ်ဆိုတာပဲ ပြန်ကြည့်။

တစ်ဘက်မှဆယ့်တစ်ယောက်စီနဲ့ နှစ်သင်းဆိုနှစ်ဆယ့်နှစ်ယောက်ရှိတယ်။ ကွင်းလယ်ဒိုင်တစ်ယောက်နဲ့ စည်းကြပ်ဒိုင်နှစ်ယောက်ပေါင်းရင် နှစ်ဆယ့်ငါးယောက်အဓိကရှိတယ်။

အဲဒီလူအားလုံးကိုမေးကြည့်. . .

“ ဒီဘောလုံးကို ဘယ်သူပိုင်လဲ ”

ဘယ်သူမှမပိုင်ဘူး။ အဲဒီမပိုင်တာကြီးကိုပဲ အသည်းအသန်လျှောက်လုနေကြတာ။ ကိုယ်ရရင်လဲ သိမ်းထားလိုက်ပေါ့။ ဟုတ်ဖူးလား။ ရတယ်ဆိုတာနဲ့ ပြန်ကန်ထုတ်ပစ်ကြတော့တာ။ ကိုယ့်အိမ်ကပစ္စည်း သူများလာလုရင်ကြိုက်မလား။

နောက်ပြီး ဘောလုံးကန်တယ်ဆိုတာကလဲ သူများခြေထောက်ထဲကမှ သူများမပေးချင်တာကိုအတင်းလုယူ၊ လိမ်ယူ၊ ခိုးယူရတာကလား။ ဒါမှသူများပစ္စည်းကိုယ့်ပစ္စည်းဖြစ်မှာ။ ပြန်စဉ်းစားကြည့်။

သူတပါးမပေးချင်တဲ့ကိစ္စကို ခိုးယူရင်ဘာကံထိုက်သလဲ။

အဒိန္နာဒါနာကံထိုက်ပြီ။

ကဲ. . . ဘောလုံးပွဲတစ်ပွဲမှာ ဘောလုံးသမားတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်၊ လုယက်မှုဘယ်နှစ်ကြိမ်ကျူးလွန်မိသလဲ။

အတယ်၍သာ အဲဒီအတွက်ငရဲသာကျမယ်ဆိုရင်. . .

ထားဦး။ အသေအချာစဉ်းစား။

ကိုယ့်အိမ်မှာ ကိုယ်မြတ်နိုးလို့ အမြတ်တနိုးသိမ်းထားတဲ့ပစ္စည်းတစ်ခု တပါးသူကခိုးပြီး ကန်ထုတ်နေရင် စိတ်ထဲဘယ် လိုနေမလဲ။

ဘောလုံးသာ ကိုယ့်သားသမီးဖြစ်ခဲ့ရင်. . .

သမီးလေးပဲထားပါတော့။

ရပ်ကွက်ထိပ်က ဘောသမားခိုးသွားပြီး ကိုယ့်ဆီပြန်ကန်ထုတ်နေ ကောဗျာ။

✖✖✖✖✖



www.burmeseclassic.com

www.burmeseclassic.com





ဒါက ကျွန်တော်အကျဉ်းပြန်ရေး ပြတာပါ။ ဘောလုံးအကြောင်း အများကြီး ပြောကြတဲ့အထဲကမှ မထင်မှတ်တဲ့ရှုဒေါင့်ကနေ တွေးပြထားတာပါ။ အဲဒီဇာတ်လမ်းအကျဉ်းလေးကိုပဲ ထပ်ဖြုပြီးစဉ်းစားကြည့်။ ဘောလုံးသမားဟာ ကံငါးပါးမှာ နှစ်ပါးသုံးပါးတော့ ကျူးလွန်မိပြီးသား ဖြစ်နေလိမ့်မယ်။

ဒါကြောင့် ကျွန်တော်ဆိုလိုတာပါ။ ကိုယ်ချရေးမယ့်ဝတ္ထုကို ကျောက်ခဲတစ်လုံးလို့သဘောထား။ ထောင့်ပေါင်းစုံက လှည့်ကြည့်ပါ။ ကိုယ်မြင်နေရတာတွေ တစ်နေရာနဲ့ တစ်နေရာမတူညီတာတွေကို အများကြီးတွေ့ရမှာပါ။ အများကြီးမှအများကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁ အကြည်တော်

ဥပမာ သီချင်းသံစဉ်လိုပေါ့ဗျာ။

ဟိုးပဝေသဏီထဲက ရှိခဲ့တဲ့သံစဉ်တွေ၊ သံစဉ်တွေ။ အခုချိန်ထိ ရေး နေကြတဲ့သံစဉ်တွေ၊ သံစဉ်တွေ။ ဘယ်တုန်းကတူဖူးလဲ။ (တူတာနည်းပါတယ်)

ဒီလိုပါပဲ။

စာပေဆိုတာ စတင်အသိအမှတ်ပြုစာပေတွေ စာပေတွေ။ ဘယ်တုန်းကများ တူခဲ့ဖူးလို့လဲ။ ( ရှိကောင်းရှိမှာပါ )

အချစ်အကြောင်း လူတိုင်းရေးနေကြတာပဲ။ သူ့အချစ်အကြောင်းနဲ့ ကိုယ့်အချစ်အကြောင်း တူလို့လား။ ဒါကြောင့်ပြောတာပါ။ များများတွေး မြင် အောင်ကြည့်။ ရေးစရာအများကြီး ရှိပါသေးတယ်။

နောက်တစ်ခု ရှိသေးတာက-

ဟာသဝတ္ထုရေးသူဟာ သာမန်အားဖြင့် မြင်မြင်သမျှ အမြင်မတော်တာကို ချရေးခွင့်ရှိပါတယ်။ အဲသည်လိုရေးတဲ့အထဲမှာမှ အနည်းငယ် မသင့်တော်တဲ့ စကားလုံးမျိုးလည်း အမှတ်မထင်ပါသွားတတ်ပါတယ်။ ဒါပေမဲ့ အဲဒီစကားလုံး တွေဟာ တမင်ညစ်ညမ်းစေချင်တဲ့စိတ်မျိုးနဲ့ရေးတာမျိုး လုံးဝမလုပ်ရပါဘူး။ စာရေး သူရဲ့စိတ်ထဲမှာ ဖြူစင်သန့်ရှင်းနေမှ စာဖတ်သူရဲ့စိတ်ထဲမှာ သန့်ရှင်းစင်ကြယ်တဲ့ ရယ်ဖွယ်အဖြစ်အပျက်တွေကို မြင်ရမှာပါ။ ဒါမျိုးတွေကို အခုမှမဟုတ်ပါဘူး။ ရှေး ဆရာအစဉ်အဆက်ကလည်း ရေးခဲ့ပါတယ်။ ဆရာတွေရေးခဲ့တာတွေ ပြန်ကြည့် ပါ။ တမင်ညစ်ညမ်းချင်လို့ ဒီစကားမျိုးကိုသုံးတာ မဟုတ်ပါဘဲနဲ့ အပြုသဘော ဆောင်စေချင်၍ မျက်လုံးထဲ ရှင်းရှင်းလင်းလင်း မြင်စေချင်လို့ကို တမင်ရေးခဲ့ကြ ခြင်းဖြစ်ပါတယ်။

ဆိုကြပါစို့။ တချို့က ရှင်းပြရုံနဲ့သိတယ်။ တချို့က ရိုက်သင်မှနားဝင်ကြ တယ်။ ဒီအတိုင်းပါပဲ။ ရိုးရိုးရှင်းပြလို့ နားမလည်သူတွေကို သိစေချင်တတ်စေချင် တဲ့စိတ်နဲ့ အနည်းငယ်ရိုက်သင်လိုက်တဲ့သဘောပါ။ တခြားဘာပယောဂမှ မပါ ဘူး။ ဒါကိုမှ စာရေးသူအားလုံးက ရိုက်ချင်စိတ်ရှိလို့ ရိုက်သင်တာမျိုး လုံးဝ မလုပ်ရပါဘူး။ ပြောလိုတာက ဘယ်လိုပဲဖြစ်နေနေ၊ ဘယ်လိုပဲရေးရေး၊ ဖြူစင်တဲ့ နှလုံးသားနဲ့ ရေးသားတာမျိုးသာ ဖြစ်ရပါ့မယ်ဆိုတာပါပဲ။

ဥပမာအားဖြင့် လမ်းမှာတွေ့တဲ့ မိန်းကလေးတစ်ယောက်ကို-

'ဟေ့- မိန်းမ ဘယ်သွားနေလဲ'



www.burmeseclassic.com

www.burmeseclassic.com



လို့သွားပြောရင် ပါးချခံရမှာပါ။ အဲဒါကိုပဲ သကြံ့န်သံချပ်ကလေးနဲ့-

'အမေ့ချွေးမ ပျောက်လို့ရှာ တွေ့ပြီ၊ တွေ့ပြီ။ သူပဲ သူပဲ'

ဆိုရင် အပြောခံရတဲ့မိန်းကလေး ပြုံးသွားပါလိမ့်မယ်။ အဓိပ္ပာယ်ကိုပြန်သုံးသပ်ရင် အတူတူပါပဲ။ အမေ့ချွေးမဆိုတာလည်း ကိုယ့်မိန်းမလို့ ပြောတာပါပဲ။

'ဟော့- မိန်းမ ဘယ်သွားနေလဲ'

ဆိုတာက ဒေါသသင့်ပြီးပြောတာပါ။ ကိုယ့်စိတ်ရင်းကိုက မကောင်းလို့ထွက်တဲ့အသံပါ။

'အမေ့ချွေးမပျောက်လို့ရှာ'ဆိုတာက ပျော်ရွှင်ရိပ်နဲ့ တခြားဘာမျှော်လင့်ချက်မှ မရှိမှုန်းသိသာတဲ့အသံပါ။ ဒါကြောင့် စာရေးသူတစ်ယောက်ဟာ တခြားအချိန်မှာမဟုတ်တောင် ကိုယ့်စာလေး ကိုယ်ရေးနေတဲ့အချိန်မှာတော့ စိတ်ထဲ ဖြူစင်သန့်ရှင်းနေဖို့လိုပါတယ်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်ဆိုပြီးပါပြီ။ စာရေးတယ်။ အနုပညာဖန်တီးတယ်ဆိုတာ ကိုယ်ပိုင်နိုင်တဲ့ ပတ်ဝန်းကျင်အရေးအသား သဘာဝကျမှုရှိမှ ရေးရတာ ပီပြင်တယ်ဆိုတာပါ။

ကိုယ်က စိတ်ကူးယဉ်ရေးသားတယ်ဆိုရင် တောင် ကိုယ်စိတ်ကူးယဉ်တဲ့အရာရဲ့ အချက် အလက် (ရှိပြီးသား) တချို့ပါမှ ဖတ်ရတဲ့သူ                အဖို့ပိုပြီး လေးလေးနက်နက်ရှိစေပါတယ်။

ဥပမာ

လကမ္ဘာအကြောင်း ရေးတယ်ဆိုပါတော့။ လကမ္ဘာကို ကိုယ်ကမရောက်ဖူးဘူး။ (ဘယ်တော့မှလဲ ရောက်ဖူးမယ်မထင်ဘူး) မရောက်ဖူးတဲ့နေရာကိုရေးလို့ မရဘူးလား။ ရေးလို့ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါပေမယ့် လကမ္ဘာအကြောင်းရေး မယ်ဆိုရင်-

ကမ္ဘာမြေနဲ့လကမ္ဘာ အကွာအဝေး၊ လကမ္ဘာရဲ့အကျယ်အဝန်း လကမ္ဘာရဲ့မျက် နှာပြင်၊ လေထုသိပ်သည်းမှုရှိမရှိ စသည်ဖြင့် အခြေခံအချက်အလက်တွေကို စာရေးသူက အရင်သိအောင် လုပ်သင့်ပါတယ်။ ဒါမှလဲ စာဖတ်သူက စာရေးသူရဲ့ လေ့လာမှုကို အသိအမှတ်ပြုပြီး လေးလေးနက်နက်ဖတ်ကြမှာပါ။ "ဩော် . . မဆိုးပါဘူး၊ သူ့ခမျာ လေ့လာထားသားပဲ" ဆိုပြီး။ ဒါကိုမှစာရေးသူကလဲ လကမ္ဘာအကြောင်း တစ်လုံးတစ်ပါဒမှ မသိဘူး။ အဲဒါကိုမှ လကမ္ဘာပေါ်မှာပဲ ဇာတ်အိမ် တည်ချင်တယ်။ တည်လိုက်တယ်ဆိုရင် ဘယ်သူကမှ လေးလေးစားစား ဖတ်ကြမှာ မဟုတ်ပါဘူး။

ဒါကြောင့် စာရေးသူဟာ ဘယ်ကိစ္စကိုပဲရေးရေး၊ အကောင်းဆုံးကတော့ ကိုယ်ပိုင်နိုင်တဲ့အကြောင်းအရာဖက်ကို မရရအောင်ဆွဲပြီး ရေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ တချို့ကလည်း ဘာမှမဆိုင်တဲ့အကြောင်းအရာကို ကိုယ့်ဘက်ရောက်အောင် ဘယ်လိုဆွဲယူရမလဲမေးကြလိမ့်မယ်။ ရှင်းသွားအောင် ဥပမာ တစ်ခု ထုတ်ပြပါမယ်။

ကျောင်းသားတစ်ယောက်ဟာ မနက်ဖြန်မှာ သတ္တဝါတွေအကြောင်း စာမေးပွဲ ဖြေရတော့မယ်။ သိပ်ပြီးတော့လည်း နီးကပ်နေပြီဖြစ်တဲ့အတွက် သတ္တဝါတွေ စုံအောင်လည်း မကျက်နိုင်မဖတ်နိုင်တော့ပါဘူး။ ဒါနဲ့ပဲ မတတ်သာတဲ့အဆုံး အလွယ်ကူဆုံးဖြစ်တဲ့ "သန်း"အကြောင်းကိုပဲ ကြေညက်အောင် ဖတ်လိုက်ပါတယ်။

နောက်တစ်နေ့စာမေးပွဲမှာ ဆရာက သူ့ကိုမဲနှိုက်ခိုင်းပါတယ်။

"ကဲ မောင်ကျောင်းသား မင့်မဲလိပ်ကခွေးအကြောင်းပဲ . . ကဲ . . ရှင်းပြပါဦး"

"ဟုတ်ကဲ့ . . ခွေးဆိုတာခြေလေးချောင်းနဲ့ အမြီးတစ်ချောင်းရှိပြီး ခန္ဓာကိုယ် မှာအမွေးရှိပါတယ်။ အဲဒီလိုအမွေးရှိတဲ့အတွက် သန်းဆိုတာလဲရှိပါတယ်။ သန်းဆို သည်မှာ"

သူကသန်းအကြောင်းပဲကျက်ထားတော့ ခွေးနဲ့ပတ်သက်တဲ့သန်းအကြောင်း ပဲ တောက်လျှောက်ပြောသွားပါတော့တယ်။ သူ့စကားကိုနားထောင်ပြီး ဆရာက ဇဝေဇဝါနဲ့

"အေး . . မင်းပြောတာတော့ ဟုတ်သလိုပဲ၊ ဒါပေမယ့် ငါသိပ်မရှင်းဘူး ဖြစ်နေတယ်။ ဒါကြောင့် မြင်းအကြောင်းလေး ထပ်ရှင်းပြပါဦး"

www.burmeseclassic.com

## အကြည်တော်

"ဟုတ်ကဲ့ . . ရှင်းပြပါ့မယ်။ မြင်းဆိုတာကလည်း ခြေလေးချောင်း အမြီး တစ်ချောင်းနဲ့ခွေးလိုပဲ လေးဖက်သွားသတ္တဝါပါ။ သူတို့ဟာလဲခွေးလိုပဲ ခန္ဓာ ကိုယ်ပေါ် အမွေးများနဲ့ဖုံးလွှမ်းနေပါတယ်။ အမွေးရှိတဲ့အတွက် သူ့ခန္ဓာကိုယ်မှာ သန်းရှိပါလိမ့်မယ် သန်းဆိုသည်မှာ"

ကျောင်းသားက သူသိတဲ့သန်းအကြောင်းပဲ တောက်လျှောက်ဆက် ပြော သွားပါတော့တယ်။ သူ့စကားလည်းဆုံးရော ဆရာကဇဝေဇဝါနဲ့ ခေါင်းကုတ်ပြီး-

"အေး . . မင်းပြောတော့လည်း ဟုတ်သလိုပဲကွာ၊ ဒါပေမယ့် ငါပဲသိပ် ဉာဏ်မမှီလို့လားပဲ၊ သိပ်မရှင်းဘူးဖြစ်နေတယ် ကဲကွာ၊ ဒီတစ်ခါနောက်ဆုံး အနေနဲ့ ငါးအကြောင်းရှင်းပြပါဦး"

"ဟုတ်ကဲ့ ရှင်းပြပါ့မယ်၊ ငါးဆိုတာရေထဲမှာနေတဲ့ သတ္တဝါတွေပါ။ သူတို့ ရဲ့ခန္ဓာကိုယ်မှာ အကြေးခွံများနဲ့ ဖုံးအုပ်နေတဲ့အတွက် ကုန်းသတ္တဝါတွေလို အမွေး မရှိပါဘူး။ အကယ်၍ငါးမှာသာ အမွေးရှိရင် သန်းဆိုတာရှိပါလိမ့်မယ်။ သန်းဆို သည်မှာ'

ကဲ . . ရှင်းပြီနော်၊ ဘယ်အရာမဆို ကိုယ်ပိုင်နိုင်တဲ့အကြောင်းအရာဖက်ကို ဆွဲယူရေးသားနိုင်ရပါ့မယ်။ ဒါမှလဲ ရေးသားသူအနေနဲ့ စီးစီးပိုင်ပိုင်ရှိပြီး စာ ဖတ်သူအနေနဲ့လဲ ကျေနပ်နှစ်သိမ့်မှုကိုပေးနိုင်မှာပါ။ ကိုယ်မပိုင်နိုင်တဲ့ အကြောင်း ရေးမိရင် ဝတ္ထုကဟိုနားလိုသလို ဒီနားလိုသလိုနဲ့ လိုတိုတိုကို ဖြစ်နေတတ်ပါတယ်။

ဒါကြောင့် စာရေးတော့မယ်ဆိုရင် ကိုယ်မပိုင်နိုင်တဲ့အကြောင်းအရာက ရေး တော့မယ်ဆိုရင် ကျွန်တော်ပြောတဲ့ ကျောင်းသားရဲ့သန်းအကြောင်းလေး ___ သတိရလိုက်ပါ။ ဒါဆို အားလုံးအဆင်ပြေသွားမယ်ထင်ပါတယ်။

ကျွန်တော်ကိုယ်တိုင်လဲ ဒါမျိုးတွေ အများကြီးရေးဖူးပါတယ်။ "ကဝေမျိုး နီဒါန်း" စာအုပ်ကလေးပဲပြန်ကြည့်ပါ။ ကိုယ်ရေးနေတဲ့ဇာတ်ကတခြား ခေါင်း ပေါ်လာတဲ့ အကြောင်းအရာတစ်မျိုး ဖြစ်နေပါတယ်။ ဒါကိုပဲ ကိုယ့်ဇာတ် သဘာဝကျအောင် ပြန်ဆွဲခေါ်လာရတာမျိုးပါ။

ချစ်သူကို စောင့်နေရင်းနဲ့ စောကြည်ဖြူက သူမှီထားတဲ့ဓာတ်တိုင်ကို မဆိုင် မော့ကြည့်ပါတယ်။

"ဟ . . မီးကမလာဘူး၊ မလာဘူးနဲ့၊ လာတော့လဲ နှစ်လုံးတွဲကြီး"

"ဟော့ကောင် မီးပြင်နေတာကွ မီးပြင်နေတာ"

"မီးပြင်နေတာလား။ ထင်တော့ထင်သား၊ ဟင် . . ဒါနဲ့ ဒီသားရေအိတ်



www.burmeseclassic.com

www.burmeseclassic.com



မီးသီးက ဘယ်နိုင်ငံက ထုတ်တာလဲ"

"မင်းကြီးတော်နိုင်ငံကထုတ်တာကွ၊ မင်းကြီးတော်နိုင်ငံက"

"ဩော် ကျွန်တော့်ကြီးတော်က သိပ္ပံပညာရှင်လား၊ ဒါနဲ့ အဲဒါကြီး ဝါယာကြိုးနဲ့ ချည်တော့ မီးကလင်းမှာလား"

"ဟော့ကောင် . . မင်းမြင်နေရတာက၊ အာကွာ . . တောက် ပြောရကြပ်လိုက်တာ"

မီးပြင်သမားက ရှုံ့ရှုံ့ရှားရှားနှင့် ခတ်တိုင်ပေါ်က ဆင်းသွားသည်။ ကောင်းတယ်။ ချစ်သူနဲ့တွေ့တဲ့အချိန် ဘယ်သူမှ မရှိလေ ပိုကောင်းလေ မဟုတ်ပါလား။

ဆိုလိုတာကဗျာ။ သူ့ရည်းစားသူစောင့်တာ မီးပြင်သမားနဲ့ဘာဆိုင်လို့လဲ။ ကိုယ်က အဲဒီအကွက်ကလေးကိုကြိုက်တယ်။ ဒီအထဲပါအောင် ဝင်အောင်ရေးချင်တယ်။ ရေးလဲ ရေးလိုက်တယ်။ ဒါပေမယ့် ပြန်ဆက်ပေးလိုက်တာက ရိုးရိုးလေး။

"ချစ်သူနဲ့ တွေ့တဲ့အချိန်ဘယ်သူမှမရှိလေ ပိုကောင်းလေ"

ဒါလေးပဲ၊ အဲဒီတစ်ကြောင်းရေးလိုက်ရုံနဲ့ အားလုံးဆက်စပ်လို့ ရသွားတယ်။ နောက်တစ်ခု ကျွန်တော်အကြံပြုချင်တာက အခုခေတ်စာရေးနေတဲ့ လူငယ်လေးတွေအတွက်ပေါ့။

ခေါင်းထဲမှာရှိတဲ့အကြောင်းအရာတွေကို အမြန်ဆုံးချရေးလိုက်ပါ။ တချို့က ရှိတယ်။ ကိုယ်စဉ်းစားထားတဲ့ အကြောင်းအရာက အရမ်းကောင်းနေတော့ ချရေးဖို့ကို နှမြောနေတတ်တာမျိုး။

ကျွန်တော်ကတော့အဲသည်လိုမဟုတ်ဘူး။ ခေါင်းထဲမှာရှိတဲ့ အကြောင်းအရာကောင်းတွေမှန်ရင် အမြန်ဆုံးချရေးလိုက်တယ်။ နောက်မဟုတ်ရင် အဲဒီအကြောင်းအရာက ကိုယ့်ကိုအမြဲတမ်း နှောင့်ယှက်နေတတ်တယ်။ နောက်တစ်ခုစဉ်းစားလိုက်

"ဟာ . . အရင်ဟာလောက် မကောင်းပါဘူးကွာ" ဆိုပြီး ကျော်သွားလိုက်နဲ့ ဖြစ်နေတတ်ပါတယ်။ အဲဒါဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ခေါင်းထဲမှာ အင်မတန်ကောင်းတဲ့အကြောင်းအရာရှိနေလို့ပါပဲ။

အဲဒီအကြောင်းအရာကို မထုတ်ပစ်မခြင်း ကျန်တဲ့အကြောင်းအရာကောင်းတွေက ဝင်လာဖို့ ခဲယဉ်းပါလိမ့်မယ်။

ဒါကြောင့်ပြောတာပါ။

လက်ရှိရှိနေတဲ့ အကြောင်းအရာကောင်းတွေကို အရင်ဆုံးချရေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ဒီထက်ကောင်းတဲ့ အကြောင်းအရာသစ်တွေ ခေါင်းထဲထပ်ဝင်ဖို့ နေရာရပါလိမ့်မယ်။

ခုနက အကြောင်းအရာ ပြန်ဆက်ပါရစေ။

ဒီလိုပါပဲ။ ကျွန်တော်တို့ အနုပညာ ဖန်တီးကြတယ်ဆိုတာ ကိုယ်သိတာတွေရော ကိုယ်မသိတာတွေပါ စာတွေ့လက်တွေ့အစုံ အမြဲတမ်းပေါင်းစပ် နေရတာပါ။ ဒါကိုမှ ရှေ့ပိုင်းတင်ပြခဲ့သလို ကိုယ်သိတဲ့ကိုယ်ပိုင်တဲ့အကြောင်းအရာဖက်ကို အတတ်နိုင်ဆုံးဆွဲသွင်းပြီး ဖန်တီးတတ်ရပါတယ်။

အဲဒီလိုဆက်စပ်ရာမှာ ပန်းချီသဘော ပန်းချီအမြင်အများကြီးပါရှိပါတယ်။ ဥပမာဆိုကြပါစို့။

သဲကန္တာရတစ်ခုနဲ့ ပင်လယ်ပြင်ပေါင်းစပ်ထားပုံ ပန်းချီရေးမယ်ဆိုပါတော့။ သဲကန္တာရနဲ့ ပင့်လယ်နှစ်ခုထဲ ဘယ်လိုလုပ်ပြီး ကြည့်ကောင်းမှာလဲ။ ဘယ်လိုဆက်စပ်လို့ရမှာလဲ။

ကဲ . . အဲဒါကိုမှ ဆက်စပ်မိအောင် သူတို့နှစ်ခုရဲ့အပေါ်ဖက်မှာလခြမ်းကွေးလေးရေးကြည့်လိုက်ပါ။ ကြည့်ရတာအဆင်ပြေပြီလား။ သိပ်အဆင်မပြေသေးရင် သဲပေါ်က အုန်းပင်လေးတစ်ပင် ရေဘက်ကိုကိုင်းညွတ်နေဟန်နဲ့ ဆက်ရေးကြည့်။ ကိုယ့်အနေနဲ့ ကြည့်လို့ အဆင်ပြေပြီလား။ အဆင်မပြေသေးဘူးထင်ရင် သဲဖက်က တဲလေးနှစ်လုံးသုံးလုံးထပ်ထည့်လိုက် ကိုင်း . . ဘာမှမဟုတ်ဘူး။ ကြာရင် သဲကန္တာရဆိုတာ ပင်လယ်ကမ်းခြေဖြစ်လာလိမ့်မယ်။

ဆိုလိုတာက ဒီလိုမဖြစ်နိုင်တာကို ဆက်စပ်တတ်ဖို့ကို ပန်းချီသဘောကို နားလည်ထားသင့်ပါတယ်။

ကိုယ်ကိုယ်တိုင် ပန်းချီကားတစ်ချပ်ကို ရေးကြည့်ပါ။ ပြီးရင်ပြန်ကြည့်ပါ။ လိုအပ်ချက်တွေ အများကြီးတွေ့ရပါလိမ့်မယ်။ အဲဒီကိုယ်ရေးထားတဲ့ ပန်းချီကားကိုပဲ နားလည်သူတစ်ယောက်ကို ပြကြည့်ပြီး ပြင်ခိုင်းကြည့်ပါ။ ပန်းချီနားလည်သူက ဟိုတို့ ဒီတို့နဲ့တင် ကြည့်ကောင်းတဲ့ပန်းချီကား ဖြစ်လာပါလိမ့်မယ်။

ကျွန်တော့်ကို လူတွေက ပြောကြတယ်။ စာရေးတဲ့နေရာမှာ အရုပ်သိပ်ဆန်တယ်ဆိုပြီး။ ဟုတ်ပါလိမ့်မယ်။ ကိုယ်တိုင်က ပန်းချီကလာတာဆိုတော့ ကိုယ်ရေးတဲ့စာတွေ အရုပ်ဆန်နေတာ သိပ်တော့မထူးဆန်းပါဘူး။ ဒါကြောင့် ကျွန်တော်ကစာကို အရုပ်လိုပေါ်အောင် ရေးရတာ သိပ်ဝါသနာပါတာပါ။

*****



www.burmeseclassic.com

www.burmeseclassic.com





တချို့ကလည်း ပြောကြပါတယ်။ 'ဟာသဝတ္ထုရေးဖို့အတွက် ကုန်ကြမ်းရှာဖို့ လိုပါတယ်'. . . ဒါကြောင့်နယ်တကာ၊ အရပ်တကာ ကွင်းဆင်းလေ့လာပြီး ကုန်ကြမ်းရှာမှ တန်ကာကျတယ်။

မှန်ပါတယ်။ နယ်စုံအရပ်စုံရောက်ဖူးတော့ ဗဟုသုတပိုများတာပေါ့။ ဗဟုသုတပိုများတော့ သူများတွေထက်ပိုသိနေနိုင်တာပေါ့။

ဒါကို ကျွန်တော်မငြင်းပါဘူး။ (ဘယ်သူမှလဲ ငြင်းလို့မရပါဘူး)

ဒါပေမယ့် ကျွန်တော်ဆိုလိုချင်တာက ဘယ်လောက်ပဲနယ်စုံအောင်သွားခဲ့ပါစေ။ အမြင်မရှိရင် ဝတ္ထုရေးဖို့ကုန်ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူနိုင်ပါဘူး။ နယ်စုံ အောင်ရောက်လဲ ရောက်တာပဲရှိမယ်။ ရောက်ဖူးရင်လဲ ရောက်ဖူးတာပဲရှိမှာပဲ။ ဒါပေမယ့် ဝတ္ထုတစ်ပုဒ်ရေးဖို့လောက်ထိ ဘာကုန်ကြမ်းမှ ရမှာမဟုတ်ပါဘူး။

ဝတ္ထုရေးစာရေးဆရာတစ်ယောက်အတွက် အမြင်လိုအပ်ပါတယ်။

ဝတ္ထုရေးစာရေးဆရာတစ်ယောက်ဟာ အမြင်ရှိတယ်ဆိုရင် ခင်ဗျားတို့ပြောပြောနေတဲ့ကုန်ကြမ်းကို ဝေးဝေးရှာမနေပါနဲ့၊ ကျွန်တော်တို့ရဲ့အနီးအနားမှာရှိပါတယ်။ ယုတ်စွအဆုံးကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာတင် ရှိပါတယ်။ မယုံရင် ကျွန်တော်ရေးပြပါ့မယ်။ လွယ်လွယ်လေးပါ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





အလိုင်းမင်း

လူတစ်ယောက်မှာ စွဲစွဲလမ်းလမ်း နှစ်သက်တာ တစ်မျိုးစီတော့ရှိကြမှာပါ။ တချို့ကလည်း အစားအစာ၊ တချို့က အဝတ်တန်ဆာ၊ တချို့က အရောင်၊ တချို့က ရေမွှေး၊ တချို့ကလိုးရှင်း စသည်ဖြင့်ပေါ့ဗျာ။ ပြောရရင် အများကြီးရှိလိမ့်မယ်။

အဲဒီထဲမှာမှ ကျွန်တော့်ကျတော့ မျက်မှန်တပ်ရတာကိုကြိုက်သဗျ။ မျက်မှန်ကို ဘယ်လောက်ထိကြိုက်တတ်သလဲဆိုရင် မျက်စိအထူးကုဆီကိုသွားပြီး ကိုယ့်မျက်လုံးက ယပက်လက်မြင်နေလျက်နဲ့ကို ကကြီးပြောပြီး ပါဝါမျက်မှန်တပ်ခဲ့တာ၊ နောက်မှ ဒီအတိုင်း နေရင်အကောင်း မျက်မှန်တပ်လိုက်မှလူက သောက်စရာမလိုဘဲမူးမူးတက်လာလို့ ပါဝါ

www.burmeseclassic.com



မျက်မှန်ချွတ်လိုက်တာ။ နောက်ဆုံးတော့ အနှောင့်လွတ်အသွားလွတ် နေတာ မျက်မှန်ပဲတပ်ရတော့တာ။

မျက်မှန်တပ်ရခြင်း အဓိကအကြောင်းရင်းကလည်း ရှိတယ်လေ။ ကျွန် တော့မျက်လုံးက အလင်းရောင်ပြင်းပြင်းမြင်လို့မရဘူး။ အဲလို အလင်းရောင် ပြင်းပြင်းကို ကြာကြာကြည့်ရင် အလိုလိုနေရင်း မျက်လုံးကြီးက နီတက်လာတယ်။ အဲသည်ထက် ပိုပြီးကြာကြာနေရင် မျက်သားအဖြူပေါ်မှာရှိတဲ့ အကြောကြီးတွေ ရေဘဝဲလက်တံကြီးလို ထောင်တက်လာတယ်။ အဲသည်လိုဆိုတော့ ရုပ်ခံကလည်းမကောင်းပုံနဲ့ မျက်ဝန်းကြီးကလည်း နီရဲနေတာဆိုတော့ ဘာမှလဲမလုပ်ရ ပါဘဲ " ဒီကောင်အစောကြီး မူးနေတယ် " အထင်ခံရမှာ စိုးတာလည်းပါတာပေါ့။

ဒါက တစ်ကြောင်း။

နောက်တစ်ကြောင်းက ဓာတ်ပုံတွေအရိုက်ခံတဲ့အခါမှာ ကင်မရာက ထွက်တဲ့ ဖလက်ရှ်ရှ်အလင်းရောင်ကိုလုံးဝမခံနိုင်တာပါပဲ။ မျက်လုံးက မမှိတ်နဲ့ဆို လည်း မှိတ်တာပဲ။ ဒါကြောင့်ကျွန်တော့ကို ဓာတ်ပုံရိုက်ရင် အမြဲတမ်းမျက်မှန်တပ် ထားရတာ။ ရိုးရိုးအလင်းရောင်တောင် မခံနိုင်ဘူးဆိုနေမှ ဟိုဟာကြီးနဲ့ထိုးတော့ စဉ်းစားသာကြည့်။

ဒါကလည်းတစ်ကြောင်းပေါ့။

အဓိကအကြောင်းကတော့ ကိုယ့်ရဲ့မသမာဆုံးမျက်လုံးကို ဖုံးထားချင် တာပါပဲ။ (မျက်နှာကြီးကိုတည်ထားပြီး သူများကို မျက်မှန်ထဲက ချောင်းရတာ သိပ်အရသာရှိတာပဲ)

ဘာပဲပြောပြော အဲသည်လိုအကြောင်းအချက် များစွာကြောင့်ပဲ မျက်မှန်ကို စွဲစွဲလမ်းလမ်းတပ်မိတယ်။

ဒီလိုနဲ့ မျက်မှန်ကို တပ်ရင်းတပ်ရင်းနဲ့ပဲ ဘယ်လောက်အထိဖြစ်လာသလဲ ဆို အပြင်ထွက်ပြီဆိုတာနဲ့ မပါမဖြစ်အသုံးအဆောင်ထဲမှာကို ပါလာတော့တယ်။

နောက်ဆုံးအဆင့်ကတော့ ပိုက်ဆံရရင် အဝတ်အစား အသုံးအဆောင် ဝယ်ဖို့ စိတ်မကူးမိဘူး။ မျက်မှန်ပဲဝယ်ဖို့ စိတ်ကူးမိတယ်။

အကျီဆိုရင်ဗျာ နှစ်ထောင်ကျော်သွားရင် သိပ်မဝယ်ချင်တော့ဘူး။ ဘောင်းဘီဆိုရင်လဲ(အခုကို)ရှစ်ထောင်ကျော်တယ်ဆိုရင် ကိုင်မကြည့်တော့ဘူး။ အဲ. . . မျက်မှန်ကျတော့ အကောင်းကလေးမှ တပ်ချင်တာ။

ဒါကြောင့် တစ်နှစ်လုံးစာရေးပြီး မစားရက် မသောက်ရက် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တွေစုံ။ စုမိပြီဆို မျက်မှန်ဝယ်တော့တာပဲ။

မျက်မှန်ကလည်းဗျာ ဝယ်သာဝယ်ရတယ်။ ဘယ်တော့မှ တစ်လက်ထက်ပိုမရှိဘူး။ ကျွန်တော်က ဝယ်လိုက်၊ ကျွန်တော့်လိုပဲ မျက်လုံးမကောင်းတဲ့ အစ်ကိုတွေက 'မ'သွားလိုက်နဲ့ နောက်ဆုံးတော့ တစ်လက်ပဲကျန်တာပဲ။

မျက်မှန်အသစ်ကလေးရရင်လဲ အဲဒါလေးတပ်ပြီး ကိုယ့်ကိုယ်ကိုယ် အင်မတန်ချော၊ အင်မတန်ခန့်၊ အင်မတန်ကျက်သရေရှိ အဲလိုကိုထင်မိတာ။ (ကိုယ့်ကိုယ်ကိုယ်မို့မြှောက်ပြောတာမဟုတ်ဘူး။ ကိုယ်ကြီးကိုက ခန့်တာကြီးကိုး)

တွေ့တဲ့သူတွေလည်း"ကိုယ့်ဆရာ ဒီမျက်မှန်နဲ့ တော်တော်မိုက်တယ်" ဆိုရင် ပီတိတွေကိုဖြစ်လို့။

မိုက်မှာပေါ့ အရည်လည်းမရ၊ အဖတ်လည်းမရ၊ လူလည်းအထင်မကြီးတဲ့ဒီမျက်မှန်ကြီးကို ဈေးကြီးပေးဝယ်တပ်တဲ့ ကျွန်တော့်လို လူ့အနွံလောက်မိုက်တဲ့သူ ကမ္ဘာမှာရှိမှာလား။

ဒါပေမယ့် ကျွန်တော်ကလည်း ကျွန်တော်ပဲဆိုတော့ မျက်မှန်ကိစ္စကို ဘယ်တော့မှမလျှော့ဘူး။ ရသမျှပိုက်ဆံလေးကြိတ်စုပြီး အကောင်းစား မျက်မှန်တစ်လက်တော့ ဝယ်တပ်ချင်မြဲပဲ။

မျက်မှန်ကောင်းတပ်ချင်ရခြင်းအကြောင်းရင်းကတော့ ခါတိုင်း ခပ်ပေါပေါနဲ့ ဝယ်တပ်ခဲ့တဲ့မျက်မှန်တွေက တပ်ပြီးသိပ်မကြာခင်မှာပဲ မျက်မှန်အလိုင်းမင်းလွဲလွဲကုန်လို့ပဲ။

မျက်မှန်က တပ်ခါစကတော့ အကောင်းပါပဲ။ ဒါပေမယ့် တပ်ပြီးသိပ်မကြာခင်မှာတင် မျက်မှန်ကိုင်းက အလိုင်းမင်းလွဲပြီး ဘယ်ဘက်ကနိမ့်ပြီး ညာဘက်က အလိုလိုမြင့်တက်လာတော့တယ်။ ဒါကိုပြင်ဆိုင်သွားပြီးအလိုင်းမင်းပြန်ချိန်ရင်လည်း အလကားပဲ။ ချိန်တုန်းခဏပဲ။ သိပ်မကြာခင် အလိုင်းမင်းက သူ့အလိုလို ပြန်လွဲသွားတော့တာပါပဲ။

ဒါကြောင့် ဒီတစ်ခါ မျက်မှန်ဝယ်တပ်ရင် ဘယ်လောက်တပ်တပ် အလိုင်းမင်းမလွဲတဲ့ မျက်မှန်တစ်လက်လောက်တော့ ဈေးကောင်းကောင်းပေးပြီး ဝယ်ချင်နေတာပေါ့။

အဲဒီမျက်မှန်သာတပ်ရင်ဖြင့် ငါ့ပုံကကျော်ဆွေနဲ့လည်း တူသောက ဂျိမ်းစ်ဒင်းလိုလည်း ဆွဲဆောင်မှုရှိလောက်ရဲ့၊ မာလွန်ဘရန်ဒိုလည်း လဲသေ ရဲ့၊ ဂျွန်ဝိန်းကြီးလည်း (ဟယ် ငါပြောနေတာ သေပြီးသားလူတွေချည်း )

www.burmeseclassic.com



အဲလေ အဲဒီလိုမြင်သမျှလူ လဲသေလောက်ရဲ့လို့ကို ထင်နေမိတာ။

ဒီလိုနဲ့ ရသမျှလေး ကြိတ်စုရင်း မျက်မှန်အကောင်းစားတစ်လက်ရ လာပါရော့လား။

ရသမျှကိုစု၊ လိုတယ်ထင်သေးတာနဲ့ အစ်မဆီကတောင်ငွေနည်းနည်း ထပ်ချေးပြီး ဝယ်နေကျ နာမည်ကြီးမျက်မှန်ဆိုင်ဆီကို ကသုတ်ကရက် ချီတက် သွားရတော့တယ်။

"ဩော်. . . ဆရာပါလား ပျောက်နေတာတောင်ကြာပြီနော်"

အမြဲဝယ်နေကျဖောက်သည်ဖြစ်နေတော့ မျက်မှန်ရောင်းတဲ့ကောင် လေးက ကျွန်တော့်ကိုမှတ်မိနေပြီ။ (ဝယ်ပြီးရင်လဲ ခဏခဏပြန်ပြင်နေရတော့ သိပြီပေါ့ )

" ထုံးစံအတိုင်းပဲလားဆရာ၊ ခပ်ပေါပေါထဲကပဲလား"

မျက်မှန်ရောင်းတဲ့ကောင်လေးစကားကို ကျွန်တော်ကရင်ကော့ပြီး-

" ဘယ့်နှယ့်. . လူကိုအမြဲတမ်း အပေါစားသုံးနေတယ်များမှတ်လား ဒီတစ်ခါ အကောင်းစားထဲကပဲယူမယ်"

ကျွန်တော့်စကားကို မျက်မှန်ရောင်းတဲ့ကောင်လေးက အားတက်ပြီး-

" ဟာ . . ဒါဆို ဒီဘက်မှာ အကောင်းစားတွေရှိတယ်"

ဟုဆိုကာ မျက်မှန်အကောင်းစားများထားရာဘက်ကို ခေါ်သွားတယ်။

" ဒီမှာ ဆရာ၊ ဒါလေးတွေက ပေါ့လည်းပေါ့တယ်၊ တပ်လိုက်ရင် ထင်လည်းထင်ရှားတယ်၊ ဥပမာဆိုရရင် ဆရာတို့လို လူရုပ်ဆိုးတွေ[illegible] ဒီမျက်မှန်တပ်လိုက်ရင် လူကြားသူကြားအိန္ဒြေနဲ့သွားလို့ရသွားတာပေါ့ဆရာ"

သူ့စကားကြောင့် အောင့်သက်သက်ဖြစ်သွားသော်လည်း တည်တည်နဲ့ သာရင်ကော့ပြီး-

" ဈေးသာပြောပါ၊ပုံစံကတော့ကြိုက်နေပြီ"

" ငါးသိန်းနှစ်သောင်းထဲပါ"

" ဟင် "

မျက်မှန်ဈေးကြားတာနဲ့ တည်ထားသည့်ရုပ် ချက်ချင်းပြေကျသွား[illegible] တယ်။ ကိုယ်ထင်တဲ့ဈေးမှ မဟုတ်တာ။

" ဟင် . . ဟို . . ဟိုလေ အဲဒီလောက်ကြီးဆိုတော့"

" များလို့လား၊ ဒါဆိုတန်တယ် ရှစ်သောင်းခြောက်ထောင် "



www.burmeseclassic.com

www.burmeseclassic.com



" ရှစ်သောင်းခြောက်ထောင်၊ အဲ ဘယ်လိုပြောရမလဲပေါ့နော်၊ ခင်ခင်ပေါ့နော် "

ကိုယ့်မှာ ကိုယ်ထင်ထားတဲ့ဈေး တစ်ခုမှမဟုတ်တော့ စကားတောင်ဘယ်လို ဆက်ရမှန်းမသိဖြစ်နေမိတယ်။ မျက်မှန်တစ်လက်ကိုလည်း ဒီဈေးဒီဈေးတွေရှိမှန်း တစ်ခါမှမစဉ်းစားမိခဲ့ဘူး။ မျက်မှန်ရောင်းတဲ့ကောင်လေးက ကျွန်တော့်ကို မကြည်သလိုကြည့်ပြီး-

" တန်ရာ၊ တန်ရာပဲလို့ချင်တယ်ဆိုလဲ အစကတည်းက ပြောပါလား။ ကိုယ့်မှာတော့ ဝယ်နိုင်တယ်ထင်ပြီးလိုက်ပြရတာအမော "

ဆိုပြီးတော်ရုံတန်ရုံ ဈေးလောက်နဲ့ ရနိုင်တဲ့မျက်မှန်တန်းဘက် ခေါ်သွားပြန်သည်။

" ဒါလေးယူပါလား။ ဒီမျက်မှန်ရဲ့ပုံမှန်ဈေးက သိန်းချီရှိတယ်။ ဒါပေမယ့် ဒစ်စကောင့်ချထားတဲ့ရာသီမို့ ဈေးတန်တာ "

သူပြောတဲ့မျက်မှန်ယူကြည့်တော့ မဆိုး။ ကိုင်းတွေကလည်း တောင့်တောင့်တင်းတင်း၊ မှန်ကလည်းပြာလဲ့လဲ့မို့ ကြည့်ကောင်းနေသည်။

" အေး. . . ဒါလေးကမဆိုးဘူးကွ ငါနဲ့လည်း လိုက်မယ်ထင်တယ် "

" တပ်လိုက်တော့ကပ်ပါနေတာပဲ။ မလိုက်လို့ဖြစ်မလား အဲ ဒါပေမယ့် မျက်မှန်အနက်တော့ ယောင်လို့တောင် မတပ်မိစေနဲ့ပေါ့ဗျာ "

" မျက်မှန်နက်တပ်တော့ ဘာဖြစ်လို့လဲ "

" ဩော် ဘာရယ်မဟုတ်ပါဘူး။ မျက်မှန်အနက်တပ်လိုက်ရင် ရုပ်ခံကလည်းကောင်းတော့ မျက်စိမမြင်လို့ တောင်းစားနေတဲ့သူတောင်းစားနဲ့ မှားမှာစိုးလို့ပါ "

သူ့စကားကြောင့် ရှိုးတိုးရှန်းတမ်းဖြစ်ရသေးသည်။

" မင်းကွာ ငါ့ရုပ်က အဲဒီလောက်လည်း မဆိုးသေးပါဘူး"

" အေးပေါ့ နူမှ မနူသေးတာ "

မျက်မှန်ရောင်းတဲ့ ကောင်လေးစကားကို ကျွန်တော်ဂရုမစိုက်နိုင်တော့။ မျက်မှန်ကလည်း ကြိုက်ပြီကိုး။ ဒါကြောင့်-

" ကဲ . . . ဒါဆို ဒါလေးပဲယူတော့မယ်၊ ဩော် ဒါနဲ့ဒီမျက်မှန်က [illegible]

မျက်မှန်တွေလို ကိုင်းရွဲ့သွားတာမျိုး ဖရိမ်စောင်းသွားတာမျိုးတော့ [illegible]

ဈေးကြီးပေးပြီး ခါတိုင်းလိုဖြစ်မည်စိုး၍ အာမခံချက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်ဒေါက်တိုမျှတ်မှန်ရောင်းတဲ့ကောင်လေးက မျက်မှန်ကိုင်းကို လက်နှင့်တောက်ပြရင်း-

" စိတ်ချပါဗျာ၊ ဒါကအကောင်းစားမျက်မှန်ပဲ။ တစ်သက်လုံးသေသည်အထိတပ် လုံးဝမစောင်းစေရဘူး အာမခံတယ် "

သူအာမခံတာနဲ့ပဲ မျက်မှန်လေးကို ငွေချေဝယ်ခဲ့တယ်။

အဲဒီမျက်မှန်ရတဲ့နေ့ကစပြီး အပြင်သွားဖို့လမ်းရှာရတော့တယ်။ အလုပ်မရှိအလုပ်ရှာ မြို့ထဲသွား။ မြို့ထဲသွားမှ မျက်မှန်ကတပ်ရမှာကိုး။ တစ်နေကုန်အောင် လက်ဖက်ရည်ဆိုင်လျှောက်ထိုင်။ အလုပ်မရှိ အကိုင်မရှိ။ အနီးနားဟိုဟာဝယ်သလို ဒီဟာဝယ်သလိုနဲ့ထွက်။

" မင်းမျက်မှန်လေးက မိုက်လှချည်လား "

တချို့မလည်း ပြောပါတယ်။

" ဩော် ဒီမျက်မှန်တပ်လိုက်မှ မင်းရုပ်ကပိုခဲ့လာတယ်" လို့ပြောရင်သေမှာ ကျနေတာပဲ။ ဟုတ်တယ်လေ ကိုယ့်မှာတော့ ဒီမျက်မှန်နဲ့လိုက်မယ်ထင်လို့ ဝယ်တပ်တာ။ ပြောရင်လူနဲ့ မျက်မှန်ရောပြောပေါ့။ အခုတော့ ဟုတ်ပေါင်။

" မင်းမျက်မှန်လေးက ခံ့လှချည်လား " တဲ့။ သူတို့ပြောပုံအတိုင်းဆိုကျုပ်မှာ မျက်မှန်ချွတ်လိုက်ရင် မသမာမှုတွေတန်းစီလုပ်မယ့်ပုံမျိုး။

ထားပါတော့။ ဒါမျိုးကြုံနေကျမို့ မထူးဆန်းတော့ပါဘူး။

ဒီလိုနဲ့ မျက်မှန်တပ်ရင်း သုံးလေးရက်အတွင်း မျက်မှန်ကအလိုက်· ·နည်းနည်းလွဲလာပြန်တယ်။ ကိုယ့်မှာလည်း ဒီလိုဖြစ်မှာကြောက်လို့ ဂရုတစိုက်ကြည့်လာတာဆိုတော့ သိတာပေါ့။ နောက်နှစ်ရက်သုံးရက်ကြာတော့ မျက်မှန်ကသိသိသာသာစောင်းကျလာတယ်။

" ဟေ့ကောင်. မင်းမျက်မှန်ကြီးက တစ်ဘက်စောင်းနေပါလား"

လူတွေကတောင်ပြောလာကြပြီ။ ပြောပါများတော့ တင်းလာတာပေါ့နော်။ ကိုယ့်မှာတော့ ဒီမျက်မှန်လေးတစ်လက်ရဖို့ လက်တို့အောင် စာတွေရေးခဲ့ရတာ။ အခုတော့ ဈေးကြီးပေးဝယ်ပြီး ကောင်းပါတယ်ဆိုတဲ့မျက်မှန်က ဖောက်လာတော့ ဘယ်သူစိတ်မတိုရှိပ့်မလဲ။ ဒါနဲ့ဒေါသတွေ မောင်းတင်ပြီး မျက်မှန်အာမခံချက်ပေးထားတဲ့ ဟိုင်တီဆီအမြန်ပြန်သွားရတော့တာပေါ့။

" ဩော် ဆရာပါလား၊ ဟိုမျက်မှန်နဲ့အဆင်ပြေလို့ နောက်တစ်လက်လာဝယ်တာလား၊ အခုတလော ဆရာပိုက်ဆံတွေ တအားကောက်ရနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်မှတ်တယ်၊ ငွေကနှစ်သောင်းမျိုးသုံးသောင်းမျိုးသုံးလှချည်လား"

သူ့ရဲ့ပရိခံစကားကို ကျွန်တော်ကလည်း ကိုယ့်ဒေါသနဲ့ကိုယ်မို့-

" ဟေ့ကောင်. . အပိုစကားတွေပြောမနေနဲ့၊ မင်းပြောတော့ ငါ၀ယ်သွားတဲ့မျက်မှန့် တစ်သက်လုံးတပ်လို့ရတယ်ဆို"

ကျွန်တော့် ဒေါသတကြီးစကားကို ငတိက မျက်မှောင်ကြုတ်ပြီး-

" အေးလေ ဘာဖြစ်လို့လဲ မျက်မှန်ကအကောင်းစားပဲဟာကို"

" ဘာအကောင်းစားလဲကွ ကြည့်ပါဦးမင်းမျက်မှန် "

ကျွန်တော့်ရဲ့ စောင်းနေသောမျက်မှန်ငှဲ့ သူ့ရှေ့ပစ်ချပြလိုက်တယ်။

" ဟယ် "

မျက်မှန်ကိုကြည့်ပြီး သူငယ်လေး အံ့အားသင့်သွားပုံရတယ်။ မျက်မှန်က သူမထင်မှတ်တဲ့အချိန်အတွင်းမှာ ပုံပျက်ပန်းပျက်ဖြစ်နေမင့်ကိုး။သူ မျက်မှန်ကို အသေအချာကိုင်ကြည့်တယ်။ ဖင်ပြန်ခေါင်းပြန်ကြည့်တယ်။

" ထူးဆန်းတာပဲ "

သူဘာသာသူတစ်ယောက်တည်း ရေရွတ်ရင်းမျက်မှန်ကို အသေအချာစစ်ဆေးတယ်။ မူလီတွေ ဘာတွေစစ်ကြည့်တယ်။ စပရိမ်တွေ ကောင်းမကောင်းဆွဲကြည့်တယ်။အားလုံးအကောင်း။ မျက်မှန်ကို ဘာမှအပြစ်ရှာမရတော့ ကျွန်တော့်မျက်နှာပြန်ကြည့်တယ်။ ပြီးတော့ မျက်မှန်ကို ပြန်ကြည့်တယ်။

နောက် ကျွန်တော့်မျက်နှာကို အသေအချာပြန်ကြည့်တယ်။

" ဘာ့ကြည့်တာလဲ ဟေ့ကောင်"

ကျွန်တော့်ကို အသေချာကြီး လာစိုက်ကြည့်နေတော့ ကျွန်တော်လည်း ရှိုးတို့ရှန်းတမ်းဖြစ်ပြီးပြန်မေးလိုက်တယ်။ အဲဒီတော့မှ သူငယ်လေးမျက်နှာဝင်းလက်သွားပြီး. . .

" ကျွန်တော်သိပြီဗျ. . . ကျွန်တော်သိပြီ "

သူ့ဝမ်းသာအားရစကားကြောင့် ကျွန်တော်လည်းမျက်မှောင်ကြုတ်မိကာ. . .

" ဘာသိတာလဲကွ "

" ဘာဖြစ်ရမှာလဲဗျ ဆရာ့မျက်နှာကြီးက ဖရိမ်စောင်းနေတဲ့ဟာ"

" ဟေ "

သူ့စကားကြားတော့ ကျွန်တော်လန့်သွားရသည်။

www.burmeseclassic.com



"တုတ်တယ်ဗျ အမှန်တော့ မျက်မှန်ကစောင်းတာမဟုတ်ဘူး ဆရာ့မျက်ခွက်ကြီးက ဖရိမ်စောင်းပြီး အလိုင်းမင်းလွဲနေတာ"

သူ့စကားကြောင့် ကျွန်တော်လည်း ယောင်ပြီးကိုယ့်မျက်နှာ ကိုယ်ပြန်စမ်းမိသည်။ ပြီးမှ ကယောင်ကတမ်းဖြင့်-

"မ. . . မစောင်းပါဘူးကွာ၊ မင်းကလည်း"

" ဘာလို့မစောင်းရမှာလဲ၊ လာ. . ကျွန်တော်တိုင်းပြမယ်"

ဆိုကာ မှန်ဘီရိုတစ်ခုထဲမှ ပေကြိုးဘူးကြီးယူထုတ်လာသည်။ နောက် ကျွန်တော့်မျက်နှာနားကပ်လာကာ-

" ဟောဒီမှာကြည့်၊ ဟောဒီမှာ ဆရာ့မျက်နှာအရှည်က ရှစ်လက်မနဲ့ နှစ်စိတ်ရှိတယ်'

"ညာဘက်နဖူးကနေ မေးဖျားထိကရှစ်လက်မ၊ ဘယ်ဘက်ကျတော့ ခုနှစ်လက်မနဲ့ရှစ်စိတ်၊ အဲဒီမှာတင် ဘေးဘယ်ညာအားလုံး နှစ်စိတ်စီ ကွာနေပြီ"

" ဟေ "

သူပြောလိုက်မှ ကျွန်တော်ပါလန့်သွားရသည်။ ဒါကို ငတိကမပြီးသေး။

" မှန်း "

ငတိက မကျေနပ်သေး၍ ထပ်ဆင့်တိုင်း၏။

" ဟော. . ဟောဒီမှာ တွေလား၊ အဖြေပေါ်ပြီ၊ ဟားဟား. ညာ ဖက်မျက်လုံးအစွန်းကနေ နှုတ်ခမ်းထိကို သုံးလက်မခွဲအတိ၊ ဘယ်ဘက်မျက်လုံး စွန်းကနေ နှုတ်ခမ်းအထိက သုံးလက်မနှစ်စိတ်ထဲ အဲဒီမှာတင် သုံးစိတ်ထပ် ကွာပြန်ပြီ"

" မင်း. . . မင်းဟာက ဟုတ်ရဲ့လားကွာ"

ကျွန်တော်၏ စောဒကစကား။ ဒါကိုငတိက-

" ဘာလို့မဟုတ်ရမှာလဲဗျ၊ ဟောဒီမှာလည်းကြည့်စမ်း" ဆိုကာ ထပ် တိုင်းပြန်၏။

" ညာနဖူးကနေ မျက်ခုံးထိက သုံးလက်မတစ်စိတ်ထဲရှိပြီး၊ ဘယ်နေ က သုံးလက်မသုံးစိတ် ဖြစ်နေတယ်၊ နှစ်စိတ်တိတိကွာပြန်ပြီပဲ ဘာငြင်းဦးမလဲ"

ကျွန်တော်လည်း သူ့အော်ကျယ်အော်ကျယ်နှင့် မျက်နှာငိုင်းလိုက် ဝမ်းသာအားရထအော်လိုက်လုပ်နေသဖြင့် ရှက်လာပြီး-

" မ . . . မငြင်းတော့ပါဘူးကွာ၊ တော်. . . တော်ပြီ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



" နေဦး ထပ်တိုင်းပေးလိုက်ဦးမယ် " ဟုဆိုကာ ပေဘူးကို မျက်နှာထပ်ကပ်ပြီး. .

" ဟောဒီမှာထပ်ကြည့်ဦး၊ ညာနှုတ်ခမ်းက တစ်လက်မနဲ့ ရှစ်စိတ်ရှိပြီး ဟောဒီဘယ်ဘက်ကျတော့ တစ်လက်မခွဲဗျာ၊ သုံးစိတ်တိတိကို လွဲနေပါရော့လား"

သူ့စကားကြားတော့ ကျွန်တော်မျက်ရည်များပင် ဝိုင်းချင်သွားမိ၏။ ဩော် အရင်ကတော့ ကိုယ့်မျက်နှာကြီး ဒီလောက်အလိုင်းမင်းလွဲနေကြောင်း သိမှမသိခဲ့ရတာ။ ဒါကို ဝေါကမပြီးသေးပဲ-

" ဟော. . ညာနားရွက်ဖျားကနေ နှာခေါင်းရင်းက ငါးလက်မ၊ အင်း ဘယ်လည်းငါးလက်မပဲ၊ အဲ. . ဒါတော့အတည့်ဟ ဒီတစ်ခွက်မှာ ဒီတစ်ကွက်ပဲ တည့်တာတွေ့သေးတယ်"

BURMESE CLASSIC

ဟုဆိုကာ ပေကြိုးကို မျက်နှာပေါ်ထပ်တိုင်းရင်း -

" ဟော. . . ဟောဒီမှာမှ တက်တက်စင်အောင်လွဲတာဗျာ၊ ညာ နားရွက်ဖျားကနေ နှာခေါင်းဖျားကလေးလက်မခုနစ်စိတ်၊ ဘယ်ဘက်ကျတော့ ငါးလက်မနှစ်စိတ်၊ ဟယ်. . . နှာခေါင်းကြီးက တစောင်းကြီး"

သူပြောမှ ကိုယ်လည်းယောင်ပြီး ကိုယ့်နှာခေါင်းကိုယ် ပြန်စမ်းမိ၏။ နောက်မှသတိရပြီး ယောင်တောင်ပေါင်တောင်နှင့်

" မင်းကလည်းကွာ. . . ဒါကတော့ လူတိုင်းမှာကလီးယား clear မဖြစ်တာလေးတွေ အနည်းအကျဉ်းတော့ရှိမှာပေါ့"

" ဟ. . . clearမဖြစ်လည် နည်းနည်းပေါ့ဗျ၊ အခုဟာက သုံးစိတ်တောင်ဆိုတော့ မယွန်လွန်းဘူးလား၊ အဲ. . . ဒါနဲ့ သွားစေ့ကြည့်စမ်း"

" ဘာလို့စေ့ရမှာလဲကွ"

" စေ့ကြည့်ပါ ကြည့်ရအောင်"

" စေ့ဘူးကွာ "

" စေ့ပါဆို "

" စေ့ဘူးဆို "

" စေ့ဆိုစေ့ "

ကျွန်တော်ကလည်း အတင်းငြင်းသည်။ သူကလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုးသလို တပ်ခဲ့သည်။ နောက်ဆုံး ကျွန်တော်ကသာအလျှော့ပေးပြီး-
" ကိုင်း. . . ဒီလောက်ဖြစ်လှတာ စေ့တယ်ကွာ"
ဆိုပြီး စေ့ပြလိုက်သည်။ ဒါကို တေိက ဝမ်းသာအားရဖြင့်-
" ဟော. . ဒီမှာတွေ့ပြန်ပြီဗျာ၊ ဟား ဟား. . . ဘာငြင်းဦးမလဲ။ ဟောဒီမှာ ရှေ့သွားက အပေါ်နှစ်ချောင်းအောက်သုံးချောင်း ဖြစ်နေတယ်၊ ဒါတစ်ဘက်ကိုအသေအချာ စောင်းနေတဲ့လက္ခဏာပဲ၊ ကိုင်း. ညာဖက်အံသွားအထိတော့ ဘယ်ဘက်အံသွားက နှစ်စိတ်စာလောက်ဟနေ ပြီ ဘယ်ဘက်အံသွားပြန်ကြည့် အဲ. . . ဟုတ်ပြီ၊ ဘယ်ဘက်အံသွားပြန်ထိတော့ ဆရာ့သွားတစ်ပြုံလုံးတပင်လယ်လှိုင်းလုံးလို လှိမ့်တက်နေတာ၊ ထွီ. . ရွံစရာကြီး"
သူပြောတော့မှ ကိုယ့်ပုံကြီးက ဘယ်လိုဖြစ်နေမှန်းကိုမသိတော့။ မျက်မှန်ရောင်းသည့်ကောင်လေးကသာ ကျွန်တော့်ကိုတစိမ့်စိမ့်ကြည့်ကာ-
" အတော်နေရခက်မှာပဲနော်"
သူ့စကားကြားမှ ကျွန်တော်လည်း ပြန်သတိရကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး-
" ဘာလို့လဲကွ၊ ဘာကိုနေရခက်မှာလဲ"
" စဉ်းစားကြည့်လေ၊ မျက်နှာကြီး ဒီလောက်အလိုင်းမင်းလွဲနေတာ နေရမခက်ဘူးလား"
ကိုယ်လည်းကိုယ့်မျက်နှာကြီး တစိမ့်စိမ့်ကြည့်ပြီးပြောနေတာမို့၊ ဘယ်လိုပြန်ဖြေရှင်းရမှန်း မသိတာနဲ့ပဲ
" ခက်ပါဘူးကွာ၊ မင်းမျက်နှာပေါ်တင်ထားတာမှ မဟုတ်တာ"
" ဒီလိုလုပ်ပါလား၊ ဒီကထွက်သွားရင် ဒီမှာလာကြည့်"
တေိက ကျွန်တော့်ကိုလက်ဆွဲခေါ်ရင်း အသေအချာပြသည်။ ကျွန်တော်လည်း ယောင်နနနှင့်လိုက်ကြည့်မိ၏။
" ဟိုး လမ်းချိုးလေး တွေ့လား"
" အင်း"
" အဲဒီလမ်းချိုးလေးထဲမှာ သစ္စာရှင်ဆိုတဲ့ ဘော်ဒီရုံရှိတယ်. . . အဲတွင်ခုံလည်းတွဲဖွင့်ထားတယ်"
" အဲဒီတော့"
" ဆရာ့မျက်နှာကြီး ဖို့ပြီးထုသင့်တဲ့နေရာထု၊ ကျော်ာက်စက်နဲ့စား



www.burmeseclassic.com

www.burmeseclassic.com



သင့်တာတွေစားပြီး ပြင်လိုက်ပါလား။ ဒီလောက် အလိုင်းမင်းလွဲတဲ့ မျက်ခွက်ကြီး တွင်ခံ့အပ်မှုဖြစ်မှာ"

သူ့စကားကြောင့် ကျွန်တော်ရှူးရှူးရှားရှားဖြစ်သွားကာ

" အိုကွာ ငါ့မျက်နှာက မော်တော်ကားမှုမဟုတ်တာ၊ ဘာလို့တွင်ခံ့အပ်ရမှာလဲ"

" ပြန်တည့်သွားအောင်ပါ၊ ဒီလိုဖရိမ်စောင်းနေတာမျိုးက ပလပ်စတစ်ဆာဂျရီနဲ့လည်းမရဘူးနော့၊ တွင်ခံ့အပ်မှုကိုဖြစ်မှာ၊ မျက်နှာကြီးဖရိုဖရဲနဲ့ ကြည့်မကောင်းပါဘူး ဟော ဟောဒီမှာတွေ့ပြန်ပြီ၊ ကျွန်တော်ထပ်တိုင်းပြမယ်"

ဟုဆိုကာ မျက်နှာကို ပေကြိုးနှင့်ထပ်တိုင်းမလိုလုပ်နေ၍ အတင်းရုန်းကန်ကာ

" တော်. . . တော်ပါပြီကွာ၊ သိပါပြီ "

" မဟုတ်ဘူးဆရာ. . ဆရာ့မျက်လုံးက နှစ်လုံးလုံးထောင်တက်နေတာ မြင်မိလို့ပါ၊ ဒီမျက်လုံးမျိုးက ဂျပန်တွေမှာသာရှိရမှာဗျ၊ အခုဟာက ဆရာ့မျက်နှာပေါ် လာတက်ကပ်နေတော့၊ မုန့်ပိန္နဲစေ့ပေါ် နှမ်းစေ့နှစ်စေ့ထပ်ကပ်နေသလိုကြီး ဘယ်လိုမှကို လမိုင်းမကပ်ပါဘူးဗျာ၊ တကတည်း အသေအချာကြည့်ပြီး အပြစ်သာထိုင်ပြောရရင် ခြောက်လလောက်ကို ပြောကုန်မယ် မထင်ဘူး၊ တောက်လွဲလိုက်တဲ့မျက်ခွက်၊ ဒီတစ်သက် ဒီတစ်ခွက်မြင်ဖူးတာ"

မျက်မှန်ရောင်းသူလေးရဲ့ အားရပါးရစကား။ ဒါကိုကျွန်တော်ကပဲ

" အေးပါကွာ၊ မင်းလည်းတစ်ခွက် ငါလည်းတစ်ခွက်၊ တစ်ယောက်တစ်ခွက်ပါပဲ၊ ကဲ. . မင်းကိုလည်း မျက်မှန်ပြင် မခိုင်းတော့ဘူး၊ ငါ့အခွက်ငါမပြီးသွားတော့မယ်၊ တောက် မင်းပြောမှသိရတဲ့ အလိုင်းမင်းဒီလောက် တောင်လွဲနေတဲ့အခွက် အိမ်ပြန်ရောက်မှ တစိမ့်စိမ့်ကြည့်ပြီး ပေကြိုးနဲ့ကိုပြန်တိုင်းဦးမယ်"

ဆိုပြီး မျက်မှန်ဆိုင်က အလိုင်းမင်းလွဲနေတဲ့ကိုယ့်မျက်ခွက်ကိုယ်မပြီးသုတ်ချေတင်ခဲ့ရပါတော့တယ်။

ကိုင်း မိတ်ဆွေတို့ ကျွန်တော့်ရဲ့ အလိုင်းမင်းလွဲနေတဲ့ မျက်နှာကြီးအကြောင်း ဖတ်ပြီးရယ်ကောင်းရယ်နေပါလိမ့်မယ်။ မရယ်ပါနဲ့ဦး အလုပ်တင်ပေးပါရစေ။

မိတ်ဆွေတို့လည်း ကိုယ့်ကိုယ်ကိုယ်မှန်ပြန်ကြည့်ပြီး မျက်နှာ[illegible] အသေအချာတိုင်းကြည့်ပါ။ မျက်နှာနှစ်ဘက် အံ့ဩဖွယ်ကောင်း[illegible]

www.burmeseclassic.com



လွဲနေတာ တွေ့ရပါလိမ့်မယ်။

ဒါမှမဟုတ်ဘဲ မိတ်ဆွေတို့ကွန်ပျူတာတတ်တယ်ဆိုပါက ကိုယ့်မျက်နှာကို အရှေ့တည့်တည့်ရိုက်ပြီး ဘယ်အခြမ်းဆိုပါက ဘယ်အခြမ်းကိုသာ ဖြတ်ပြီး reverse လှန်လှည့်ပြီး ပြန်ကပ်ကြည့်ပါ။ သင်မဟုတ်သည့် သင်ကို မျက်ဝါးထင်ထင်တွေ့ရပါလိမ့်မယ်။

*****



www.burmeseclassic.com

www.burmeseclassic.com





ကိုင်း ဒီလောက်ဆိုရှင်းလောက်ပါပြီ။ အကယ်၍များခင်ဗျားတို့မှာ ဟာသအမြင်ရှိမယ်၊ အရာရာကို စေ့ငုစွာသိမယ်မြင်တတ်မယ်ဆိုရင် ကိုယ့်မျက်နှာကိုပေကြိုးနဲ့တိုင်းပြီးရေးရင်တောင် ဝတ္ထုဖြစ်ပါတယ်။ ဒါဆိုရင် နယ်တကာပတ် ကုန်ကြမ်းရှာရတဲ့ကိစ္စရှင်းလောက်ပြီထင်ပါတယ်။

ကျွန်တော်ဆိုလိုချင်တာက၊ နယ်တကာပတ်ပြီး ကုန်ကြမ်းမရှာနဲ့မဟုတ်ပါဘူး။ ရှာပါ။ ဒါပေမယ့် မြင်အောင်ကြည့်ပါ။ ဒါဆိုရင် ဝတ္ထုဇာတ်လမ်းမရှားပါဘူး။

အားလုံးလဲသိပြီးသား ဖြစ်ပါလိမ့်မယ်။ လူတစ်ယောက်မှာ ဇာတ်လမ်းတစ်ပုဒ်တော့ ရှိကြစမြဲပါပဲ။ ပြောစကားကိုက-



www.burmeseclassic.com

www.burmeseclassic.com



" လူ့ဘဝဆိုတာ လောကဇာတ်ခုံကြီးပါပဲ၊ ဒီလောကဇာတ်ခုံမှာမှ ကိုယ်ကိုယ်တိုင် တစ်ထောင့်တစ်နေရာက ပါဝင်ကပြနေရတဲ့ ဇာတ်ကောင်သာဖြစ်တယ် "

ကိုယ်ကိုယ်တိုင်တောင် ဇာတ်ကောင်ဖြစ်နေရင် တခြားသောသူတွေလဲ ကိုယ့်ရဲ့ဇာတ်ကောင်မဖြစ်နိုင်ဘူးလား။ ဒါကြောင့် ကိုယ့်အနီးအနားမှာ ရှိနေတဲ့ လူတစ်ယောက်အကြောင်းကို ခုချက်ချင်းရေးချလိုက်ပါ။ ဒါမှမဟုတ် ကိုယ့်အကြောင်းပဲဖြစ်ဖြစ်ပေါ့။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





တစ်ခါတလေမှာလဲ အဖြစ်အပျက်ကို အရှိုးအတိုင်းမရေးပြပဲ စာဖတ်သူတွေ စိတ်ဝင်စားအောင် ချဲ့ကားရေးရတာမျိုးလဲရှိပါတယ်။ များသောအားဖြင့် စာဖတ်သူဖတ်ချင်အောင် ဆွဲဆောင်ပြီးရေးတာမျိုးပါ။

ဥပမာအနေနဲ့ပြရရင် ဦးပုညရဲ့ ကာကဝလိယမယားဝတ္ထုမှာပဲ ပြန်ကြည့်ပါ။ ရာဇဝတ်ကောင်တစ်ယောက်ကို သုသာန်မှာ ထမင်းကျွေးပြီးပြန်အလာ လမ်းမှာရှိတဲ့ဘီလူးများအကျိုးသယ်ပိုးခဲ့လို့ ရွှေအိုးတွေရတဲ့ဇာတ်လမ်းပါ။

မြို့အထွက် ထန်းပင်စောင့်ဘီလူးက သူ့ကိုတွေ့တာနဲ့ ဒါကတော့ငါ့အစာပဲ။ ငါစားရတော့မယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

## သာကြည်ဝက်

တာတဝလီသမယားက-

" ငါသည် သင့်အစာမဟုတ်၊ ငါသည်ဘုရင့်တမန်တော်သာဖြစ်သည်" လို့ရေးရင် ပြီးပါပြီ။ ဒါပေမယ့် ဦးပုညက ဘယ်လိုဖွဲ့သလဲဆိုရင်-

" ဘုန်းဘုရားလက်စွဲ၊ သူရဲကောင်းရွေးဘွဲ့ခံ၊ သံတော်ကြီးတမန်တော်ကြီးကို ဝါးမည်စားမည်ဆိုသည့်အချက် နင့်နှုတ်ကထွက်သည်။ မင်းမျက်မလွတ်ပါတကား "

" နင့်စကားအလာပုန်စားသံပါသောကြောင့် လျှာကိုလှီးသင့်လှချေပြီ"

" သို့ဖြစ်ငြားလည်း စကားအရာမလိမ္မာ၍ တစ်ခါတစ်ရံလွန်မိသည့်ကံကို သည်းခံလိုက်ဦးမည် "

ကဲ. . . ဘယ်လောက်ဖတ်ရတာ အရသာရှိသလဲ။ ကာရန်လေးနဘေထပ်ကလေးနဲ့ အကွေ့အဝိုက်ကလေးရေးသွားတာ ဆွဲဆောင်မှုကဘယ်လောက်သွားကွာသလဲ။

အဖြစ်အပျက်တစ်ခုကို ပိုပြီးတော့ကြီးကျယ်စေချင်ရင် ဒါမှမဟုတ် လူတွေစိတ်ဝင်စားမှုကိုပိုလိုချင်ရင် စာကိုဖွဲ့နွဲ့ရေးတတ်ရပါတယ်။ ကျွန်တော်တို့ ဟာသဝတ္ထုရေးတဲ့သူတွေအတွက် အဖွဲ့အနွဲ့ကအဓိကကျပါတယ်။ ဒါမှပဲ ကိုယ်လုပ်ချင်၊ ကိုယ်ဖန်တီးချင်တဲ့ ဟာသဝတ္ထုဆိုတာမျိုးကို ရမှာပါ။

ဥပမာ။

"နေထွက်ပြီ"

ရပါတယ်။ ဘာမှမဖြစ်ပါဘူး။

စာပေတွေတအားနဲ့ကိုဖွဲ့နွဲ့လာနေကြချိန်မှာ ဆရာကြီးသိပ္ပံမောင်ဝက အကျစ်အလစ်ဆုံးနဲ့ အရိုးရှင်းဆုံး စကားလုံးတွေသုံးပြီး ဒီအတိုင်းရေးခဲ့ပါတယ်။

အဲဒီရှေးခေတ်အခါက စာကိုမှမဖွဲ့နွဲ့တတ်ရင် စာရေးဆရာမဖြစ်တော့လောက်အောင်ကို ဖွဲ့နွဲ့ရေးသားနေကြပါပြီ။ အဲဒါကိုမှ တော်လှန်ပြီး ဆရာကြီးသိပ္ပံမောင်ဝက ဒီလိုအရှင်းလင်းဆုံးဖွဲ့စည်းပုံနဲ့ ခေတ်ကိုပြောင်းခဲ့တာပါ။

ဒါပေမယ့်ဘယ်လိုပဲပြောင်းပြောင်း ကျွန်တော်တို့ဟာသသမားတွေအတွက်ကတော့ အဖွဲ့အနွဲ့ဆိုတာ မရှိမဖြစ်လိုအပ်လှပါတယ်။ ဥပမာလေး ပြန်ကြည့်ရအောင်. . .

" နေထွက်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဒါကရှင်းပါတယ်။ နေထွက်လာတာပါ။ ဒါပေမယ့် ဒီနေထွက်တာက ရိုးရိုးနေထွက်တာပါ။ ဟာသမဆန်ပါဘူး။ ကဲ ဒါဆို ဟာသဆန်ဆန်လေး နေထွက်ကြည့်ရအောင်။

" ကာလသားများစုဝေးနေချိန်၌ မြစ်ဆိပ်မှရေချိုးပြီးပြန်တက်လာစ ထဘီ ရင်လျားကလေးနဲ့အပျိုမလေး၏ပါးပြင်သဖွယ် ရှက်သွေးဖြာနေသောနေဝန်းသည်"

ကိုင်း. . . ဒါမျိုးလေးဖတ်ရတာ ပိုမရှင်လား။

ဒါကြောင့်

ဟာသဝတ္ထုရေးသူဟာ အဖွဲ့အနွဲ့ကိုလည်း လေ့လာထားရပါမယ်။ လိုအပ်ရင် လိုအပ်သလို ဖွဲ့နွဲ့ရေးနိုင်ရပါမယ်။

ဒါပေမယ့် ကိုယ်ဘယ်လိုသဘောတရားတွေနဲ့ ရေးနေတယ်ဆိုတာတော့ သိဖို့လိုပါတယ်။ လိုအပ်မှ ဖွဲ့နွဲ့တာမျိုး မဟုတ်ပဲ မလိုအပ်ဘဲ ဖွဲ့နွဲ့နေမိရင် ကိုယ့်ရဲ့ စာတစ်အုပ်လုံး လိုရင်းမရောက်ပဲ အီလည်လည်ကြီးဖြစ်နေလိမ့်မယ်ဆိုတာ သိထားစေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အကြည်ဝက်



ကျွန်တော် ဒီစာစုကို ရေးသားခဲ့တာ အတော်ကလေးကြာခဲ့ပါပြီ။ ဒီအထဲမှာမှ ကျွန်တော်သိသလောက် တတ်သလောက် မှတ်သားခဲ့သလောက်ကို ပြန်ပြီးအကြမ်းဖျင်း ဖော်ပြတာ ဖြစ်ပါတယ်။ ဒါကိုမှ အသေးစိတ် ပြန်ရှင်းပြနေရရင် ဒီတစ်သက်ရှင်းလို့မကုန် ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် စာရေးချင်သူ မောင်မယ်များ အလွယ်ကူဆုံးနဲ့ အရှင်းလင်းဆုံး သိစေရန်သာ ဥပမာအနည်းငယ်နဲ့ တင်ပြရခြင်းဖြစ်ပါတယ်။

နောက်ပြီး ဒီစာစုများဟာ သောင်းပြောင်း ထွေလာရယ်စရာမဂ္ဂဇင်းမှာ လစဉ်ရေးသားခဲ့တဲ့ (တစ်လစီ ရေးသားခဲ့ရတဲ့ အတွက်) ရှေ့လက ကိုယ်ဘာရေးခဲ့မိမှန်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



အရင်လက ဘာအကြောင်းမှန်း မမှတ်မိနဲ့ ရမ်းသမ်းရေးနေရတဲ့အတွက် အချို့စာဆက် မမိနေတာမျိုးလည်း ဖြစ်နေပါတယ်။

ဒါပေမယ့် ဒါတွေအားလုံးဟာ ကျွန်တော့်ဘဝမှာ ကျွန်တော်သိသလောက် လေ့လာထားသလောက် ဟာသနဲ့ပတ်သက်တဲ့ အနုပညာအကြောင်းတွေသာ ဖြစ်ပါတယ်။

တချို့နေရာတွေမှာ ရှေးဆရာကြီးများရဲ့ အမိပ္ပါယ်ဖွင့်ဆိုချက်များကို ကိုးကားခဲ့သလို တစ်ခါတလေမှာလဲ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အယူအဆ၊ ကိုယ်တိုင်တွေ့ရှိထားချက်များကို ထည့်သွင်းထားပါတယ်။

ဒါကြောင့်။

မှားနိုင်ပါတယ်။ ဒါမျိုးမှ မရေးရင် မဖြစ်ဘူးဆိုတာမျိုးလည်း မဟုတ်ပါဘူး။ လိုအပ်ရင်တော့ ယူပါ။ မလိုအပ်ရင်တော့ ဖယ်ပစ်လိုက်ပါ။ ကျွန်တော်သိသမျှ သဘောတရားချည်းသာ ဖြစ်တဲ့အတွက် အချို့နေရာတွေမှာ ချို့တဲ့ကောင်း ချို့တဲ့နေပါလိမ့်မယ်။

ဘယ်လိုပဲပြစ်ဖြစ် ကျွန်တော့်ရဲ့ စာပေဖြတ်သန်းမှု နှစ်အပိုင်းအခြားအနည်းငယ်အတွင်းမှာ ကျွန်တော်သိရှိထားတဲ့ ကိုယ်ပိုင်အပိုင်းအစများသာ ဖြစ်တဲ့အတွက် လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ပါတယ်။

" မကြိုက်ဘူးကွာ " ဆိုလည်းရပါတယ်။

ဒီစာစုတွေကို ကျွန်တော်လူကြိုက်အောင်ရေးတာ မဟုတ်ပါဘူး။ စရေးကတည်းက စာစရေးမယ့် လူငယ်ကလောင်သစ်ကလေးတွေကိုသာ ရည်ရွယ်ထားတဲ့အတွက် ဘယ်သူတွေဘယ်လိုပဲပြောပြော ဒီစာအုပ်ကလေးကောင်းမှုကြောင့် တစ်ယောက်ယောက်ကများ စာရေးချင်စိတ်ပေါ်လာခဲ့ရင် ကျွန်တော်ရေးရကျိုးနပ်ပါပြီ။

အကယ်၍များ ဒီစာအုပ်ကိုဖတ်ပြီးသည့်တိုင် တစ်ယောက်ယောက်ကမှ စာရေးချင်စိတ်မပေါ်ခဲ့ရင်တော့ ဒါဟာစာပေမြစ်ပြင်ပေါ်ထင်ကျန်နေမယ့် ကျွန်တော့်(မြွေ) ခြေရာများလို့သာ သဘောထားပေးပါရန်နဲ့ အကြည်တော်လုပ်သွားတဲ့ အကောင်းဆုံး ဟာသအဖြစ်သာ။

အကြည်တော်